မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ ပြာသိုလပြည့်နေ့၊ ၂၀၀၆ ခုနှစ်၊ ဇန်နဝါရီ ၁၃ ရက်၊ သောကြာနေ့၊ အတွဲ(၄၄)၊ အမှတ်(၁၀၅)

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အာရပ်စော်ဘွားများပြည်ထောင်စု ဒုတိယသမ္မတနှင့် ဝန်ကြီးချုပ်အသစ်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

ရန်ကုန် ဇန်နဝါရီ ၁၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် အာရပ်စော်ဘွားများ ပြည်ထောင်စု ဒုတိယသမ္မတနှင့် ဝန်ကြီးချုပ်အသစ် ရှိတ် မိုဟာမက် ဘင် ရာဆစ် အယ်လ်-မာတွန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

အမျိုးသားညီလာခံလုပ်ငန်းများ အရှိန်အဟုန်ကောင်းစွာဖြင့် ပြီးမြောက်အောင်မြင်လျက်ရှိ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် အသေးစိတ်အခြေခံရမည့်မူများကို အောင်အောင်မြင်မြင်ချမှတ်နိုင်ခဲ့ ကျန်ရှိသောအခန်း(၇)ခန်းအတွက် လိုအပ်သည်များ လေ့လာပြင်ဆင်ဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၁၂

အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အစည်းအဝေး အမှတ်စဉ်(၁/၂၀၀၆)ကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း အနော်ရထာရိပ်သာရှိ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။ **(အောက်ပုံ)**

တက်ရောက်

အဆိုပါ အစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ ကော်မရှင်အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။ ***စာမျက်နှာ ၃ ကော်လံ ၁*** ■

မြန်မာ့အလင်း

ဆောင်းပါး အညွှန်း

ကြီးကြီးမြ - တရားစီရင်ဆုံးဖြတ်ကြရာမှာ ဆင်းရဲချမ်းသာမရွေး၊ ရာထူးနိမ့်မြင့်မရွေး၊ လူတန်းစားမရွေး နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသူအားလုံးအတွက် တရားဥပဒေတစ်မျိုးတည်းသာရှိသင့်တယ်မဟုတ်လား။ ဒါကြောင့်လည်း တရားစီရင်ရေးကဏ္ဍဆိုင်ရာ ဥပဒေပြုခွင့်တွေကို ပြည်ထောင်စုဥပဒေပြုစာရင်းမှာပဲ ထည့်သွင်းထားရတာဖြစ်တယ်။

စိုးမြကျော် - ကျွန်တော် လေ့လာမိသလောက် တချို့ပြည်ထောင်စုနိုင်ငံတွေမှာ ပြည်နယ်တစ်ခုက ပြဋ္ဌာန်းထားတဲ့ တရားစီရင်ရေးဥပဒေတွေနဲ့ တခြားပြည်နယ်တစ်ခုက ပြဋ္ဌာန်းထားတဲ့ တရားစီရင်ရေး ဥပဒေတွေမတူတာမို့ အဲဒီလိုကွာဟမှု၊ မတူညီမှုတွေကို မသမာသူတွေက သူတို့ကိုယ်ကျိုးအတွက် ခုတုံးလုပ် အသုံးချနေတာကြောင့် ပြဿနာတွေနဲ့ ရင်ဆိုင်နေရတယ်လို့ သိရပါတယ်။

ဘကြီးစိုး - အဲဒါတွေကြောင့်လည်း အမျိုးသားညီလာခံကော်မရှင်၊ လုပ်ငန်းကော်မတီနဲ့ ညီလာခံ ကိုယ်စားလှယ်ကြီးတွေက အဲဒီကမ္ဘာ့နိုင်ငံအသီးသီးရဲ့ အခြေအနေနဲ့သာဓကတွေကို လေ့လာသုံးသပ်ပြီး ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးအတွက် ချို့ယွင်းချက် အားနည်းချက် အနည်းဆုံးဖြစ်အောင်၊ အကောင်းဆုံးဖြစ်အောင် ကာကွယ်ရေးနဲ့ လုံခြုံရေးကဏ္ဍ၊ နိုင်ငံခြားရေးကဏ္ဍ၊ တရားစီရင်ရေးကဏ္ဍတို့ကို ပြည်ထောင်စုဥပဒေပြုစာရင်းမှာ ထည့်သွင်းချမှတ်ခဲ့ကြတာပဲဖြစ်တယ်။

စိုးမြကျော်၏ အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုမှုအသွင်သဏ္ဌာန်နှင့်အနှစ်သာရ အပိုင်း(၆) ဆောင်းပါး (စာ - ၈ နှင့် ၉)

နိုင်ငံတော်ပွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်)

လမ်း၊ တံတားများ ရေရှည်အသုံးပြုနိုင်ရန် ထိန်းသိမ်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်

နယ်မြေဒေသတစ်ခု၏ ဖွံ့ဖြိုးတိုးတက်ရေးတွင် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးသည် အခြေခံအကျဆုံး လိုအပ်ချက်ဖြစ်သည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ချောမွေ့သည်နှင့်အမျှ ကုန်သွယ်စီးပွားရေးလုပ်ငန်းများ၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်ပြီး ဒေသ၏စီးပွားရေးအခြေအနေများ ပိုမိုတိုးတက်ဖြစ်ထွန်းလာမည်ဖြစ်သည်။ ထို့အတူ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအခြေအနေများသည်လည်း တစ်ပြိုင်တည်း တိုးတက်မြင့်မားလာမည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက ပြည်ထောင်စုတစ်ဝန်းလုံးတွင် ပြည်နယ်၊ တိုင်းနယ်မြေဒေသများအလိုက် ရေကြောင်း၊မြေကြောင်းဆက်စပ်လာပြီး လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေး အစီအမံများကို စနစ်တကျ ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံတော်၏ အရှေ့နှင့်အနောက်၊ တောင်နှင့်မြောက် ပြည်ထောင်စု၏အစိတ်အပိုင်းအားလုံး ဆက်သွယ်မိစေရန် မဟာဗျူဟာချမှတ်ပြီး ကားလမ်းနှင့် ရထားလမ်းများကို တိုးချဲ့ဖောက်လုပ်ပေးလျက်ရှိသည်။ ကားလမ်း၊ ရထားလမ်းသစ်များနှင့်အတူ တံတားကြီးငယ်အသွယ်သွယ်ကိုလည်း တည်ဆောက်ပေးလျက်ရှိသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁၄)က မန္တလေးတိုင်း ကျောက်ဆည်ခရိုင် စဉ့်ကူမြို့နယ် ပလိပ်-တံတားဦးလမ်း မိုင်တိုင် (၄/၆)၌ ပန်းလောင်မြစ်ကိုဖြတ်၍ တည်ဆောက်ထားသည့် ပန်းလောင်တံတားဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာလ၃၀ရက်နေ့ နံနက်ပိုင်းက အဆိုပါတံတားဖွင့်ပွဲ မဏ္ဍာပ်၌ ကျင်းပသည်။

ပန်းလောင်တံတားသည် ပေ၄၀၀ရှည်ပြီး ယာဉ်တစ်စီးချင်း တန်၆၀ခံနိုင်ဝန်ရှိသည့် နှစ်လမ်းမောင်းကြိုးတင်အားဖြည့် ကွန်ကရစ်တံတားကြီး ဖြစ်သည်။ သံကူကွန်ကရစ် ရေတွင်းခွေအုတ်မြစ်နှင့်အောက်ထည် သံကူကွန်ကရစ်အပေါ်တွင် တည်ဆောက်ထားပြီး ခန်းဖွင့်ဖွဲ့စည်းပုံ ပေ၅၀ ခြောက်ခန်းနှင့် ပေ၁၀၀ တစ်ခန်း ပါဝင်သည်။ တံတားအကျယ် ၂၄ ပေနှင့် တစ်ဖက်တစ်ချက်စီတွင် လူသွားလမ်းသုံးပေစီပါဝင်သည်။ ပန်းလောင်တံတား တည်ဆောက်မှုအတွက် ကုန်ကျစရိတ်မှာ ပြည်တွင်းငွေကျပ်သန်းပေါင်း၁၄၀နှင့် နိုင်ငံခြားငွေ အမေရိကန် ဒေါ်လာ၀ဒသမ၀၀၇သန်း ဖြစ်ကြောင်းသိရသည်။

တပ်မတော်အစိုးရ လက်ထက်တွင် တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည့် ပေ၁၈၀အထက် တံတားကြီးများအနက် ပန်းလောင်တံတားသည် အစင်း၂၁၀မြောက် တံတားဖြစ်သည်။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူတည်ဆောက်ခဲ့သည့် တံတားများအနေဖြင့် အစင်း၁၉၀မြောက် တံတားဖြစ်သည်။

မန္တလေးတိုင်းအနေဖြင့် ၁၉၈၈ခုနှစ်မတိုင်မီက ပေ၁၈၀နှင့်အထက် တံတားကြီး ၁၈စင်းသာရှိခဲ့ပြီး ယနေ့အထိ တံတားကြီး၂၇စင်း တည်ဆောက်ပေးခဲ့ပြီးဖြစ်သည့်အတွက် တံတားကြီးကိုးစင်း တိုးတက်တည်ဆောက်ပေးခဲ့ပြီးဖြစ်သည်။ တည်ဆောက်ဆဲ တံတားကြီးငါးစင်းရှိသည်။

ဤတံတားဖွင့်လှစ်သည့်အတွက် မုံရွာ-ရွှေဘိုဘက်မှ မောင်းနှင်လာသော မော်တော်ယာဉ်များသည် မြစ်ငယ်မြို့ဘက်မှတစ်ဆင့် ကွေ့ပတ်မောင်းနှင်ရန်မလိုတော့ဘဲ မန္တလေး အပြည်ပြည်ဆိုင်ရာ လေဆိပ်ကို အလွယ်တကူသွားရောက်နိုင်ပြီး ပလိပ်မြို့မှတစ်ဆင့် ရန်ကုန်-မန္တလေး လမ်းမကြီးပေါ်ကိုလည်း ဖြတ်လမ်းတစ်ခုအနေဖြင့် သွားလာနိုင်ပြီ ဖြစ်သည်။

ဤတံတားကို ဖွင့်လှစ်ပေးခြင်းဖြင့် ပလိပ်နှင့်တံတားဦးကို မော်တော်ကားဖြင့် အချိန်တိုစွာ သွားလာနိုင်၍ ဤဒေသအတွက် လမ်းကြောင်းသစ်တစ်ခု ဖွင့်လှစ်နိုင်ခြင်းကြောင့် ဒေသခံတိုင်းရင်းသားပြည်သူများအတွက် လူမှုရေး၊ စီးပွားရေး၊ အကျိုးရလဒ်ကောင်းများ တိုးပွားဖြစ်ထွန်းလာပေသည်။

ပြည်သူများအပိုင်းက ရရှိဖြစ်ထွန်းနေပြီဖြစ်သည့် ငြိမ်းချမ်းသာယာမှု၊ တည်ငြိမ်အေးချမ်းမှု၊ ပေါင်းစည်းညီညွတ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများ ရေရှည်တည်တံ့ခိုင်မြဲပြီး ဆက်လက်တိုးပွားဖြစ်ထွန်းစေရေး ဘေးပယောဂများကို ရှောင်ရှားပြီး နိုင်ငံတော်အစိုးရနှင့် လက်တွဲကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ဒေသခံပြည်သူများအနေဖြင့် လမ်း၊တံတားများကို ရေရှည်အသုံးပြုသွားနိုင်စေရန် ထိန်းသိမ်းစောင့်ရှောက်ရင်း နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ဗဟန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ ဇန်နဝါရီ ၉ ရက်က အမက (၂၁) ဗဟန်းတွင် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ ဖွင့် ပွဲ ကျင်း ပ ရာ မြို့နယ် ဦးစီးမှူး ဒေါ်ခင်ဌေး နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံ ပုသိမ်မြို့နယ်တွင် လမ်းသစ်ဖွင့်ပွဲများကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၂

အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံသောအားဖြင့် ဧရာဝတီတိုင်း ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးသော ပုသိမ်မြို့ ကမ်းနားလမ်းအပိုင်း(၁) ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၇ ရက် နံနက်၇နာရီက ကျင်းပရာ အခမ်းအနားသို့ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွှန့်၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မီးသတ်နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

လှည့်လည်စစ်ဆေး

ရှေးဦးစွာ ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးစိုးထွန်းထွန်းက ကမ်းနားလမ်းအပိုင်း (၁)နှင့်ပတ်သက်သော အခြေအနေများကို ရှင်းလင်းတင်ပြပြီး လမ်းသစ်ကို ပုသိမ်မြို့နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးလွင်၊ ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးထွန်းထွန်းနှင့် ဒေသခံပြည်သူ ဦးစိုင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် လမ်းသစ်ကို လှည့်လည်စစ်ဆေးကြည့်ရှုသည်။

အဆိုပါ ကမ်းနားလမ်း အပိုင်း(၁)ကို စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၁၀၁ သိန်း၊ ပြည်သူများက ပူးပေါင်းထည့်ဝင်ငွေကျပ် သိန်း၁၂၀၊ စုစုပေါင်း ကျပ် ၂၂၁ သိန်းဖြင့် လမ်းအရှည် ၄၅၃၅ ပေ၊ အကျယ် ၂၄ ပေအား ကတ္တရာလမ်းခင်း ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယင်းလမ်းမှာ နှစ်စဉ်ရေလွှမ်းမိုးမှုဒဏ်ကို ခံနေရပြီး လမ်းပျက်စီးမှုကြောင့် လမ်းနေပြည်သူများ အခက်အခဲများစွာ ကြုံနေတွေ့နေရ၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် လမ်းနေပြည်သူတို့ ပူးပေါင်းကာ အပိုင်းလိုက်ခွဲ၍ လမ်းအဆင့်မြှင့်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံသောအားဖြင့် ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဦးဆောင်သည့် ပုသိမ်မြို့ ဆရာဝန်များအသင်းခန်းမ၌ ကျင်းပသည့် စုပေါင်းသွေးလှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါ အခမ်းအနားတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မီးသတ်နှင့်ကြက်ခြေနီတပ်ဖွဲ့ဝင်များ စုစုပေါင်း ၄၀တို့က သွေးလှူဒါန်းခဲ့ကြပြီး တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် သွေးလှူဒါန်းသူများအား လိုက်လံကြည့်ရှုအားပေးကာ **(အပေါ်ပုံ)** ကြက်ဥနှင့် အလှူငွေများအား သွေးလှူရှင်တစ်ဦးချင်းစီသို့ ပေးအပ်ခဲ့သည်။

ထို့နောက် ဝန်ကြီးသည် ကန်ကြီးထောင့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသည့် ကန်ကြီးထောင့်-ဘဲဂရက်လမ်း အရှည် တစ်မိုင်၊ အကျယ် ၁၄ပေ ကတ္တရာလမ်းခင်းနေမှုလုပ်ငန်းခွင်သို့ ရောက်ရှိရာ ကန်ကြီးထောင့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှသိန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်ထွေးတို့က ရှင်းလင်းတင်ပြမှုအပေါ် ဝန်ကြီးက လမ်းအား အရည်အသွေးကောင်းမွန်ရေး၊ သတ်မှတ်ချိန်အတွင်း ပြီးစီးရေးနှင့် အလေအလွင့်မရှိ သုံးစွဲရေးတို့အား မှာကြားခဲ့သည်။

ကျုံ့ခရင်တံတား

အဆိုပါလမ်းသည် ဘဲဂရက်ဘူတာရုံသို့ သွားလမ်းဖြစ်ပြီး ယခင်က သွားလာရေးခက်ခဲသဖြင့် စည်ပင်သာယာရေးဦးစီးဌာနမှ ရန်ပုံငွေကျပ် သိန်း ၁၈၀ဖြင့် ဆောင်ရွက်လျက်ရှိသည်။ ဆက်လက်၍ ဝန်ကြီးသည် ပန်းတနော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်နေသော အင်းမ-ခရေကန်-ဓနော် ကျေးလက်မြေသားလမ်းပေါ်ရှိ ကျုံ့ခရင် သစ်သားတံတား(အရှည် ၁၀၈ပေ အကျယ် ၁၂ပေ၊ အမြင့် ၁၅ပေ)တည်ဆောက်ရာသို့ ရောက်ရှိရာ ပန်းတနော် မြို့နယ် စည်ပင်သာယရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်သန်းလွင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ဇင်ဝေတို့က တံတားတည်ဆောက်နေမှုအား မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြရာ ဝန်ကြီးက တံတားအား အရည်အသွေးနှင့် ခံနိုင်ဝန်ရှိရေး၊ ချောင်းအတွင်း စက်လှေများ လွယ်ကူစွာ ဖြတ်သန်းသွားလာနိုင်ရေး မှာကြားခဲ့သည်။

အဆိုပါ ကျုံ့ခရင် သစ်သားတံတားအား စည်ပင်သာယာရေးဦးစီးဌာနမှ ရန်ပုံငွေကျပ် သိန်း ၁၁၀ ခွင့်ပြုပေးခဲ့ခြင်း ဖြစ်သည်။ ၎င်းလမ်းမှာ အရှည် ၁၁မိုင် ၂ဖာလုံ၊ အကျယ်၁၆ပေရှိသော မြေသားလမ်းဖြစ်ကြောင်းနှင့် ဆက်လက်၍ စည်ပင်သာယာရေး ဦးစီးဌာနမှ အဆင့်မြှင့်တင်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

■ ရှေ့ဖုံးမှ

အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်တွဲဖက်အတွင်းရေးမှူး (၂) ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက ဆောင်ရွက်သည်။

ပြီးမြောက်အောင်မြင်

ရှေးဦးစွာ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် အမျိုးသားညီလာခံကို ၂၀၀၅ ခုနှစ် ဒီဇင်ဘာ ၅ ရက်နေ့မှစတင်ကျင်းပခဲ့ရာ ၂၀၀၆ ခုနှစ် ဇန်နဝါရီ ဒုတိယပတ်အတွင်းသို့ ရောက်ရှိလာပြီဖြစ်၍ ယခုညီလာခံကာလသည် ရက်သတ္တပတ် ငါးပတ်ကျော်ရှိခဲ့ပြီ ဖြစ်ကြောင်း၊ အမျိုးသားညီလာခံ လုပ်ငန်းများသည်လည်း အရှိန်အဟုန်ကောင်းစွာဖြင့် ပြီးမြောက်အောင်မြင်လျက်ရှိကြောင်း။

၂၀၀၄ ခုနှစ်မှစတင်၍ ကျင်းပလာခဲ့သည့် အမျိုးသားညီလာခံတွင် ဆောင်ရွက်ပြီးစီးခဲ့သည့်လုပ်ငန်းများကို ပြန်လည်သုံးသပ်မည်ဆိုပါက နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါဝင်မည့်ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ၊ အုပ်ချုပ်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ် အခြေခံရမည့်မူများနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများကို အောင်အောင်မြင်မြင် ချမှတ်နိုင်ခဲ့ပြီး ဖြစ်ကြောင်း။

ဆွေးနွေးအကြံပြု

ထို့ပြင် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းများအတွက်ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီက ညီလာခံသို့ ရှင်းလင်းတင်ပြခဲ့ပြီး ထိုရှင်းလင်းတင်ပြချက်များအပေါ် အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့ ရှစ်ဖွဲ့တို့က ၎င်းတို့၏ ဆွေးနွေးအကြံပြုချက်များကိုအမျိုးသားညီလာခံသို့ အသီးသီးပြန်လည်တင်ပြခဲ့ကြပြီးဖြစ်ကြောင်း။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များဆိုင်ရာ အခန်းကဏ္ဍအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ရေးနှင့် စပ်လျဉ်း၍လည်းကောင်း၊ တပ်မတော်အခန်းကဏ္ဍအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ရေးနှင့် စပ်လျဉ်း၍လည်းကောင်း၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီက ညီလာခံသို့ ရှင်းလင်းတင်ပြခဲ့ပြီး ထိုရှင်းလင်းတင်ပြချက်အပေါ် အမျိုးသား ညီလာခံကိုယ်စားလှယ် အစုအဖွဲ့ ရှစ်ဖွဲ့တို့က မိမိတို့အစုအဖွဲ့အလိုက် ဆွေးနွေးညှိနှိုင်းကြကာ အကြံပြုချက်စာတမ်းများကို ပြုစုလျက်ရှိကြကြောင်း။

လေ့လာပြင်ဆင်ဆောင်ရွက်

မိမိတို့ကော်မရှင်အနေဖြင့် အမျိုးသားညီလာခံသို့ ဆက်လက်တင်ပြသွားရန်ရှိသည့် ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းနှင့် အထွေထွေပြဋ္ဌာန်းချက်များအခန်းဆိုသည့် ကျန်ရှိသောအခန်းခုနစ်ခန်းအတွက် လိုအပ်သည်များ လေ့လာပြင်ဆင် ဆောင်ရွက်ထားရန်ရှိကြောင်း။

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှု ကော်မတီတို့ အနေဖြင့် မိမိတို့လုပ်ငန်း တာဝန်များကို အမျိုးသားညီလာခံ အောင်မြင်ပြီးဆုံးသည့်အထိ တက်ညီလက်ညီပူးပေါင်းဆောင်ရွက်သွားကြရန်နှင့် အမျိုးသားညီလာခံကိုယ်စားလှယ်များ၏ နေထိုင်စားသောက်ရေး၊ ကျန်းမာရေးတို့မှအစ အစစအရာရာ အဆင်ပြေချောမွေ့အောင် စီမံဆောင်ရွက်ပေးကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ကော်မရှင်အဖွဲ့ဝင်များက အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်သို့ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီက တင်ပြသည့် စာတမ်းများကို လေ့လာဆွေးနွေးကြပြီး အမျိုးသားညီလာခံသို့ ဆက်လက်တင်ပြသွားရန်ရှိသည့် ကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းကြသည်။

ယင်းနောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကိုဖြည့်စွက်ဆွေးနွေးမှာကြားပြီး နံနက်၁၁နာရီခွဲတွင် အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

(၆၁)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ထွန်းလာရေးအတွက် ပြည်သူတို့နှင့်အတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ကျရာတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရေး။

၃။ နိုင်ငံတော်၏ အန္တရာယ်မှန်သမျှကို ပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ပြည့်ဝသော ခေတ်မီတပ်မတော် တည်ဆောက်ရေး။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အသိပညာပေး ဟောပြောပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၂

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကကြီးမှူးကျင်းပသော အသိပညာပေးဟောပြောပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီး ရေးရာအဖွဲ့ချုပ်မှ ဌာနကြီးမှူးများဖြစ်ကြသော ဒေါက်တာဒေါ်ညွှန့်ညွှန့်ဦးနှင့် ဒေါက်တာဒေါ်ခင်ဆန်းနွယ်၊ အမျိုးသမီး ရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်း၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်များ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ အမျိုးသမီးရေးရာအဖွဲ့ဝင်ဝန်ထမ်းများနှင့် မိသားစုဝင်အမျိုးသမီးများ စုစုပေါင်း ၃၀၀ တက်ရောက်ကြသည်။

ရှေးဦးစွာ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး၏ဇနီးဒေါက်တာ ဒေါ်ဝေဝေသာကနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး၏ဇနီးဒေါက်တာ ဒေါ်ဝေဝေသာက အမျိုးသမီးရေးရာအဖွဲ့ ဝင်ခွင့်လျှောက်ထားသူ၃၇ဦး အတွက် လျှောက်လွှာများကို ပေးအပ်ရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာဒေါ်ညွှန့်ညွှန့်ဦးကလက်ခံယူသည်။ **(ဝဲပုံ)**

အသိပညာပေးဟောပြော

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီး ရေးရာအဖွဲ့ချုပ်မှ စည်းရုံးရေးရာ ဌာနကြီးဒုတိယခေါင်းဆောင်ဒေါ်သိန်းသိန်းညွှန့်က **“ပြဋ္ဌာန်းဥပဒေများနှင့် အမျိုးသမီးများ၏အခွင့်အရေး”** ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သွေးကပြောသော တာဝန်

အခြေခံဥပဒေ၊
အမြုတေတည့်၊
ပြုပေနှိုင်းဆ၊
အသက်တမျှ။
အသက်တမျှ၊
အနှဂ္ဂတည့်၊
ခက်မသုံးဖြာ၊
ပေါ်ထွက်လာ၏၊
ပမာတင်သော်၊
မိခင်မြန်မာ၊
သားသုံးဖြာသို့၊
ရေးရာဖော်ညွှန်း၊
တင်မော်ကွန်းတည့်။
‘‘ဥပဒေပြုရေး၊
အုပ်ချုပ်ရေးနှင့်
တရားစီရင်ရေး’’
သည်သုံးရေးကား၊
သွေးရင်းသားချင်း၊
ညီကိုရင်းသို့၊
ချင်းချင်းပြန်လှန်၊
တည့်မတ်ရန်မို့၊
အခြေခံဥပဒေ၊
ပေါ်ထွန်းစေရန်၊
ညီလာခံကို၊
ထောက်ခံပြည်သူ၊
ရည်တူဆန္ဒ၊
ဖော်ထုတ်ကြသည်၊
သွေးကပြောသောတာဝန်တည်း။ ။

(အမျိုးသားညီလာခံကို ကြိုဆိုဂုဏ်ပြုလျက်...)

တက္ကသိုလ်တင်ခ

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၇ခုနှစ် ပြာသိုလပြည့်နေ့(ဥပုသ်နေ့)
၁၃–၁–၂၀၀၆ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၆။ လှုပ်ရှားပုံပြင် စိတ်ပျော်ရွှင်
၈:၀၅ ၇။ အတီးပြိုင်ပွဲ
၈:၁၀ ၈။ ကြေးမုံရိပ်သွင်တေးနုယဉ်
၈:၂၀ ၉။ မင်းလှရေလျောင်တမံ
၈:၂၅ ၁၀။ အဆိုပြိုင်ပွဲ
၈:၃၀ ၁၁။ International News
၈:၄၅ ၁၂။ English for Everyday Use

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ Practice in Reading
၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
၁၇:၀၀ ၅။ အတီးပြိုင်ပွဲ
၁၇:၀၅ ၆။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (အထူးပြုအားလုံး) (အင်္ဂလိပ်စာ)
၁၇:၂၀ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၁၇:၃၅ ၈။ အကပြိုင်ပွဲ
၁၇:၄၀ ၉။ **“မပြောမပြီး မတီးမမြည်”** နေရဲလင်း၊ မောင်မောင်မြင့်၊ ရှင်ဖုန်းအိမ့်ချယ်၊ ဖိုးဇော်၊ ခိုင်စုသွယ် (ဒါရိုက်တာ–မောင်မောင်မြင့်)
၁၈:၀၀ ၁၀။ ညနေခင်းသတင်း
၁၈:၃၀ ၁၁။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၂။ သုတစုံလင် ရွှေဉာဏ်ရှင်
၁၉:၁၅ ၁၃။ ပသာဒအလှနှင့် ရေကူးအက
၁၉:၃၀ ၁၄။ နှောင်းခေတ်တေးပဒေသာ
၂၀:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ မြန်မာဗီဒီယိုဇာတ်လမ်း **“ကူညီချင်လွန်းလို့”** (အပိုင်း–၂) လွင်မိုး၊ အိန္ဒြာကျော်ဇင် (ဒါရိုက်တာ–ကျော်ဇောလင်း)
၁၉။ မင်းကွန်းဆရာတော်ဘုရားကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်

မြဝတီရုပ်မြင်သံကြား

၁၃–၁–၂၀၀၆ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြပဟန်ဂီတသံ
၄:၂၀ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၃၀ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၄၀ ၆။ မျိုးချစ်တပ်မတော်
၄:၅၀ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
၅:၄၅ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
၆:၂၀ ၁၁။ မိုးလေဝသသတင်း
၆:၂၅ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၃။ ကာတွန်းအစီအစဉ် **“ပါကျဲ”** (အပိုင်း–၃)
၆:၄၀ ၁၄။ လျှပ်တစ်ပြက်
၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“နေခြည်ဖြာမှ”** (အပိုင်း–၁)
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၁၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ပါရမီရှင်သိုင်းလုလင်”** (အပိုင်း–၁၀)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီရုံးခန်းတွင် အမှတ်(၁) သလ္လာဝတီလမ်း ၇မိုင် မရမ်းကုန်းမြို့နယ်နေ ဒုတိယဗိုလ်မှူးကြီးကိုကို(ငြိမ်း)–ဒေါ်လှလှမြ မိသားစုက ဒေါ်လှလှမြမွေးနေ့အလှူအဖြစ် အလှူငွေကျပ် ၁၁၀၀၀၀ကို ဘဏ္ဍာရေးမှူး ဦးချေးမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မြို့ကြီးများ၌ လူဦးရေထူထပ်မှု လျှော့ပါးစေရန် မော်ရိုကို၌ မြို့သစ်တစ်ဒါဇင်ကျော် တည်ဆောက်မည်

ရာဘတ် ဇန်နဝါရီ ၁၂

မော်ရိုကိုနိုင်ငံရှိ မြို့ကြီးများတွင် လူနေထူထပ်မှု လျှော့ပါးသက်သာစေရန် မြို့သစ်တစ်ဒါဇင်ကျော် ပထမဆုံးအကြိမ် ဖော်ထုတ်သွားမည်ဖြစ်ကြောင်း၊ ဆင်းရဲသားရပ်ကွက်သစ်များ ယခုနှစ်တွင် နေရာချထားပေးမည်ဖြစ်ကြောင်း အိမ်ရာဝန်ကြီး အာမက်တော်ဖစ်ဟေဂျီရာက ရိုက်တာသို့ ပြောကြားသည်။

ရပ်ကွက်များအတွင်း လူနေထူထပ်လာ၍ အိမ်ဈေးနှုန်းမြင့်မားမှုများ ဖြစ်စေခဲ့ကြောင်း၊ ယင်းပြဿနာများကို ဖြေရှင်းနိုင်ရန်အတွက် မြို့သစ်စီမံကိန်းများ ဖော်ထုတ် တည်ဆောက်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

နေရာချထား

ယင်းကဲ့သို့ မြို့သစ်များ ဖော်ထုတ် နေရာချထားပေးခြင်းဖြင့်သာလျှင် မြို့ကြီးများ လူနေထူထပ်မှုကို လျှော့ပါးစေနိုင်ကြောင်း၊ မြို့သစ်များ ပေါ်ပေါက်လာ၍ လူနေမှုအဆင့်အတန်းလည်း မြင့်မားလာစေမည်ဖြစ်ကြောင်း ဟေဂျီရာက ရိုက်တာသို့ ဇန်နဝါရီ ၉ရက်က ပြောကြားခြင်းဖြစ်သည်။

၎င်းအစီအစဉ်အရ မော်ရိုကိုနိုင်ငံက ၂၀၂၀ ပြည့်နှစ်အထိ နှစ်စဉ် မြို့သစ်တစ်မြို့စီကို ဖော်ထုတ်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ မြို့သစ်များ ဖော်ထုတ်ရေးအတွက် အစိုးရနှင့် စီးပွားရေးလုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြို့သစ်များတွင် တန်ဖိုးနည်းအိမ်ရာစီမံကိန်းများကိုပါ ထည့်သွင်းတည်ဆောက်ပေးမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ထိုးကျသွား

ယင်းကဲ့သို့ ဆောင်ရွက်လိုက်ခြင်းဖြင့် မြို့ကြီးများရှိ အိမ်ဈေးနှင့် မြေဈေးများ သုံးပုံနှစ်ပုံ ထိုးကျသွားခဲ့ကြောင်းဖြင့်လည်း ဟေဂျီရာက ပြောကြားသည်။

ဖော်ထုတ်

မော်ရိုကိုနိုင်ငံရှိ မာရာကက်ရှ်၊ ရာဘတ်၊ ကာဆာဘလင်ကာနှင့် အဂါဒီယာစသော မြို့ကြီးများ၏ အနီးဝန်းကျင်တွင် မြို့သစ်များ ဖော်ထုတ်သွားမည်ဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ

တာဂျစ်ကစ္စတန်၌ မိဘမဲ့ကလေးဂေဟာမီးလောင် ကလေး ၁၃ ဦးသေဆုံး

ဒူရှန်ဘီ ဇန်နဝါရီ ၁၂

တာဂျစ်ကစ္စတန်နိုင်ငံ မြို့တော် ဒူရှန်ဘီရှိ မိဘမဲ့ ဂေဟာတစ်ခု၌ ဇန်နဝါရီ၈ရက်က မီးလောင်မှုတစ်ရပ်ဖြစ်ပွားရာ ကလေး ၁၃ဦး သေဆုံးသွားကြောင်း ဒူရှန်ဘီမြို့ရှိ မီးသတ်အရာရှိများက ပြောကြားသည်။

မိဘမဲ့ကလေးဂေဟာ တစ်ခု မီးလောင်မှုကြောင့် ကလေးငယ် ၁၃ ဦးသေဆုံးခဲ့ပြီး အခြားကလေးငယ် ၇၉ဦးကို ကယ်တင်နိုင်ခဲ့ကြောင်း၊ ယင်းကလေးငယ်များအနက် တစ်ဦးကို ဆေးရုံသို့တင်ပို့ပြီး ဆေးကုသမှုခံနေကြောင်း တာဂျစ်ကစ္စတန်နိုင်ငံ ကျန်းမာရေးဝန်ကြီး နူစရက်တူလိုဖိုင်ဇူယက်ဗ်က ပြောကြားသည်။

ယခုကဲ့သို့ မီးလောင်မှုဖြစ်ပွားရခြင်းနှင့် ပတ်သက်၍ မည်သို့ ဖြစ်ပွားရသည်ကို သတင်းမရသေးကြောင်း၊ မီးလောင်မှုဖြစ်ပွားသည့် မိဘမဲ့ဂေဟာမှာ မြို့လယ်တွင်ရှိသော်လည်း အကူအညီပေးရန်အတွက် လာရောက်မှုမှာ အချိန်ကြာမြင့်ခဲ့ကြောင်း မျက်မြင်တွေ့ရှိသူ တစ်ဦးက ပြောကြားသည်။

မီးလောင်မှုဖြစ်ပွားရာသို့ မီးသတ်သမားများမှာ အချိန်တစ်နာရီခန့် ကြာမြင့်ပြီးမှ ရောက်ရှိလာကြောင်း သိရသည်။ **အမ်အင်အေ၊ ရိုက်တာ**

ရေလွှမ်း

အင်ဒိုနီးရှားနိုင်ငံ အရှေ့ ဂျာဗားပြည်နယ်တွင် ရေလွှမ်းခံရသော နေအိမ်များအား စွန့်ခွာနေကြသူများကို ဇန်နဝါရီ ၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

တရုတ်သိပ္ပံပညာရှင်နှစ်ဦးအား အမြင့်ဆုံးသိပ္ပံနှင့် နည်းပညာဆုချီးမြှင့်

ပေကျင်း ဇန်နဝါရီ ၁၂

တရုတ်နိုင်ငံသည် ယင်း၏ သိပ္ပံနှင့်နည်းပညာဆုကို လေထုဆိုင်ရာ ရူပဗေဒပညာရှင် ရီဒူကျန်းနှင့် အသည်းခွဲစိတ်ပညာရှင် ဝူမင်ချောတို့အား အဌမနှင့် နဝမမြောက် တရုတ်သိပ္ပံပညာရှင်ဆုအဖြစ် ပေကျင်းမြို့၌ ဇန်နဝါရီ ၉ရက်၌ ပေးအပ်ချီးမြှင့်ခဲ့သည်။ တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်က အဆိုပါဆုကို စတုတ္ထအကြိမ် သိပ္ပံနှင့် နည်းပညာအစည်းအဝေး၌ ဇန်နဝါရီ ၉ရက်က ကြေညာလိုက်ခြင်းဖြစ်သည်။

တွေ့ရှိ

ရီနှင့်ဝူတို့သည် သိပ္ပံနှင့်နည်းပညာဆုရရှိခြင်းအတွက် ယွမ်ငွေ ငါးသန်းစီ (အမေရိကန်ဒေါ်လာ ၆၀၀၀၀၀) ရရှိခဲ့ကြသည်။ ရီသည် ၁၉၁၆ခုနှစ်တွင် မွေးဖွားပြီး ထိုနှစ်က တရုတ်နိုင်ငံသည် ရာသီဥတုမှတ်တမ်းတစ်ရပ်ကို စတင်ထားရှိခဲ့သည်။ အသက် ၉၀အရွယ်ရှိပြီဖြစ်သည့် အဆိုပါ သိပ္ပံပညာရှင်သည် တိဗက်ကုန်းမြေ၏ အရေးပါမှုကို ပထမဆုံး တွေ့ရှိခဲ့သည့် ပုဂ္ဂိုလ်ဖြစ်သည်။

ပေးအပ်

ဧရိယာစတုရန်းကီလိုမီတာ ၂၁သမ ၅သန်းကျယ်ဝန်းသော အဆိုပါ ကုန်းမြေမြင့်သည် နွေရာသီတွင် ပူရသည့်အကြောင်းရင်းနှင့် ဆောင်းတွင်အေးရသည့်အကြောင်းရင်းကို ရီက လေ့လာသိရှိခဲ့သည်။ ၎င်းသည် ၂၀၀၄ခုနှစ်က ကမ္ဘာ့မိုးလေဝသအဖွဲ့က အမြင့်ဆုံးဆုကို ပေးအပ်ခြင်းခံရသူလည်း ဖြစ်သည်။

ထမ်းဆောင်

အသည်းနှင့်သည်းခြေ ခွဲစိတ်ပညာရှင်ဝူသည် တရုတ်ခွဲစိတ်ဆေးဘက်ဆိုင်ရာ အသင်း၏ ဒုတိယဥက္ကဋ္ဌနှင်ကြားရေးမှူးဖြစ်သည်။ ၎င်းသည် တရုတ်–ဂျာမန် ဆေးဘက်ဆိုင်ရာအသင်း၏ ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ တရုတ်–ဂျပန် ခွဲစိတ်အဖွဲ့နှင့် နိုင်ငံတကာခွဲစိတ်အဖွဲ့ဝင်တစ်ဦးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။

အမ်အင်အေ၊ ဆင်ဟွာ

အီရတ်သမ္မတရာထူးတွင် ထပ်မံခန့်အပ်ရန် သမ္မတ တာလာဘာနီအား အဆိုပြု

ဘဂ္ဂဒက် ဇန်နဝါရီ ၁၂

အီရတ်နိုင်ငံ၏ အင်အားကြီးသော ကာ့ဒ်မဟာမိတ်အဖွဲ့က တာလာဘာနီအား အီရတ်သမ္မတရာထူးတွင် ဒုတိယသက်တမ်းအတွက် ခန့်ထားရန် အဆိုပြုလိုက်ကြောင်း ကာ့ဒ်အရာရှိ ဘာဟမ်ဆာလီက ဇန်နဝါရီ ၈ရက်က ပြောကြားသည်။

သဘောတူညီ

မိမိတို့သည် ယမန်နေ့က အစည်းအဝေး ပြုလုပ်ကြောင်း၊ တိုင်းပြည်အတွင်း အဓိက ရာထူးတစ်နေရာရာတွင် သမ္မတ တာလာဘာနီအား ခန့်ထားရေးအဆိုပြုရန် သဘောတူညီလိုက်ကြကြောင်း အဆိုပါ ကာ့ဒ်အရာရှိ ဆာလီက ရိုက်တာသို့ ပြောကြားသည်။

ကြိုးပမ်းမည့်လက္ခဏာမရှိ

ကာ့ဒ်မဟာမိတ်အဖွဲ့၏ အဆိုပြုချက်ကို အီရတ်နိုင်ငံမှ အခြားသော နိုင်ငံရေးပါတီကြီးများက ဟန့်တားရန် ကြိုးပမ်းမည့် လက္ခဏာမရှိကြောင်း နိုင်ငံရေးသတင်းရပ်ကွက်က ပြောကြားသည်။

ပြီးခဲ့သည့်လက ရွေးကောက်ပွဲတွင် အမတ်နေရာအများစု အနိုင်ရရှိသည့် ဆွန်နီအစ္စလမ္မာမ် မဟာမိတ်အဖွဲ့က ဝန်ကြီးချုပ်ရာထူးကို စိတ်ဝင်စားကြောင်း ထုတ်ဖော်ကြေညာပြီးဖြစ်သည်။ တာလာဘာနီအား သမ္မတ ခန့်ထားရေးကို တားဆီးရန် အစိုးရ အဖွဲ့သစ် အတွင်းတွင် အခြား မည်သည့် ပါတီ၊ သို့မဟုတ် ညွန့်ပေါင်း အဖွဲ့မျှ အင်အားမရှိကြောင်းကို စောင့်ကြည့်ရဦးမည်ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ

ပြောက်ကျားတို့ အန္တရာယ်ကာကွယ်ရန် အီရတ်မြောက်ပိုင်း ဆီနီယာမြို့ကို သံတမံတည်ဆောက်

ဆီနီယာ ဇန်နဝါရီ ၁၂

အီရတ်နိုင်ငံ မြောက်ပိုင်း အဓိကရေနံချက်စက်ရုံအနီးတစ်ဝိုက် ကင်းလှည့်သည့်အခါ အမေရိကန်တပ်ဖွဲ့ဝင်များကို နေ့စဉ်လိုပင် ဗုံးခွဲတိုက်ခိုက်ခံနေရသည့်အတွက် ဆီနီယာတစ်မြို့လုံးကို သံတမံကာရန် စီစဉ်လျက်ရှိသည်။

ကာရံ

ရေနံချက်စက်ရုံတည်ရှိရာ ဘေဂျီမြို့နှင့် ကပ်လျက်ရှိသော ဆီနီယာမြို့ ပတ်လည်တွင် အမေရိကန်စစ်တပ်က မြေညှိစက်ကြီးများဖြင့် သံတမံ စတင်တည်ဆောက်လျက်ရှိသည်။ လုပ်ငန်းပြီးစီးလျှင် မြို့ပတ်လည်၌ ၁၀ ကီလိုမီတာရှည်ပြီး ၂မီတာကျော်အထိမြင့်မည် ဖြစ်ကြောင်း သိရသည်။

ပြောက်ကျားများ မခိုနိုင်အောင် ဒေသခံပြည်သူများ၊ မြို့တော်ကောင်စီဝင်များ၊ ရဲတပ်ဖွဲ့နှင့် ဘာသာရေးအသင်းများနှင့် နားလည်မှုယူပြီး တည်ဆောက်ခြင်းဖြစ်သည်ဟု အမေရိကန်စစ်ဘက်က ပြောသော်လည်း ထိုသို့ကာရံလိုက်ခြင်းဖြင့် မြို့ကို အကျဉ်းစခန်းလိုဖြစ်သွားရ၍ မိမိတို့ဆန့်ကျင်ကြောင်း မြို့တော်ကောင်စီဥက္ကဋ္ဌ နီဟာအယ်ကာဝက်နှင့် ဒေသခံတို့က ပြောဆိုသည်။

အမ်အင်အေ၊ရိုက်တာ

ဘဂ္ဂဒက် မြို့ရှိ အမေရိကန်တပ်ဖွဲ့ဝင်များ ဖျက်ဆီးခဲ့သော သမ္မတ နန်းတော်အား သတင်းစာဆရာများ ကြည့်ရှုလေ့လာနေသည်ကို ဇန်နဝါရီ ၁၁ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီးကို တစ်ဆက်တစ်စပ်တည်း အရှိန်အဟုန်ဖြင့် အောင်မြင်စွာကျင်းပလျက်ရှိ

✡ *ကျောဖုံးမှ*

လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ကျိုင်းတုံမြို့ပေါ်ရှိ ရပ်ကွက်များမှ ပြည်သူ အင်အား ၁၁၆၀၀ကျော်တို့က ကျိုင်းတုံ၊ မိုင်းဖြတ်၊ မိုင်းဆတ်၊ တာချီလိတ် အမည်ရှိ စစ်ကြောင်းလေးကြောင်းဖြင့် စုရပ်အသီးသီးမှ စစ်ကြောင်းမှူးများ ဦးဆောင်၍ မြို့မအားကစားကွင်းသို့ ဝင်ရောက်နေရာယူကြသည်။

သဘာပတိ

လူထုအစည်းအဝေးတွင် သဘာပတိအဖြစ် မြို့မိမြို့ဖ ဦးစိုင်းရီတစ်ပဝုန်းက ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် တွဲဖက်ပြည်နယ်ပညာရေးမှူး ဦးသန်းညွန့်၊ လားဟူတိုင်းရင်းသား ရပ်မိရပ်ဖ ဦးကျာဘရှဲ၊ အာခါ တိုင်းရင်းသား ရပ်မိရပ်ဖ ဦးယာထူ၊ စီးပွားရေးလုပ်ငန်းရှင် ဦးစိုင်းလာနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အရာရှိ(အငြိမ်းစား)ဦးထွဏ်းလွင်ဦးတို့က ဆောင်ရွက်ကြသည်။

အခမ်းအနားမှူးအဖြစ် ကျိုင်းတုံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်နန်းဟွမ်ခမ်းက ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် ကျိုင်းတုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်နန်းဝိုးခမ်းက ဆောင်ရွက်သည်။

အစီအစဉ်အရ အခမ်းအနားမှူးက အခမ်းအနားစတင်ကြောင်း ကြေညာပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများက နိုင်ငံတော်အလံအား အလေးပြုကြသည်။

တစ်မျိုးသားလုံး၏ဆန္ဒသဘောထားဖြင့် ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ရေးဆွဲနိုင်ရေးအတွက် အမျိုးသားညီလာခံ ဦးတည်ချက်ခြောက်ရပ်နှင့် အညီ တိုင်းရင်းသားလူမျိုးများ၊ လူထုလူတန်းစားအလွှာအသီးသီးမှ ကိုယ်စားလှယ်များဖြင့် အမျိုးသားညီလာခံကျင်းပပြီး အခြေခံရမည့်မူ (၁၀၄)ချက်နှင့် အသေးစိတ် အခြေခံရမည့်မူအချို့ကို ချမှတ်နိုင်ခဲ့ကြောင်း၊ ထို့နောက် ပြည်တွင်းပြည်ပ အဖျက်အမှောင့်ပယောဂကြောင့် အမျိုးသားညီလာခံကျင်းပမှု၊ နိုင်ငံရေးဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုများသည်လည်း ယာယီအားဖြင့် ရပ်ဆိုင်းသွားခဲ့ကြောင်း။

နိုင်ငံတော်အစိုးရသည် အခက်အခဲများစွာနှင့် ရင်ဆိုင်ရသော်လည်း တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေသည့် ဒီမိုကရေစီ နိုင်ငံဖြစ်ထွန်းရေးမျှော်မှန်းချက်ကို မျက်ခြည်ပြတ်မခံဘဲ အနာဂတ်ဒီမိုကရေစီ နိုင်ငံတော်သစ် ထူထောင်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် ပြည်ထောင်စုကြီး၏နယ်မြေဒေသအားလုံး မျှမျှတတ ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာအရ ဖွံ့ဖြိုးရေးဒေသ ၂၄ခု သတ်မှတ်ကာ အခြေခံအဆောက်အအုံဖြစ်သော လမ်း၊ တံတား၊ ဆည်မြောင်း၊ တာတမံများ၊ ပညာရေး၊ ကျန်းမာရေးနှင့် အခြားကဏ္ဍများ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် မဟာဗျူဟာအရ စီမံလုပ်ကိုင်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထို့အပြင် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ချမှတ်ပေးခဲ့ပြီး ပြည်တွင်းပြည်ပ အမှောင့်ပယောဂကြောင့် ယာယီရပ်ဆိုင်းခဲ့သော အမျိုးသားညီလာခံကို ပြန်လည်ကျင်းပခဲ့ကြောင်း။

ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးဆောင်ရွက်နေကြကြောင်း၊ တိုင်းရင်းသားပေါင်းစုံ၊ လူထုလူတန်းစားအလွှာပေါင်းစုံ ပါဝင်နေသည့်အတွက် ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကို ကျယ်ပြန့်စွာ ကိုယ်စားပြုသည့် ကိုယ်စားလှယ်များဖြစ်ကြပါကြောင်း၊ အမျိုးသားညီလာခံကိုယ်စားလှယ်များသည် နိုင်ငံရေးဦးတည်ချက်(၄)ရပ်တွင်ပါရှိသော ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေးအတွက် အမျိုးသားညီလာခံမှာ အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နေခြင်းဖြစ်၍ အမျိုးသားညီလာခံသည် မည်မျှအရေးကြီးသည်ဆိုတာ သိသာထင်ရှားပါကြောင်း၊ ထို့အပြင် ပြည်ထောင်စုကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် မည်သည့်ခေတ် မည်သည့်အခါကမျှ မရရှိခဲ့ဖူးသည့် ဒီမိုကရေစီရပိုင်ခွင့်များကို မျက်မှောက်ခေတ်တွင် တိုင်းရင်းသားလူမျိုးစုငယ်များအထိ ရရှိအောင် ကြိုးစားဆောင်ရွက်နေသည့် အရေးကြီးသော အမျိုးသားညီလာခံကြီးလည်းဖြစ်ကြောင်း၊ အမျိုးသားညီလာခံကိုယ်စားလှယ်များသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို အဆင့်ဆင့်အကောင်အထည်ဖော်နိုင်ရန် အမျိုးသားညီလာခံ အစည်းအဝေးကြီးတွင် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ဆွေးနွေးညှိနှိုင်းလျက်ရှိကြောင်း။

နိုင်ငံတော်အစိုးရနှင့် ညီလာခံကိုယ်စားလှယ်ကြီးများက နိုင်ငံတော်သစ်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ပေါ်လာရေးအတွက် ကြိုးပမ်းနေသည်ကို မနာလိုမရှုဆိတ်နိုင်သည့်၊ မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်မှာကို မလိုလားသည့် ပြည်တွင်း ပြည်ပအဖျက်သမားများနှင့် အနောက်နိုင်ငံကြီးအချို့က အမျိုးသားညီလာခံကြီး ပျက်စီးရာပျက်စီးကြောင်း အမျိုးမျိုးဝေဖန်ထိုးနှက်လျက်ရှိကြောင်း၊ ညီလာခံကြီးပျက်စီးရာပျက်စီးကြောင်းပြောဆိုလုပ်ဆောင်နေသူ ပြည်တွင်း၊ ပြည်ပမှ အဖျက်သမားများကို မပြတ်သောသတိဖြင့် မျက်ခြည်မပြတ် စောင့်ကြည့်နေရမှာဖြစ်ကြောင်း၊ အလျဉ်းသင့်၍ ပြည်သူ့သဘောထားကို တင်ပြလိုကြောင်း၊ ပြည်သူ့သဘောထားလေးရပ်မှာ–

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးစိုင်းသန်းထွန်းလေး အမျိုးသားညီလာခံ ကြိုဆိုထောက်ခံကြောင်းအဆိုကို ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)

ကျိုင်းတုံခရိုင် အမျိုးသမီးရေးရာအဖွဲ့မှ ဒေါ်နန်းစံဟွမ် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့်အဆိုကို ထောက်ခံဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

ကျိုင်းတုံမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ အတွင်းရေးမှူး ဗိုလ်ကြီးချစ်ဝေ(အငြိမ်းစား) အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့်အဆိုကို ထောက်ခံဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

ကျိုင်းတုံမြို့မှ မြို့မိမြို့ဖ ဦးမင်းညို အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့် အဆိုကို ထောက်ခံဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

ထို့နောက် သဘာပတိ ဦးစိုင်းရီတစ်ပဝုန်းက အဖွင့်အမှာစကားပြောကြားရာတွင် ယခုအချိန်တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ အမျိုးသားညီလာခံကြီးကို အောင်မြင်စွာကျင်းပနေကြောင်း၊ ညီလာခံကြီးတွင် မိမိတို့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)က ပြည်သူလူထုကြီး၏ကိုယ်စား ကိုယ်စားလှယ်များ တက်ရောက်ပြီး ဆွေးနွေးဆောင်ရွက်လျက်ရှိပါကြောင်း။

မိမိတို့နိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုများကို လေ့လာကြည့်မည်ဆိုလျှင် ၁၉၈၈ခုနှစ် အရေးအခင်းကာလကြောင့် မင်းမဲ့စရိုက်ပေါ်ပေါက်ခဲ့ပြီး လုံခြုံမှုကင်းမဲ့ကာ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာ ပြန်လည်ဆုံးရှုံးတော့မည့်အခြေအနေ ဆိုက်ရောက်ခဲ့ရသဖြင့် တပ်မတော်သည် နိုင်ငံတော်အကျိုး၊ တိုင်းရင်းသားပြည်သူအားလုံးအကျိုးအတွက် မလွှဲမရှောင်သာဘဲ နိုင်ငံတော်၏တာဝန်ကိုရယူခဲ့ရကြောင်း၊ တပ်မတော်အစိုးရသည် နိုင်ငံ့တာဝန်ကိုစတင်ယူခဲ့သည်နှင့်တစ်ပြိုင်တည်း တရားဥပဒေစိုးမိုးရေး၊ နယ်မြေအေးချမ်းတည်ငြိမ်ရေး၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး၊ ပြည်သူတို့၏ စားဝတ်နေရေး ချောင်လည်စေရေးတို့ကို ပထမဦးစားပေးအဖြစ် ဆောင်ရွက်ခဲ့ကြောင်း။

စနစ်တကျအကောင်အထည်ဖော်

ထို့အပြင် နိုင်ငံတော်၏ အမျိုးသားရေးမူဝါဒအဖြစ် ဒို့တာဝန်အရေးသုံးပါးဖြစ်သော ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် မူဝါဒလမ်းစဉ်ကို ချမှတ်ခဲ့ကြောင်း၊ အဆိုပါမူဝါဒနှင့်အညီ အနာဂတ်တွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ဖြစ်ထွန်းလာရေးအတွက် နိုင်ငံရေးဦးတည်ချက်လေးရပ်၊ စီးပွားရေးဦးတည်ချက်လေးရပ်၊ လူမှုရေးဦးတည်ချက်လေးရပ်တို့ကို ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၏ ရည်မှန်းချက်ပန်းတိုင်ကို စနစ်တကျ အကောင်အထည်ဖော်လျက်ရှိကြောင်း။

ဤကဲ့သို့မှန်ကန်သည့် မူဝါဒနှင့် ဦးတည်ချက်များကြောင့် အောင်မြင်မှုများရရှိခဲ့ကြောင်း၊ ထို့ကြောင့် တပ်မတော်အစိုးရ၏ ဖြူစင်သည့်စေတနာနှင့် မှန်မြတ်သည့်လုပ်ရပ်ကို နားလည်သဘောပေါက်ကြသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် ဥပဒေဘောင်အတွင်းဝင်ရောက်ကာ ငြိမ်းချမ်းရေးရယူနိုင်ခဲ့ပြီး အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ တပ်မတော်အစိုးရက အမျိုးသားစည်းလုံးညီညွတ်ရေးကို အခြေခံပြီး တစ်မျိုးသားလုံး၏ ဆန္ဒသဘောထားဖြင့် ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းနိုင်ရေးအတွက် အဆင့်ဆင့် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး သက်ဆိုင်ရာကိုယ်စားလှယ်များနှင့် အကြိမ်ကြိမ်ညှိနှိုင်းဆွေးနွေးခဲ့ကာ အမျိုးသားညီလာခံဦးတည်ချက်ခြောက်ရပ်ကို အများသဘောတူ ဆုံးဖြတ်နိုင်ခဲ့ကြောင်း။

ယခုဆိုလျှင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီးကို တစ်ဆက်တစ်စပ်တည်း အရှိန်အဟုန်ဖြင့် အောင်မြင်စွာ ကျင်းပလျက်ရှိနေကြောင်း။

ပြည်သူ့စွမ်းအားဖြင့်ကာကွယ်တားဆီး

ယခုအခါ မိမိတို့နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှု၊ အောင်မြင်မှုများ ရရှိနေခြင်းကို မနာလိုမရှုဆိတ်သည့် ပြည်တွင်းပြည်ပမှ အဖျက်သမားအုပ်စုများသည် အနာဂတ်နိုင်ငံတော်သစ်ကြီးအတွက် အခြေခံရေးဆွဲနေသည့် အမျိုးသားညီလာခံကြီး ပျက်ပြားသွားအောင် နည်းမျိုးစုံဖြင့် နှောင့်ယှက်ဖျက်ဆီးရန် ကြိုးပမ်းလုပ်ဆောင်လျက်ရှိနေကြောင်း၊ အပြုသဘောဆောင်သည့် လုပ်ရပ်နှင့် အပျက်သဘောလုပ်ရပ်များကို ပြည်သူအများက ကွဲကွဲပြားပြား သိရှိနေကြပြီဖြစ်၍ အဖျက်လုပ်ရပ်များကို ပြည်သူ့စွမ်းအားဖြင့် ကာကွယ်တားဆီးသွားကြရမည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် အမျိုးသားညီလာခံကြီးသည် တစ်မျိုးသားလုံးနှင့် တစ်နိုင်ငံလုံးကို ကိုယ်စားပြုသည့် တိုင်းပြုပြည်ပြုညီလာခံကြီးပင်ဖြစ်ကြောင်း၊ တိုင်းရင်းသားပေါင်းစုံ၊ လူထုလူတန်းစား အလွှာပေါင်းစုံ၊ ပါတီပေါင်းစုံတို့ မျက်နှာစုံညီ တွေ့ဆုံဆွေးနွေးညှိနှိုင်းဆုံးဖြတ်ပြီး အနာဂတ်နိုင်ငံတော်သစ်ကို ပန္နက်ရိုက်အုတ်မြစ်ချနေခြင်းဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် အမျိုးသားညီလာခံသည် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမအချက်လည်းဖြစ်၊ အနာဂတ်နိုင်ငံတော်အတွက် ပထမခြေလှမ်းလည်းဖြစ်သည့်အတွက် ပထမခြေလှမ်းအောင်မြင်ပါမှ မိမိတို့မျှော်မှန်းသော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို ရောက်ရှိမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အမျိုးသားညီလာခံကြီး အောင်မြင်စွာ ကျင်းပပြီးမြောက်ပြီး နိုင်ငံသူနိုင်ငံသားအားလုံး၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်မည့် အသက်တမျှ အရေးကြီးလှသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးအတွက် ပြည်သူလူထုအနေဖြင့် ပြည်ထောင်စုစိတ်ဓာတ် အရင်းခံလျက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြပါစို့ဟု တိုက်တွန်းနှိုးဆော်ပါကြောင်းဖြင့် ပြောကြားသည်။

စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်

ဆက်လက်၍ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးစိုင်းသန်းထွန်းလေးက အမျိုးသားညီလာခံကြိုဆိုထောက်ခံကြောင်း အဆိုကို တင်သွင်းရာတွင် ယခုပြန်လည်ကျင်းပနေသည့် အမျိုးသားညီလာခံတွင် ယခင်ကထက် ပိုမိုများပြားသည့်

– ပြည်ပအားကိုးပုဆိန်ရိုး၊ အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ၊
– နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ၊
– နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ၊
– ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ

ဟူသော အချက်များဖြစ်ကြောင်း။

ပြည်သူတို့၏ရန်သူ

နိုင်ငံတော်နှင့် နိုင်ငံသူနိုင်ငံသားများ၏အကျိုးစီးပွားနှင့် အမျိုးသားညီလာခံ ပျက်စီးရာပျက်စီးကြောင်း လုပ်ဆောင်နေကြသူများသည် ဒီမိုကရေစီတည်ဆောက်မှုကို မလိုလားသူများဖြစ်၍ ဒီမိုကရေစီ၏ရန်သူ၊ ပြည်သူတို့၏ ရန်သူဖြစ်နေသည်ဟု တင်ပြလိုကြောင်း။

မိမိတို့ပြည်သူလူထုသည် စစ်မှန်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှိနေကြမှ ကျင်းပလျက်ရှိသော အမျိုးသားညီလာခံအပေါ် အမြင်မှန်ရှိနိုင်မှာဖြစ်ပါကြောင်း၊ အမျိုးသားညီလာခံကို မအောင်မြင်စေချင်သောသူများသည် စစ်မှန်သောပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်မရှိသူဟု သတ်မှတ်ရမှာ ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရ၏စေတနာကြီးမား

တစ်ဆက်တည်း မီးမောင်းထိုးပြလိုသည်မှာ နယ်စပ်ဒေသဖြစ်သည့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် အရေးကြီးသည်မှာ အမျိုးဂုဏ်၊ ဇာတိဂုဏ်အမှန်ကိုဖော်ထုတ်ရေးနှင့် ထိန်းသိမ်းရေးဖြစ်ပါကြောင်း၊ ယခင်ကာလက ဒေသတွင်း မတည်ငြိမ်မှုများကြောင့် ဆိုးရွားသည့်မူးယစ်ဆေးဝါး ပြဿနာများ၊ လူကုန်ကူးမှုများ၊ တိုင်းရင်းသားလူမျိုးစုတို့၏ အသိဉာဏ်ဖွံ့ဖြိုးမှု နောက်ကျမှုများ ရှိခဲ့ကြောင်း၊ ဤသည်တို့ကို တပ်မတော်အစိုးရအနေဖြင့် အဘက်ဘက်က ပြုပြင်ဆောင်ရွက်မှုများစီမံချက်ရှိရှိ လုပ်ကိုင်ပေးနေသည်မှာ အားလုံးအသိပင်ဖြစ်ပါကြောင်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးကိစ္စများ၊ ကျေးလက် ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ထုတ်နေသကဲ့သို့ ရှမ်းအရှေ့မှာရှိသည့် ကျိုင်းတုံဒေသသည် ဖွံ့ဖြိုးရေးဒေသကြီး၂၄ခုအနက် တစ်ခုအပါအဝင် ဖြစ်ကြောင်း အားလုံးအသိပင်ဖြစ်၍ နိုင်ငံတော်အစိုးရ၏ စေတနာကြီးမားမှုကို သိသိသာသာ မြင်တွေ့ရမှာ ဖြစ်ပါကြောင်း။

စာမျက်နှာ ၆ ကော်လံ ၁

စာမျက်နှာ ၅ မှ

အလွန်အရေးကြီး

ဆက်လက်ပြောကြားလိုသည်မှာ ပြည်ထောင်စုထဲမှ ပြည်ထောင်စုကဲ့သို့ရှိသော ပြည်နယ်တွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုသည် အလွန်အရေးကြီးကြောင်း၊ မိတ်ဆွေထဲမှာ ရန်သူရှာပြီး မိတ်ဆွေကိုရန်သူလုပ်နေသရွေ့ ဘယ်တော့မှ မတိုးတက်နိုင်ကြောင်း၊ ဒေသတိုးတက်စေချင်လျှင် စည်းလုံးညီညွတ်စွာဖြင့် လျှောက်လှမ်းရပါမည်။ ၂၁ရာစုတွင် နိုင်ငံအများသည် တိုးတက်ရေးကို ဦးတည်နေကြကြောင်း၊ တိုးတက်စေချင်လျှင် အေးချမ်းတည်ငြိမ်မှ ရမည်၊ အေးချမ်းတည်ငြိမ်ရန်အတွက် တိုင်းရင်းသားများ အမြင်မှန်ပြီး စည်းလုံးရပါမည်။ သို့မှသာ တိုးတက်မှုရရှိမှာဖြစ်ပါကြောင်း၊ တိုးတက်မှုကို ဦးတည်သော အမျိုးသားညီလာခံကို ထောက်ခံကြရပါမည်။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ နိုင်ငံတော်အတွက် အသက်တမျှအရေးကြီးသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ရေးဆွဲရေးအတွက် အခြေခံမူများချမှတ်နိုင်အောင် ညှိနှိုင်းဆောင်ရွက်လျက်ရှိသော လက်ရှိကျင်းပနေသည့် အမျိုးသားညီလာခံကြီးကို ကြိုဆိုထောက်ခံပါကြောင်းနှင့် မည်သည့်ပြည်တွင်းပြည်ပအဖွဲ့အစည်းအမျိုးမျိုးက အနှောင့်အယှက်ပေးစေကာမူ နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အတူလက်တွဲကြပြီး အမျိုးသားညီလာခံအောင်မြင်စေရန် ကျရာအခန်းကဏ္ဍမှ ပါဝင်ကူညီဆောင်ရွက်ကြပါစို့ဟု လေးလေးနက်နက် အဆိုတင်သွင်းအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့ကြောင့် အမျိုးသားညီလာခံကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးသည် တိုင်းရင်းသား ပြည်သူတို့၏ ပဓာနကျပြီး အရေးကြီးသည့် တာဝန်ပင်ဖြစ်ပါကြောင်း။

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်သည် မြန်မာနိုင်ငံအတွက် နိုင်ငံရေးအရ ထိပ်တန်းဦးစားပေးပြီး တစ်ဆင့်ပြီးတစ်ဆင့်အောင်မြင်အောင် အကောင်အထည်ဖော်ကာ ရှေ့သို့တက်လှမ်းသွားရမည့် လုပ်ငန်းစဉ်များ၏ အသွင်သဏ္ဌာန်အနှစ်သာရသည် စစ်မှန်သောဒီမိုကရေစီ ဖြစ်ထွန်းရေးပင်ဖြစ်သည်ဟု နားလည်သဘောပေါက်ပါကြောင်း။

ဒီမိုကရေစီနိုင်ငံတော် ထူထောင်ရာတွင် လိုအပ်မည့် ဖွဲ့စည်းပုံ အခြေခံမူများနှင့် အသေးစိတ် အခြေခံမူများကို ပြည်နယ်၊ တိုင်းများအလိုက် တိုင်းရင်းသား ကိုယ်စားလှယ်များရော၊ လူထုလူတန်းစား ကိုယ်စားလှယ်များပါ စုံညီစွာ တက်ရောက်ကြပြီး စိတ်ရှည်သည့် ဒီမိုကရေစီနည်းဖြင့် အများဆန္ဒနှင့်အညီ ဆောင်ရွက်ကျင်းပနေသည့် အမျိုးသားညီလာခံကြီးကို ကြိုဆိုထောက်ခံကြောင်း တင်ပြသွားသည့်အဆိုကို လေးလေးနက်နက် ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးတင်ပြသွားသည်။

မဟုတ်မမှန်လုပ်ကြံထိုးနှက်

ဆက်လက်၍ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့် အဆိုကို ကျိုင်းတုံခရိုင် အမျိုးသမီးရေးရာအဖွဲ့မှ ဒေါ်နန်းစံဟွမ်က ထောက်ခံဆွေးနွေးတင်ပြရာတွင် မိမိအနေဖြင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)

၁၉၉၂ ခုနှစ် ဇူလိုင် ၁၀ ရက်တွင် တတိယအကြိမ် ညှိနှိုင်းဆွေးနွေးပွဲ ပြုလုပ်ခဲ့ကြောင်း၊ ဆွေးနွေးပွဲ ဦးဆောင်ကျင်းပရေးကော်မတီက ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို အလေးထားပြီး ဦးထိပ်ပန်ဆင်ကာ အကြံပြုဆွေးနွေးခဲ့ကြကြောင်း။

နိုင်ငံတော်၏ အမျိုးသားရေး ပန်းတိုင်ဖြစ်သော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်သစ် ထူထောင်နိုင်ရန်အတွက် အခြေခံအုတ်မြစ်ဖြစ်သည့် အမျိုးသားညီလာခံကြီးကို ၁၉၉၃ ခုနှစ် ဇန်နဝါရီ ၉ ရက်တွင် တိုင်းရင်းသားလူမျိုးများ လူထုလူတန်းစား အလွှာအသီးသီးမှ ကိုယ်စားလှယ်များ အစုံအညီဖြင့် အောင်မြင်စွာ စတင်ကျင်းပနိုင်ခဲ့ကြောင်း။

မူဝါဒလမ်းစဉ်(၇)ရပ်

၂၀၀၃ ခုနှစ် ဩဂုတ်လတွင် ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေးနှင့် ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေးဟူသည့် ဦးတည်ချက်အရ နိုင်ငံတော် ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ် (၇)ရပ်ကို ချမှတ်ခဲ့ကြောင်း။

နိုင်ငံတော်သစ်တစ်ရပ် တည်ထောင်ရန် ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသည် အလွန်အရေးကြီးပါကြောင်း။

အပြည့်အဝယုံကြည်

ပထမအဆင့်အနေဖြင့် ၁၉၉၃ မှ ၁၉၉၆အထိ အခြေခံမူ(၁၀၄)ချက်ကို ချမှတ်နိုင်ခဲ့ကြောင်း၊ သမိုင်းစာမျက်နှာက ဥပဒေများနှင့်နှိုင်းယှဉ်ရင်း အခြေခံမူ(၁၀၄)ချက်ကို ပြီးပြည့်စုံစွာ စဉ်းစားထည့်သွင်းထားသည်ကို တွေ့ရမှာဖြစ်ကြောင်း၊ ကိုယ်စားလှယ်များကလည်း အလွှာစုံ၊ တိုင်းရင်းသားစုံ၊ မြို့နယ်အလိုက် ကိုယ်စားပြုတက်ရောက်သည့် ကိုယ်စားလှယ်များဖြစ်ကြကြောင်း၊ ပြည်သူများ၏ အကျိုးစီးပွားကို ဖော်ဆောင်သည့် ပြည်သူ့ကိုယ်စားလှယ်များဖြစ်သည့်အတွက် မိမိတို့အပြည့်အဝ ယုံကြည်ထောက်ခံကြောင်း။

နိုင်ငံသားအခွင့်အရေးအပြည့်အဝရှိပြီး ယခင်ဖွဲ့စည်းပုံအခြေခံဥပဒေများထက် ပိုမိုပြည့်စုံပြီး အနှစ်သာရရှိပြီးခေတ်မီသည့် နိုင်ငံတော်အတွက် အသင့်တော်ဆုံးအခြေခံဥပဒေထွက်ပေါ်လာမည့် အမျိုးသားညီလာခံကြီးအား လှိုက်လှိုက်လှဲလှဲ ကြိုဆိုထောက်ခံအပ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် အနာဂတ်နိုင်ငံတော်အတွက် အမျိုးသားညီလာခံကြီးအား နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော်တို့အပါအဝင် တိုင်းရင်းသား



ထောက်ခံ

ကျိုင်းတုံမြို့မှ တရားရုံးချုပ်ရှေ့နေ ဦးစိုင်းကျော်ဇံ အမျိုးသား ညီ လာ ခံ အား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့် အဆိုကို ထောက်ခံ ဆွေးနွေး တင်ပြစဉ်။ (သတင်းစဉ်)

တင်ပြ

ကျိုင်းတုံမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းမှ ဒေါ်နာခါးဘို အမျိုးသား ညီ လာ ခံ အား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့် အဆိုကို ထောက်ခံ ဆွေးနွေး တင်ပြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကြီး အောင်မြင်စွာကျင်းပနိုင်ရေးသည် တိုင်းရင်းသားပြည်သူတို့၏ ပဓာနကျပြီးအရေးကြီးသည့်တာဝန်ဖြစ်

အရှိန်အဟုန်မြှင့်တင်

ယင်းနောက် အမျိုးသားညီလာခံအားကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့်အဆိုကို ကျိုင်းတုံမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့အတွင်းရေးမှူး ဗိုလ်ကြီးချစ်ဝေ(အငြိမ်းစား)ကထောက်ခံဆွေးနွေးတင်ပြရာတွင် ဤနေရာတွင် ဂုဏ်ယူစွာထောက်ခံတင်ပြလိုသည့် အချက်တစ်ချက်မှာ မည်သည့်ခေတ် မည်သည့်အခါကနှင့်မျှမတူအောင် ထူးထူးခြားခြား တိုးတက်ဖွံ့ဖြိုးမှုရှိလာသည့် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်မှုများပင်ဖြစ်ကြောင်း၊ သွေးချင်းသားချင်းညီအစ်ကိုမောင်နှမများနေထိုင်ရာ နယ်စပ်ဒေသများနှင့်တကွ ဖွံ့ဖြိုးမှုနောက်ကျကျန်ရစ်ခဲ့သည့်ဒေသများ၏ဖွံ့ဖြိုးရေးကို တပ်မတော်အစိုးရက မေတ္တာရှေ့ထားပြီး အားသွန်ခွန်စိုက်ကြိုးပမ်းတည်ဆောက်ပေးသည်မှာ ထင်ရှားလှကြောင်း၊ တပ်မတော်အစိုးရလက်ထက်တွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကြိုးပမ်းနိုင်ခဲ့ခြင်းကြောင့် ရရှိဖြစ်ထွန်းလာခဲ့သည့် နယ်စပ်ဒေသများတည်ငြိမ်အေးချမ်းမှု၏အကျိုးရလဒ်ကောင်းများအနေဖြင့် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကို စနစ်တကျချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လာနိုင်ခဲ့ကြောင်း၊ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ပိုမိုအလေးထားအရှိန်မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် နယ်စပ်ဒေသဆိုင်ရာ ဝန်ကြီးဌာန အသစ်ကိုလည်း ထပ်မံဖွဲ့စည်းပေးပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူနေမှုဘဝမြင့်မားရေးတို့ကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနေသည့် လုပ်ငန်းကဏ္ဍများသည်လည်း ဖွံ့ဖြိုးမှု နောက်ကျနေမှုကို တိုက်ရိုက်အကျိုးသက်ရောက်မှုရှိစေသည့် လမ်း၊ တံတား၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ လျှပ်စစ်စွမ်းအား၊ ဆက်သွယ်ရေး၊ သတ္တုရှာဖွေရေး စသည့် လုပ်ငန်းကဏ္ဍများဖြစ်ခြင်းကြောင့် နယ်စပ်ဒေသနေ ပြည်သူများအတွက် များစွာ အကျိုးဖြစ်ထွန်းစေပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသား ပြန်လည်စည်းလုံးညီညွတ်ရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စီမံကိန်းများချမှတ်ပြီး မြန်မြန်ဆန်ဆန် ဆောင်ရွက်နေသည့် တစ်ချိန်တည်းမှာပင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များကိုလည်း ဥပဒေဘောင်အတွင်း ဝင်ရောက်နိုင်ရေးအတွက် ဆောင်ရွက်နိုင်ခဲ့ကြောင်း။

စတင်ဆောင်ရွက်ခဲ့

နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းမှု အခြေအနေကောင်းများ ဖြစ်ထွန်းလာကာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုလည်း တည်ဆောက်နိုင်ခဲ့ပြီး အမျိုးသားညီလာခံကျင်းပနိုင်ရေးအတွက် စတင်ဆောင်ရွက်ခဲ့ပါကြောင်း။

အနာဂတ်နိုင်ငံတော်ကို ဒီမိုကရေစီနိုင်ငံတော်အဖြစ် ပုံဖော်နိုင်ရန် ကျင့်သုံးရမည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲနိုင်ရေးအတွက် အမျိုးသားညီလာခံကြီးကို ကျင်းပနိုင်ခဲ့ကြောင်း။

အရေးကြီးဆုံးလိုအပ်ချက်

နိုင်ငံတော်အတွက် အမျိုးသားညီလာခံ အောင်မြင်ရေး၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် အရေးကြီးဆုံး လိုအပ်ချက်ဖြစ်ကြောင်း၊ အမျိုးသားညီလာခံကြီးအောင်မြင်ပါမှ ညီလာခံမှ ရရှိသည့် အခြေခံမူများကို အသုံးပြုပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကြီးကို ရေးဆွဲနိုင်မှာဖြစ်ကြောင်း။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင် ဦးစိုင်းသန်းထွန်းလေး တင်သွင်းသွားသည့် အမျိုးသား ညီလာခံကြီးအား ကြိုဆိုထောက်ခံကြောင်းအဆိုသည် မိမိတို့ နိုင်ငံတော်အတွက် လက်ရှိကျင်းပနေသော အမျိုးသားညီလာခံကြီးအား ဘယ်ရွေ့ဘယ်မျှ အရေးပါအရာရောက်ကြောင်းကို မီးမောင်းထိုးပြသွားပါကြောင်း၊ သို့သော် မလိုတမာ အဆိုးမြင်ဝါဒီ ပြည်တွင်းပြည်ပ အဖျက်သမားများက အမျိုးသားညီလာခံကြီး ပျက်စီးရာပျက်စီးကြောင်းကို ရည်ရွယ်ပြီး နည်းအမျိုးမျိုး၊ မီဒီယာအမျိုးမျိုးဖြင့် မဟုတ်မမှန် လုပ်ကြံထိုးနှက်လျက်ရှိကြောင်း။

အမှန်တကယ်အားဖြင့် မိမိတို့နိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ အခြားအိမ်နီးချင်းနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံနေသည်ကို ပြည်သူလူထုကြီး အသိပင်ဖြစ်ကြောင်း၊ အကယ်၍ မြန်မာနိုင်ငံသည် ၎င်းတို့ စွပ်စွဲထားသလို ဒေသတွင်း လုံခြုံရေးကို ခြိမ်းခြောက်နေသည်ဆိုလျှင် အာဆီယံအဖွဲ့ဝင် နိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံများက မိမိတို့နိုင်ငံနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံမှုမှာ ယခုကဲ့သို့ ရှိနိုင်မည်မဟုတ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲနှင့် တာဝန်ရှိသူပုဂ္ဂိုလ်များသည် အာဆီယံနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများသို့ မိတ်ဖက်မပျက် ခင်မင်ရင်းနှီးစွာဖြင့် သွားလာဆက်သွယ်လျက် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှု တည်ဆောက်လျက်ရှိနေသည်ကို သတိပြုမိကြမှာ ဖြစ်ကြောင်း၊ အလားတူပင် မြန်မာနိုင်ငံသို့ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ တရုတ်နိုင်ငံ ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့တို့က ဆွေမျိုးရင်းချာလို လာရောက်လည်ပတ်တာ ပူပူနွေးနွေးပင်ရှိပါသေးကြောင်း၊ ဒေသတွင်းလုံခြုံရေးကို ခြိမ်းခြောက်သည်ဆိုလျှင် ဩဇ္ဇဝင်ဩဇ္ဇထွက် ရှိတော့မှာမဟုတ်ကြောင်း၊ ထို့ကြောင့် ဒေသအတွင်းလုံခြုံရေးကို ခြိမ်းခြောက်သည်ဆိုသည်မှာ လုံးဝမမှန်ကန်ပါကြောင်း။

ထို့အပြင် မိမိတို့ နိုင်ငံကို မတရားစွပ်စွဲပြောဆိုနေသည့် အချက်အလက်များလည်း ရှိပါသေးကြောင်း၊ ၎င်းတို့မှာ မြန်မာနိုင်ငံမှ မူးယစ်ဆေးဝါး စီးဆင်းမှုမှာ HIV/AIDS ရောဂါပျံ့နှံ့စေရန်အတွက် အထောက်အကူ ဖြစ်စေပြီး နိုင်ငံတကာ ရာဇဝတ်မှုကို တိုးပွားစေမည့်အလားအလာ ရှိသည့်ကိစ္စ၊ လူ့အခွင့်အရေး ချိုးဖောက်နေသည်ဟု စွပ်စွဲသည့် ကိစ္စ၊ လူမှောင်ခို ကုန်ကူးသည်ဟု စွပ်စွဲသည့် ကိစ္စ၊ ငွေကြေးခဝါချသည့် ကိစ္စများဖြစ်ကြောင်း။

သတိတရားလက်ကိုင်ထား

ယင်းကဲ့သို့ စွပ်စွဲပြောဆိုချက်များသည် တည်ငြိမ်အေးချမ်းမှု ရှိနေသည့် မိမိတို့ နိုင်ငံအပေါ် နိုင်ငံတကာက အထင်အမြင်လွဲမှားစေရန်နှင့် နိုင်ငံရေးအရ သိက္ခာကျဆင်းစေရန် မဟုတ်မမှန် လုပ်ကြံပြောဆိုနေခြင်းသာ ဖြစ်သည်ဟု ပြည်သူလူထု တစ်ရပ်လုံးက သိရှိနားလည်ကာ သတိတရား လက်ကိုင်ထားပြီး နားမယောင်ကြဖို့ အသိပေးလိုပါကြောင်း။

အမျိုးသားညီလာခံကျင်းပရေး ညှိနှိုင်းဆွေးနွေးပွဲများကို ၁၉၉၂ ခုနှစ် အတွင်းမှာ သုံးကြိမ်တိုင်တိုင် အကျေအလည် ညှိနှိုင်းကြပြီး မူအားဖြင့် သဘောတူ အတည်ပြုခဲ့ကြကြောင်း။

ပေါင်းစုံတို့က ညီညွတ်တက်ကြွစွာ ပါဝင်ကြပါဟု တိုက်တွန်းလိုပါကြောင်း ဆွေးနွေးထောက်ခံတင်ပြသွားသည်။

ညှိနှိုင်းဆွေးနွေးအတည်ပြု

ယင်းနောက် အမျိုးသားညီလာခံအားကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့် အဆိုကို ကျိုင်းတုံမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဒေါ်နာခါးဘိုကထောက်ခံဆွေးနွေးတင်ပြရာတွင် မျက်မှောက်ကာလသည် မြန်မာနိုင်ငံ၌ နိုင်ငံရေးအသွင်ကူးပြောင်းမှုအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ဖော်ဆောင်နေချိန်ဖြစ်ကြောင်း၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမဆုံးအဆင့်လည်းဖြစ်ပြီး အရေးကြီးဆုံးလည်းဖြစ်သည့် အမျိုးသားညီလာခံကြီးကို ကျင်းပကာဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲနိုင်ရေးအတွက် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို အမျိုးသားညီလာခံကိုယ်စားလှယ်ကြီးများက ညှိနှိုင်းဆွေးနွေး အတည်ပြုချမှတ်ပေးလျက်ရှိကြောင်း။

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော အမျိုးသားညီလာခံကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ကျိုင်းတုံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်နန်းဟွမ်းခမ်းနှင့် ကျိုင်းတုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်နန်းပိုးခမ်းတို့က ဆောင်ရွက်ကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အစိုးရက ယခုလို အမျိုးသားညီလာခံကျင်းပနေသည်ကို အချို့က အစိုးရအနေဖြင့် ၎င်းတို့သဘောဖြင့်လုပ်နေသည်၊ မည်သည့်အဖွဲ့ကိုမှ ညှိနှိုင်းဆွေးနွေးဆောင်ရွက်ခြင်းမဟုတ်ဘူးဟု ပြောဆိုစွပ်စွဲနေသည်ကို နေ့စဉ်နှင့်အမျှ ကြားနေရကြောင်း၊ ယင်းတို့မှာ တကယ်တော့ပြည်သူတွေကို

စာမျက်နှာ ၇ ကော်လံ ၁ သို့

13-1 (06).p65 1 3/27/1905, 11:15 PM

စာမျက်နှာ ၆ မှ

ထင်ယောင်ထင်မှားဖြစ်အောင် လုပ်ကြံပြောဆိုနေကြခြင်း ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ၁၉၄၇ခုနှစ်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့် ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေရှိခဲ့ကြောင်း။

ငင်းအခြေခံဥပဒေနှစ်ရပ်စလုံးမှာ ယနေ့မိမိတို့မြန်မာနိုင်ငံက ကျင့်သုံး၍ မရနိုင်တော့ကြောင်း၊ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၏ ပျော့ကွက် ဟာကွက်များကြောင့် ပြည်ထောင်စုကြီးပြိုကွဲမည့် အန္တရာယ်နှင့် ကြုံလာရခြင်းကြောင့် ၁၉၆၂ခုနှစ်မှာ တပ်မတော်က ပြည်ထောင်စုကြီး မပြိုကွဲအောင် ထိန်းသိမ်းစောင့်ရှောက်ပြီး နိုင်ငံတော်၏တာဝန်ကို ယူခဲ့ရကြောင်း၊ ယင်းအချိန်ကစပြီး ငင်းအခြေခံဥပဒေသည် ရပ်ဆိုင်းသွားခဲ့ရကြောင်း။

၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည်လည်း ၁၉၈၈ခုနှစ် အရေးအခင်းကြောင့် ရပ်ဆိုင်းသွားခဲ့ရခြင်းကြောင့် မိမိတို့နိုင်ငံမှာ ခေတ်ကာလအခြေအနေနှင့် လိုက်လျောညီထွေဖြစ်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် လိုအပ်နေပြီဆိုသည်ကို ပြည်သူများအားလုံး နားလည်သဘောပေါက်နေကြပါကြောင်း။

ကြောင်း၊ ဦးတည်ချက်တစ်ခုတည်းသွားနေချိန်တွင် ညီအစ်ကိုအချင်းချင်း စိတ်ဝမ်းကွဲအောင် မသမာသူအဖျက်သမားများက မလိုတမာ ပုတ်ခတ်ပြောဆို လုပ်ကိုင်နေခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ပြည်နယ်နှင့်တိုင်းအသီးသီး၌ တိုင်းရင်းသားလူမျိုးစုပေါင်းစုံ ချစ်ကြည်ရင်းနှီးစွာ နေထိုင်လျက်ရှိကြကြောင်း၊ ငင်းလူမျိုးစု ညီအစ်ကိုအချင်းချင်းကို ရန်သူဖြစ်အောင် လုပ်နေကြတာ ဖြစ်ကြောင်း၊ ဥပဒေဘောင်အတွင်းဝင်ရောက်ခဲ့ပြီး ငြိမ်းချမ်းရေးရယူထားသည့် ညီအစ်ကို တိုင်းရင်းသားအဖွဲ့များ နားမယောင်ကြရန်လိုကြောင်း၊ အတွေးအမြင်အသိမှန်ကန်ပြီး တိုင်းရင်းသားညီအစ်ကို မောင်နှမအချင်းချင်း ယုံကြည်မှုအပြည့်ဖြင့် ဆောင်ရွက်နေကြချိန်တွင် သွေးလာခွဲသော်လည်းပဲ သွေးကွဲစရာအကြောင်းမရှိပါကြောင်း၊ ယခုဆိုလျှင် တိုင်းရင်းသားပြည်သူများသည် ငြိမ်းချမ်းရေး၏အရသာကို ခံစားနေကြရပြီဖြစ်ကြောင်း၊ နိုင်ငံတော်အတွင်း ဖွံ့ဖြိုးတိုးတက်မှု အကျိုးရလဒ်များကိုလည်း တိုင်းရင်းသားပြည်သူများ လက်တွေ့ခံစားနေကြရပြီ ဖြစ်ကြောင်း။

ထို့ကြောင့် ဘယ်သူခွဲခွဲ ဒို့မကွဲ အမြဲစည်းလုံးမည် ဆိုသည့်စကားအတိုင်း တိုင်းရင်းသားပြည်သူလူထုအားလုံး သွေးမကွဲကြရန် တိုက်တွန်းရင်း ဆက်သွယ်ရေး၊ စီးပွားရေး စသည့် ကဏ္ဍစုံတွင် အရှိန်အဟုန်ဖြင့် တစ်ဟုန်ထိုးတိုးတက်လာနေသည်ကို နေ့စဉ်ထုတ်သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ ရေဒီယိုနဲ့ ရုပ်မြင်သံကြားတို့တွင် နေ့စဉ်နှင့်အမျှ ကြားရမြင်နေရကြောင်း။

ဤသို့ အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်လာနေသည်ကို မနာလိုမရှုဆိတ်သည့် အဖွဲ့အစည်းအချို့က ဖျက်လိုဖျက်ဆီး လုပ်နေကြသည်ကိုတွေ့ရကြောင်း။

ယင်းအဖွဲ့အစည်းများ၏စနက်ကြောင့် စက်ရုံ၊ အလုပ်ရုံ၊ ကုမ္ပဏီပေါင်း ၁၅၀ခန့် ပိတ်လိုက်ရပြီဖြစ်ကြောင်း၊ ယင်းသို့ စက်ရုံ၊ အလုပ်ရုံများ ပိတ်လိုက်ရသည့်အတွက် အလုပ်သမား မည်မျှ အလုပ်လက်မဲ့ဖြစ်သွားပြီး မိသားစုပေါင်း မည်မျှ အတိဒုက္ခရောက်ကြရမည်ဆိုသည်ကို စဉ်းစားကြည့်ကြစေလိုကြောင်း။

ယင်းမသမာ အဖွဲ့အစည်းများသည် မြန်မာနိုင်ငံစီးပွားရေး ပိတ်ဆို့ခံရသည်ကို အလွန်အမင်း ဝမ်းသာနေကြကြောင်း မစားရဝခမန်း ပြောဆိုနေကြကြောင်း၊ တကယ်တမ်း ဒုက္ခရောက်နေရသူများမှာ မိမိတို့တိုင်းရင်းသားပြည်သူများပင် မဟုတ်လော။ အလုပ်လက်မဲ့ဖြစ်သွားပြီး ဒုက္ခခံစားနေသည့် မိသားစုဘက်က ကိုယ်ချင်းစာကြည့်စေချင်ပါကြောင်း။

သူတို့က ပြည်သူတွေအပေါ် မည်မျှစေတနာထားပြီး လုပ်နေပါသည်ဟုပြောပြော တကယ်တမ်းကျတော့ ပြည်သူတွေဒုက္ခရောက်အောင်ပဲ လုပ်နေကြတာ မဟုတ်ပါလား၊ နိုင်ငံရေးစကားလုံးလှလှတွေသုံးပြီး ပြည်သူများ၏ဘဝကို ပျက်အောင်လုပ်နေကြခြင်းဖြစ်ကြောင်း၊ ပြည်သူများ အလွန်နစ်နာခဲ့ကြရကြောင်း၊ ပြည်သူများ နစ်နာအောင်လုပ်သူသည် ပြည်သူ၏ ရန်သူပင်ဖြစ်ကြောင်း။

အတိအလင်းရှုတ်ချ

မြန်မာနိုင်ငံကို စီးပွားရေးအရပိတ်ဆို့မှုများပြုလုပ်ရန် ကြိုးစားနေသည့် မလိုတမာ အဆိုးမြင်ဝါဒီ ပြည်တွင်းပြည်ပ အဖျက်အမှောင့် အဖွဲ့အစည်းများနှင့် ကျင်းပဆဲအမျိုးသားညီလာခံကို မဟုတ်မမှန် ကောလာဟလသတင်းများ ထုတ်လွှင့်နေသော အသံလွှင့်ဌာနများအား ပြင်းပြင်းထန်ထန် အတိအလင်း ရှုတ်ချကြောင်းနှင့် ကျင်းပလျက်ရှိသည့် အမျိုးသားညီလာခံကြီး အောင်မြင်စွာ ကျင်းပနေခြင်းကို နိုင်ငံသားတစ်ဦးအနေဖြင့် ဂုဏ်ယူဝမ်းမြောက်စွာဖြင့် လှိုက်လှိုက်လှဲလှဲ ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးတင်ပြသွားသည်။

ထို့နောက်သဘာပတိက တက်ရောက်လာကြသော ပြည်သူလူထု၏ သဘောထားဆန္ဒကိုရယူရာ ပြည်သူလူထုက အမျိုးသားညီလာခံကြီးအား

ကြွေးကြော်သံများ တစ်ခဲနက်ကြွေးကြော်

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော အမျိုးသားညီလာခံ ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးတွင် ကြွေးကြော်သံများကို တစ်ခဲနက် ကြွေးကြော်ကြစဉ်။

(သတင်းစဉ်)

ထို့ကြောင့် တပ်မတော်အစိုးရက နိုင်ငံတော်မှာ ခိုင်မာသည့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေးဆွဲပြဋ္ဌာန်းနိုင်ရေးအတွက် အခြေခံမူများ ချမှတ်နိုင်ရန် အမျိုးသားညီလာခံကြီးကို ၁၉၉၃ခုနှစ် ဇန်နဝါရီလကတည်းက စတင်ကျင်းပပေးခဲ့ခြင်းဖြစ်ကြောင်း။

တိုင်းသိ၊ ပြည်သိ၊ ကမ္ဘာအသိ

ယင်းကဲ့သို့ မကျင်းပခင်မှာ တပ်မတော်အစိုးရက အမျိုးသားညီလာခံကျင်းပရေး ညှိနှိုင်းဆွေးနွေးပွဲ ဦးဆောင်ကျင်းပရေးကော်မတီကို ဖွဲ့စည်းပြီး တရားဝင်တည်ရှိနေသည့် နိုင်ငံရေးပါတီများမှ ရွေးချယ်ခံထားရသည့် ကိုယ်စားလှယ်များ၊ တစ်သီးပုဂ္ဂလရွေးချယ်ခံထားရသည့် ကိုယ်စားလှယ်များနှင့် အမျိုးသားညီလာခံကျင်းပရေးကိစ္စများကို အကျေအလည် ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း၊ ငင်းအမျိုးသားညီလာခံကျင်းပရေး ညှိနှိုင်းဆွေးနွေးပွဲမှ ဖိတ်ကြားသင့်သည့် ညီလာခံကိုယ်စားလှယ်အစုအဖွဲ့များနှင့် အစုအဖွဲ့အလိုက် ပါဝင်ရမည့် အရေအတွက်ကို အားလုံးသဘောတူ အတည်ပြုချမှတ်ခဲ့သည်ဆိုသည်ကို တိုင်းသိ၊ ပြည်သိ၊ ကမ္ဘာအသိဖြစ်ကြောင်း၊ ငင်းတို့စွပ်စွဲသလို တပ်မတော်အစိုးရက ငင်းတို့သဘောဖြင့် အမျိုးသားညီလာခံကြီးကို ကျင်းပနေခြင်း မဟုတ်ဘူးဆိုသည်မှာ ထင်ရှားနေပါကြောင်း။

ထို့ကြောင့် အနှစ်သာရပြည့်ဝပြီး ဖွဲ့စည်းပုံအခြေခံဥပဒေရရှိရန် အမျိုးသားညီလာခံကြီးမှာ အခြေခံရမည့်မူ၊ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နေခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်၏ အနာဂတ်အတွက် ယခုကျင်းပနေသည့် အမျိုးသားညီလာခံကြီးမှာ အလွန်အရေးကြီးပါကြောင်း။

ဖျက်လိုဖျက်ဆီးပြုနေ

နိဂုံးချုပ်အနေဖြင့် တင်ပြလိုသည်မှာ ပြည်တွင်းပြည်ပ ဆန့်ကျင်ရေးအဖွဲ့အစည်းများက ပြင်ပနိုင်ငံအချို့၏ ကျောထောက်နောက်ခံပြုကာ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုကို အာမခံချက်ပေးမည့်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အမျိုးသားညီလာခံကို ဖျက်လိုဖျက်ဆီးပြုနေကြကြောင်း၊ ထို့ကြောင့် ဒီမိုကရေစီစနစ်ဖြစ်ပေါ်လာရေးကို ဆောင်ရွက်နေသော အမျိုးသားညီလာခံကြီးသည် နိုင်ငံတော်အတွက် အသက်တမျှ အရေးကြီးသဖြင့် ပြည်ထောင်စု၏အရှေ့ဖျားပြည်နယ်မှ မိမိဒေါ်နာခါးဘိုက လူထုကြီးကိုယ်စား အမျိုးသားညီလာခံကြီးအား ကြိုဆိုထောက်ခံပါကြောင်းဖြင့် ဆွေးနွေးထောက်ခံတင်ပြသွားသည်။

တစ်ဆင့်ပြီးတစ်ဆင့်

ဆက်လက်၍ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့်အဆိုကို ကျိုင်းတုံမြို့ ရပ်ကွက်(၁)မှ တရားရုံးချုပ်ရှေ့နေ ဦးစိုင်းကျော်ဇံက ထောက်ခံဆွေးနွေးတင်ပြရာတွင် ယခုကျင်းပနေသည့် အမျိုးသားညီလာခံသည် မိမိတို့တိုင်းပြည်၏ ပကတိအနေအထားအရ တိုင်းရင်းသားပေါင်းစုံ၊ အလွှာပေါင်းစုံမှ ကိုယ်စားလှယ်များ စနစ်တကျ ညှိနှိုင်းဆွေးနွေးတိုင်ပင်ကြပြီး တစ်ဆင့်ပြီးတစ်ဆင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် လိုအပ်သည့် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ပေးနေသည့် ညီလာခံကြီးဖြစ်ကြောင်း၊ အမျိုးသားညီလာခံကြီး၏ ဦးတည်ချက်ခြောက်ရပ်သည် မိမိတို့မြန်မာနိုင်ငံနှင့် ကိုက်ညီသည့် ဦးတည်ချက်များဖြစ်ကြောင်း။

အမျိုးသားညီလာခံကြီးတွင် တက်ရောက်နေကြသည့် ညီလာခံ ကိုယ်စားလှယ်၁၀၀၀ကျော်သည် ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် နေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ လူထုလူတန်းစားအလွှာပေါင်းစုံမှ ပုဂ္ဂိုလ်များဖြစ်ကြကြောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်သည့်နေရာတွင် ကိုယ်စားလှယ်များ လွတ်လပ်စွာ ညှိနှိုင်းဆွေးနွေးဆောင်ရွက်ကြခြင်းဖြစ်ကြောင်း။

မလိုတမာပုတ်ခတ်ပြောဆို

ကိုလိုနီခေတ်အဆက်ဆက် တစ်ဦးနှင့်တစ်ဦး တိုင်းရင်းသားညီအစ်ကို အချင်းချင်း စိတ်ဝမ်းကွဲပြားအောင် နယ်ချဲ့တွေက ပြောဆိုသွေးခွဲခဲ့ကြ

နိုင်ငံတော်အနာဂတ်ကောင်းကျိုးကို ဖော်ဆောင်မည့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံကြောင်းအဆိုကို အလေးအနက် ထောက်ခံအပ်ပါကြောင်းဖြင့် ဆွေးနွေးထောက်ခံ တင်ပြသွားသည်။

မျက်ဝါးထင်ထင်တွေ့မြင်

ယင်းနောက် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့်အဆိုကို ကျိုင်းတုံမြို့ အမှတ်(၅)ရပ်ကွက်မှ မြို့မိမြို့ဖ ဦးမင်းညိုက ထောက်ခံဆွေးနွေးတင်ပြရာတွင် ယနေ့ မြန်မာနိုင်ငံ၏ အခြေအနေမှန်ကို ဓမ္မဓိဋ္ဌာန်ကျကျ လေ့လာကြည့်မည်ဆိုလျှင် ယခင်ခေတ်ကာလများနှင့် မတူဘဲ အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်လာနေပြီဆိုတာ မျက်ဝါးထင်ထင် တွေ့မြင်ကြရမှာဖြစ်ကြောင်း၊ ပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်း

ကြိုဆိုထောက်ခံကြောင်း တညီတညွတ်တည်း သဘောတူဆန္ဒပြုကြသည့်အတွက် လူထုအစည်းအဝေးက အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံကြောင်း ကြေညာသည်။

တစ်ခဲနက်ကြွေးကြော်

ယင်းနောက် အခမ်းအနားသို့တက်ရောက်လာကြသည့် ပြည်သူလူထုက ကြွေးကြော်သံများကို တစ်ခဲနက်ကြွေးကြော်ကြပြီး နံနက်၁၀နာရီ မိနစ်၄၀တွင် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံပွဲအခမ်းအနား အောင်မြင်စွာကျင်းပပြီးစီးသွားသည်။

(သတင်းစဉ်)

ဓမ္မသဘင်နှင့် ဆွမ်းအောင်ပွဲ

ရန်ကုန် ဇန်နဝါရီ ၁၂

တာမွေမြို့နယ် ကျားကွက်သစ်ရပ်ကွက် ဣန္ဒာသရလမ်း မြသီဂီ ဓမ္မာရုံမိသားစု ဆွမ်းလောင်းအသင်းမှ တတိယအကြိမ် ဓမ္မသဘင်နှင့် ပထမနှစ် ဆွမ်းအောင်ပွဲအဖြစ် ဇန်နဝါရီ ၁၅ရက်တွင် စစ်ကိုင်း ရွှေဟင်္သာ ဆရာတော်၊ ၁၆ရက်တွင် သီတဂူ ကြာတစ်ပွင့်ဆရာတော်၊ ၁၇ရက်တွင် ဓမ္မဒူတဆရာတော်နှင့် ၁၈ရက်တွင် ရွှေပါရမီတောရ ဆရာတော်တို့က ညစဉ် ၆နာရီတွင် တရားတော်များ ဟောကြားမည်ဖြစ်ရာ တရားတော်နာကြွရောက်ရန် ဖိတ်ကြားထားကြောင်း သိရသည်။ **(က–ပ)**

စမ်းချောင်းလမ်း ၁၀ရက်တရားစခန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၁၂

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏တပည့် အနာဂါမ်ဆရာသက်ကြီး၏ ကိုယ်တွေ့ဉာဏ်မြင် သမထဝိပဿနာအကျင့်မြတ် အလုပ်တရားတော်ကြီးကို ကမ္မဋ္ဌာန်းနည်းပြဆရာ ဦးကျော်နိုင်ထွန်းက ဇန်နဝါရီ ၁၅ရက်မှ ၂၄ရက်အထိ စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်း အမှတ် ၂၉ ဒုတိယလွှာတွင် မွန်းတည့် ၁၂နာရီမှ ညနေ ၅နာရီအထိ နေ့စဉ်ဓမ္မဒါန ပြုလုပ်မည်ဖြစ်ရာ မည်သူမဆို လာရောက် တရားအားထုတ်နိုင်ကြောင်း သိရသည်။ **(က–ပ)**

MRTV-4 ..... ရုပ်မြင်သံကြားအစီအစဉ်

၁၃–၁–၂၀၀၆

(သောကြာနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	ယဉ်ကျေးမှုလက်ရာစုံစွာ ဘုရားအာနန္ဒာ
၇:၁၅	သာယာချိုအေး (၃၈)ဖြာမင်္ဂလာတေး (ဒုစရိုက်တရား မြဲရှောင်ရှား)
၇:၂၅	တေးဂီတအစီအစဉ်
၇:၃၀	သာသနာ့အနွယ်ဝင် သီလရှင်
၇:၄၅	Myanmar Video Rhythm
၈:၃၅	နိုင်ငံတကာသတင်းအကျဉ်း
၈:၄၀	တေးဂီတအစီအစဉ်
၈:၄၅	အသည်းရောင်အသားဝါ(ဘီ) ရောဂါအကြောင်းဟောပြောချက် အပိုင်း(၃) (ပါမောက္ခဦးခင်မောင်ဝင်း)
၉:၀၀	မိုးလေဝသခန့်မှန်းချက်
၉:၀၅	တေးဂီတအစီအစဉ်
၉:၁၀	မြန်မာစာ မြန်မာစကား
၉:၂၅	ပြည်တွင်းသတင်းအကျဉ်း
၉:၃၀	တေးဂီတအစီအစဉ်
၉:၃၅	စည်းကမ်းလိုက်နာ ဘေးကင်းကွာ
၉:၄၅	မြန်မာ့ရိုးရာ ခြင်းလုံးခတ်ပြိုင်ပွဲ အပိုင်း(၁)
၁၀:၁၅	တေးဂီတအစီအစဉ်
၁၀:၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၂၅	သိပ္ပံအကြောင်း သိကောင်းစရာ(သိပ္ပံမှူးတင်) ဆေးရွက်ကြီးအန္တရာယ်
၁၁:၀၀	တေးဂီတအစီအစဉ်
၁၁:၀၅	မြန်မာ့သစ်လုပ်ငန်း အမှတ်(၁၃)ပရိဘောဂစက်ရုံ
၁၁:၂၀	ရေကူးရအောင်
၁၁:၄၀	ပြည်တွင်းသတင်းအကျဉ်း
၁၁:၄၅	တေးဂီတအစီအစဉ်
၁၁:၅၀	ကျေးလက်ဒေသဖွံ့ဖြိုးရေး အတွက် စပါးခွံဓာတ်ငွေ့ သုံးစက်
၁၂:၀၀	MRTV-4 အပိတ် Logo

အထက်ပါ ငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုမှုအသွင်သဏ္ဍာန်နှင့် အနှစ်သာရ အပိုင်း(၆)

ခိုး[...]

ဥပဒေဟုဆိုလိုက်လျှင် ခံ့ခံ့ညားညားစာပေစကားဖြစ်၍ နားလည်ရခက်သည်ဟု အများစုက ယူဆကြသည်။ အခြေခံဥပဒေဟုဆိုလျှင် ပုဒ်ထီးပုဒ်မများဖြင့် ပို၍နားလည်ရခက်သည်ဟု တွက်ဆကြသည်။ အမှန်မှာ အဓိပ္ပာယ်တိကျပေါ်လွင်အောင်၊ ဥာန်ကရိုင်းကျအောင် ရေးသားထားသဖြင့် နားလည်ရခက်သလို ဖြစ်နေခြင်းသာ ဖြစ်ပါသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်ရမည့် အခြေခံမူနှင့် အသေးစိတ် အခြေခံရမည့်မူများသည်လည်း ထိုနည်းငှင်းပင် ဖြစ်သည်။ သို့ရာတွင် အဆိုပါ အခြေခံမူများနှင့် အသေးစိတ် အခြေခံရမည့်မူများ၏ ဆိုလိုရင်းအဓိပ္ပာယ်ကို နားလည်သဘောပေါက်လာသည့်အခါ၌ တစ်နိုင်ငံလုံးအတွက်သော် လည်းကောင်း၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအတွက်သော် လည်းကောင်း၊ မိမိတို့ ကိုယ်စီကိုယ်င ပုဂ္ဂလိက တစ်ဦးချင်း အတွက်သော် လည်းကောင်း ကိုယ်စားပြု၊ အကျိုးပြုနေသည့် အကြောင်းအရာ အချက်အလက်များ ဖြစ်နေကြောင်း ဝမ်းသာအားရ တွေ့ရှိကြရမည် ဖြစ်ပါသည်။

အမျိုးသားညီလာခံကြီးက ညှိနှိုင်းဆွေးနွေးချမှတ်ပေးထားသည့် အခြေခံမူများနှင့် အသေးစိတ် အခြေခံရမည့်မူများဖြင့် ပါဝင်ရေးဆွဲပြဋ္ဌာန်းသွားမည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အကြောင်းအရာအချက်အလက်များကို အများပြည်သူတို့ ပိုမိုနားလည်သဘောပေါက်စေရန်အတွက် ဘကြီးစိုး၊ ကြီးကြီးမြနှင့် ကျွန်တော်တို့၏ စကားဝိုင်းဆွေးနွေးမှုများမှတစ်ဆင့် ရှင်းလင်းတင်ပြခဲ့ပါသည်။

အဆိုပါ ရှင်းလင်းတင်ပြချက်များကို နှစ်ခြိုက်သဘောကျကြောင်း ပြန်လည်ကြားသိရသဖြင့် ရုံးပိတ်ရက်၌ အမျိုးသားညီလာခံမှ ခွင့်ပန်၍ ပြန်လာသော ဘကြီးစိုးထံသို့ ကျွန်တော်ဝမ်းသာအားရသွားရောက်ခဲ့ရပြန်ပါသည်။

စိုးမြကျော် – ဘကြီးခင်ဗျာ။ ဒီနေ့တော့ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် ချမှတ်ထားတဲ့ အသေးစိတ်အခြေခံရမယ့် မူတွေနဲ့ စပ်လျဉ်းပြီး ရှင်းပြပေးပါဦး။

ဘကြီးစိုး – **အမျိုးသားညီလာခံက "နိုင်ငံတော်၏ ဥပဒေပြုရေးအာဏာကို ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်များအား ခွဲဝေအပ်နှင်းသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများအား နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေက သတ်မှတ်သော ဥပဒေပြုရေးအာဏာကို ခွဲဝေအပ်နှင်းမည်"လို့ အခြေခံမူချမှတ်ထားခဲ့ပါတယ်။**

စိုးမြကျော် – ဟုတ်ကဲ့ပါဘကြီး။ အဲဒီအခြေခံမူနဲ့အညီ ဥပဒေပြုခွင့်အာဏာ ခွဲဝေအပ်နှင်းရာမှာ ဖြစ်သင့်ဖြစ်ထိုက်၊ ရသင့်ရထိုက်၊ ခွဲဝေပေးသင့် ခွဲဝေပေးထိုက်တဲ့အတိုင်း အသေးစိတ်အခြေခံရမယ့်မူတွေ ချမှတ်နိုင်ဖို့အတွက် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီက ဥာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်တွေ၊ ကျွမ်းကျင်သူတွေကို ဖိတ်ကြားဆွေးနွေးပြီး လိုအပ်တဲ့ အချက်အလက် အထောက်အထားတွေ ကြိုတင်စုဆောင်း လေ့လာခဲ့တာ အမှတ်ရနေပါသေးတယ်။ အဲဒီတုန်းက ကျွန်တော်တို့လည်း ဥာနဆိုင်ရာ အနေနဲ့ ပါဝင်ဆွေးနွေးခဲ့ရပါတယ်။

ဘကြီးစိုး – ဘကြီးတို့ အမျိုးသားညီလာခံကိုယ်စားလှယ်တွေကလည်း ဥပဒေပြုရေးအာဏာ ခွဲဝေအပ်နှင်းခြင်းနဲ့စပ်လျဉ်းပြီး ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှာပါရှိတဲ့ ပြည်ထောင်စုဥပဒေပြုစာရင်းနဲ့ ပြည်နယ်ဥပဒေပြုစာရင်းတွေကို လေ့လာခဲ့ကြသလို အခြားနိုင်ငံတွေရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတွေကိုလည်း လေ့လာခဲ့ကြပါတယ်။

စိုးမြကျော် – အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဝင်တွေ နှစ်ရှည်လများ ကြည့်ရှုလေ့လာထားတဲ့ နိုင်ငံအသီးသီးရဲ့ အခြေခံဥပဒေစာအုပ်တွေ သူတို့ရုံးမှာ အများကြီးပဲလို့ မိတ်ဆွေတစ်ယောက်က ပြန်ပြောပြတာမို့ တအံ့တသြ ဖြစ်ခဲ့ရပါသေးတယ်။

ဘကြီးစိုး – အဲဒီလို ပူးပေါင်းအားထုတ်လုပ်ဆောင်မှုတွေအရ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နဲ့ အဲဒီလွှတ်တော်နှစ်ရပ်ပါရှိတဲ့ ပြည်ထောင်စုလွှတ်တော်နဲ့ တိုင်းဒေသကြီးလွှတ်တော်၊ ပြည်နယ်လွှတ်တော်တို့ကို ခွဲဝေအပ်နှင်းသင့်တဲ့ ဥပဒေပြုစာရင်းတွေကို အကျေအလည် ညှိနှိုင်းဆွေးနွေးပြီး ဆုံးဖြတ်သတ်မှတ်နိုင်ခဲ့ကြတာပဲ ဖြစ်ပါတယ်။

စိုးမြကျော် – ဥပဒေပြုစာရင်းမှာပါဝင်တဲ့ ကဏ္ဍတွေကို သိပါရစေဘကြီး။

ဘကြီးစိုး – ဥပဒေပြုရေးဆိုင်ရာ အသေးစိတ်အာဏာခွဲဝေနိုင်ဖို့အတွက် **"ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍ၊ နိုင်ငံခြားရေးကဏ္ဍ၊ ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ၊ စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ စီမံခန့်ခွဲရေးကဏ္ဍ၊ တရားစီရင်ရေးကဏ္ဍ"**ဆိုပြီး ကဏ္ဍကြီး ၁၁ရပ် သတ်မှတ်ဆောင်ရွက်ခဲ့တယ်။

ကြီးကြီးမြ – ကဏ္ဍကြီး ၁၁ ရပ်တင် ဘယ်ကမလဲမောင်ကျော်ရယ်။ အခြားကိစ္စရပ် ငါးခုဖြစ်တဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဦးစီးအဖွဲ့များရဲ့ ဥပဒေပြုခွင့်အာဏာ၊ ပြည်ထောင်စုနဲ့ ဥပဒေပြုအဖွဲ့အသီးသီးရဲ့ ဥပဒေပြုစာရင်းမှာ ဖော်ပြမထားတဲ့ အခြားကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဥပဒေပြုအာဏာခွဲဝေအပ်နှင်းရေး၊ ပြည်ထောင်စုနယ်မြေများအတွက် ဥပဒေပြုခွင့်အာဏာ၊ လွှတ်တော်အဆင့်ဆင့်နဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု ဦးစီးအဖွဲ့များက ပြဋ္ဌာန်းတဲ့ ဥပဒေများရဲ့ အကျိုးသက်ရောက်မှု၊ ဘဏ္ဍာရေးကော်မရှင် ဖွဲ့စည်းခြင်း၊ ပြည်ထောင်စုနဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအကြား အခွန်တော်ကောက်ခံခြင်းနဲ့ ဘဏ္ဍာငွေခွဲဝေ သုံးစွဲခြင်းတို့နဲ့ ပတ်သက်လို့လည်း အသေးစိတ် အခြေခံရမယ့်မူတွေ ရအောင် ဆောင်ရွက်ခဲ့ကြတယ်ကွယ့်။

စိုးမြကျော် – ဟုတ်ကဲ့ပါကြီးကြီး။ ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းနဲ့ ပတ်သက်လို့ ပိုပြီး ကျယ်ကျယ်ပြန့်ပြန့် သိနိုင်အောင် ဆက်ရှင်းပြပေးပါဦး။

ဘကြီးစိုး – အဲဒီကဏ္ဍကြီး(၁၁)ရပ်အနက် ပြည်ထောင်စုကြီးတစ်ခုလုံးကို လွှမ်းခြုံဆောင်ရွက်ရမယ့် ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍ၊ နိုင်ငံခြားရေးကဏ္ဍနဲ့ တရားစီရင်ရေးကဏ္ဍ သုံးခုကိုတော့ ပြည်ထောင်စုဥပဒေစာရင်းမှာပဲ အာဏာအပ်နှင်းထားတယ်ကွယ့်။

စိုးမြကျော် – အဲဒီလို ပြည်ထောင်စုကိုပဲ ဥပဒေပြုခွင့်အာဏာ အပ်နှင်းထားတာဟာ ဗဟိုက ချုပ်ကိုင်ထားတဲ့ သဘောဖြစ်ကြောင်း တချို့သော မကောင်းမြင်သမားတွေက ဝေဖန်ပုတ်ခတ်နေကြပါတယ်။ ဒါနဲ့ ပတ်သက်ပြီး အခြေအနေအမှန်ကို သိပါရစေဘကြီး။

ဘကြီးစိုး – နိုင်ငံတော်အတွက် အရေးကြီးကိစ္စတွေမှာ တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်း မဖြစ်သင့်ဘဲ ပြည်ထောင်စုတစ်ဝန်းလုံးမှာ တစ်ပြေးညီကျင့်သုံးသင့်တယ်လေ။ ဥပမာ– တစ်နိုင်ငံလုံးအတွက် ခြုံငုံစဉ်းစားဆောင်ရွက်ရမယ့် ကာကွယ်ရေးနဲ့ လုံခြုံရေးကိစ္စမျိုးမှာ တိုင်းဒေသကြီးတွေ၊ ပြည်နယ်တွေက ဥပဒေအမျိုးမျိုး ပြဋ္ဌာန်းနေကြမယ်ဆိုရင် တစ်နိုင်ငံလုံးရဲ့ ကာကွယ်ရေးနဲ့ လုံခြုံရေးကို စီမံရာမှာ အခက်အခဲ အားနည်းချက်အမျိုးမျိုးနဲ့ ကြုံတွေ့နိုင်ပြီး အကောင်းဆုံး၊ အပြည့်စုံဆုံး၊ အခိုင်မာဆုံး ကာကွယ်ရေးနဲ့ လုံခြုံရေးအစီအမံဖြစ်အောင် ဆောင်ရွက်နိုင်မှာ မဟုတ်ပါဘူး။ ဒါကြောင့် ကာကွယ်ရေးနဲ့ လုံခြုံရေးကဏ္ဍကို ပြည်ထောင်စုဥပဒေပြုစာရင်းမှာ ထည့်သွင်းရတာ ဖြစ်တယ်ကွယ့်။ အလားတူ နိုင်ငံခြားရေးကဏ္ဍနဲ့ တရားစီရင်ရေးကဏ္ဍတွေဟာလည်း တစ်နိုင်ငံလုံးအတွက် ခြုံငုံသုံးသပ် ဥပဒေပြဋ္ဌာန်းဆောင်ရွက်မှသာ တိုင်းပြည်နဲ့ လူမျိုးကို အကောင်းဆုံး အကျိုးပြုနိုင်မှာဖြစ်လို့ ဒီကဏ္ဍတွေကိုလည်း ပြည်ထောင်စုဥပဒေပြုစာရင်းမှာ ထည့်သွင်းထားရတာ ဖြစ်ပါတယ်။

စိုးမြကျော် – ရှင်းပါပြီဘကြီး။ ဗဟိုက ချုပ်ကိုင်ထားတာမဟုတ်ဘဲ နိုင်ငံတော်ရဲ့ အစိတ်အပိုင်း အားလုံးမှာ တစ်ပြေးညီ ကျင့်သုံးနိုင်မှသာ တိုင်းပြည်နဲ့ လူမျိုးအတွက် အကောင်းဆုံး အကျိုးဖြစ်ထွန်း နိုင်မှာမို့ ပြည်ထောင်စုဥပဒေပြုစာရင်းမှာ ထည့်သွင်းထားရခြင်း ဖြစ်ကြောင်း ပေါ်လွင်ထင်ရှားနေပါတယ်။

ကြီးကြီးမြ – မှန်တာပေါ့ကွယ်။ နိုင်ငံတော် ကာကွယ်ရေးဟာ နိုင်ငံတိုင်းအတွက် အသက်တမျှ အရေးကြီးတဲ့ကိစ္စဖြစ်လို့ ဥပဒေအမျိုးမျိုးနဲ့ ဝိဝါဒကွဲပြားနေလို့မဖြစ်ဘူး။ ဥပဒေတစ်ခုတည်းအောက်မှာ တောင့်တင်းတဲ့ ကာကွယ်ရေးအင်အားကို ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ဖို့ လိုတယ်ကွယ့်။ ဒို့နိုင်ငံမှာ ကာကွယ်ရေးအင်အားချည့်နဲ့ခဲ့လို့ ဗြိတိသျှကိုလိုနီနယ်ချဲ့ လက်အောက်ခံ ကျွန်သပေါက်ဘဝ ကျရောက်ခဲ့ကြရပြီးပြီ မဟုတ်လား။ ဒါကို အစဉ်အမြဲ သတိရှိကြဖို့ လိုအပ်ပါတယ်။

ဘကြီးစိုး – ဒို့နိုင်ငံမှာတင် မဟုတ်ပါဘူးကွယ်။ နိုင်ငံတိုင်းလိုလိုမှာလည်း နိုင်ငံတော်ကာကွယ်ရေးဆိုင်ရာ ဥပဒေပြုခွင့်အာဏာကို တစ်နိုင်ငံလုံးက ကိုယ်စားလှယ်တွေ ပါဝင်ပြီး တစ်နိုင်ငံလုံး အရေးကိစ္စကို ဆောင်ရွက်ပေးနေတဲ့ ဗဟိုအဆင့် လွှတ်တော်တွေကိုသာ အပ်နှင်းလေ့ရှိကြပါတယ်။

ကြီးကြီးမြ – မင်းဘကြီးရှင်းပြခဲ့တဲ့အတိုင်း နိုင်ငံတကာမှာ ကာကွယ်ရေးနဲ့ လုံခြုံရေးဆိုင်ရာ ဥပဒေပြုခွင့်အာဏာကို ဗဟိုကကျင့်သုံးသလို မြန်မာနိုင်ငံရဲ့ ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှာလည်း နိုင်ငံတော်ကာကွယ်ရေးနဲ့စပ်လျဉ်းတဲ့ ဥပဒေပြုခွင့်အာဏာကို ဗဟိုအဆင့်မှာရှိတဲ့ ပါလီမန်ကိုပဲ အပ်နှင်းထားတာ တွေ့ရတယ်ကွယ့်။

စိုးမြကျော် – မှန်ပါတယ်ခင်ဗျာ။ **"နိုင်ငံတော် ကာကွယ်ရေးတာဝန်သည် နိုင်ငံသားအားလုံး၏ မွေးရာပါတာဝန်ဖြစ်သည်"**ဆိုတဲ့ စကားနဲ့အညီ တစ်နိုင်ငံလုံး၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနဲ့ သက်ဆိုင်နေတဲ့ ကာကွယ်ရေးနဲ့ လုံခြုံရေးကဏ္ဍကို ပြည်ထောင်စုဥပဒေပြုစာရင်းမှာ ထည့်သွင်းထားတာဟာ သဘာဝကျပါတယ်။ အဲဒီကဏ္ဍမှာ ပါဝင်တဲ့ ကိစ္စရပ်တွေကို သိပါရစေဘကြီး။

ကျင်းပလျက်ရှိသော အမျိုးသားညီလာခံကြီးတွင် နိုင်ငံတော် ဖွဲ့စ[...] ရေးဆွဲရေးအတွက် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်[...] ကိုယ်စားလှယ်များက ညှိနှိုင်းဆွေးနွေး ချမှတ်ပေးလျက်ရှိနေပါသည်။ အ[...] နှင့် အသေးစိတ်အခြေခံရမည့်မူများကို လေ့လာကြည့်ရှုခြင်းအားဖြင့် အ[...] အသွင်သဏ္ဍာန်နှင့် အနှစ်သာရကို ရှုမြင်ပုံဖော်လာနိုင်မည်ဖြစ်ပါသည်[...] နိုင်ငံတော်၏ အသွင်သဏ္ဍာန်နှင့် အနှစ်သာရကို ရှုမြင်နိုင်ရေးအတွက် [...] ဆိုင်ရာ ဆောင်းပါးများကို နေ့စဉ်ဖော်ပြသွားမည် ဖြစ်သည်။

ဘကြီးစိုး – ပြည်ထောင်စုဥပဒေပြုစာရင်းမှာ အာဏာခွဲဝေအပ်နှင်းထားတဲ့ နိုင်ငံတော်ကာကွယ်ရေးနဲ့ လုံခြုံရေးဆိုင်ရာကိစ္စရပ်တွေကတော့

(၁) **ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ နယ်မြေအစိတ်အပိုင်းများ ကာကွယ်ရေး၊ ယင်းသို့ ကာကွယ်ရေးအတွက် စီမံပြင်ဆင်ခြင်း၊**

(၂) **ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ စက်မှုလက်မှုလုပ်ငန်းများ၊**

(၃) **ဇီဝနှင့် ဓာတုစသည့် လက်နက်များအပါအဝင် လက်နက်၊ ခဲယမ်းမီးကျောက်များနှင့် ပေါက်ကွဲစေသည့်ပစ္စည်းများ၊**

(၄) **အဏုမြူစွမ်းအင်၊ အဏုမြူလောင်စာ၊ အဏုမြူရောင်ခြည်နှင့် ယင်းတို့ကို ဖြစ်ထွန်းစေသော ဓာတ်သတ္တုပင်ရင်း အခြေ အမြစ်များ၊**

(၅) **စစ်ကြေညာခြင်းနှင့် စစ်ပြေငြိမ်းခြင်း၊**

(၆) **နိုင်ငံတော်တည်ငြိမ်ရေး၊ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊**

(၇) **ရဲတပ်ဖွဲ့**တို့ပဲ ဖြစ်ပါတယ်။

စိုးမြကျော် – ကိစ္စရပ်တစ်ခုချင်း ဆွေးနွေးပေးပါဦး ဘကြီး။

ဘကြီးစိုး – ဘကြီးတို့ မြန်မာနိုင်ငံဟာ နယ်ချဲ့ရဲ့ ကျူးကျော်မှုကြောင့် နှစ်ပေါင်း ၁၀၀ ကျော် ကိုလိုနီလက်အောက်ခံဘဝနဲ့ နေခဲ့ရတယ်။ လွတ်လပ်ရေးရပြီးတဲ့ နောက်ပိုင်းကျပြန်တော့လည်း နယ်ချဲ့ ပယောဂကြောင့် စည်းလုံးမှုပျက်ပြားခဲ့တဲ့အတွက် တပ်မတော်က ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ခဲ့ရတယ်။

ကြီးကြီးမြ – ဒါ့အပြင် ၁၉၅၀ တစ်ဝိုက်မှာ တရုတ်ဖြူကူမင်တန်တပ်တွေက နိုင်ငံခြားဆရာကြီးတွေရဲ့ အထောက်အပံ့နဲ့ ရှမ်းပြည်နယ်အတွင်းကို ဝင်ရောက်ကျူးကျော်ခဲ့လို့ တပ်မတော်က ပြန်လည် တွန်းလှန်တိုက်ထုတ်ခဲ့ရတယ်။ အဲဒီနောက်ပိုင်းမှာလည်း နိုင်ငံခြားတိုင်းပြည်အချို့ရဲ့ ပမာမခန့်ပြုမှုတွေ၊ ထိပါးရန်စမှုတွေကို ခံခဲ့ရတယ် မဟုတ်လား။

စိုးမြကျော် – ယနေ့နိုင်ငံတကာအခြေအနေကိုကြည့်ရင်လည်း လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီရေးကို အကြောင်းပြပြီး နိုင်ငံကြီးအချို့က နိုင်ငံငယ်တွေကို သြဇာလွှမ်းမိုးဖို့ ဖန်တီးနေကြတာ တွေ့ရပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ကာကွယ်ရေးနဲ့လုံခြုံရေးအင်အား တောင့်တင်းမှသာ တိုင်းတစ်ပါးရဲ့ခြိမ်းခြောက်မှု၊ ရန်စမှု၊ ကျူးကျော်မှုတွေကို တွန်းလှန်ပြီး ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲအောင် ကာကွယ်စောင့်ရှောက်သွားနိုင်မှာ ဖြစ်ပါတယ်။ အဲဒီလို ကာကွယ်စောင့်ရှောက်နိုင်ဖို့အတွက် လိုအပ်တဲ့ဥပဒေတွေကို ပြဋ္ဌာန်းပေးရမှာဖြစ်ပါတယ်။

ဘကြီးစိုး – ဒါကြောင့်လည်း အမျိုးသားညီလာခံက မြန်မာနိုင်ငံကို တိုင်းတစ်ပါးမှ ကျူးကျော်တိုက်ခိုက်ခြင်းမပြုနိုင်အောင် ကာကွယ်ဖို့အတွက် အင်အားတောင့်တင်းပြီးခေတ်မီတဲ့ တစ်ခုတည်းသော တပ်မတော်ထားရှိဖို့နဲ့ မည်သည့်နိုင်ငံခြားတပ်ဖွဲ့ကိုမျှ မြန်မာနိုင်ငံမှာ တပ်ချခွင့်ပြုမှာမဟုတ်ကြောင်း အခြေခံရမယ့်မူတွေ ချမှတ်ထားတာဖြစ်တယ်ကွယ့်။ အဲဒီလို နိုင်ငံတော်မှာ ခိုင်မာတောင့်တင်းတဲ့ ကာကွယ်ရေးအင်အားရှိဖို့ ဆောင်ရွက်ကြမယ်ဆိုရင် တစ်မှုဟုတ်ချင်းဆောင်ရွက်လို့ ရနိုင်မှာမဟုတ်ဘူး။ လိုအပ်တာတွေကို ကြိုတင်စီမံပြင်ဆင်ကြရမှာပဲဖြစ်တယ်။ ဥပဒေပြုဖို့ လိုအပ်လာရင် ဥပဒေတွေပြဋ္ဌာန်းကြရမှာဖြစ်တယ်။ ဒါကြောင့်မို့ **ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ နယ်မြေ[...] ယင်းသို့ ကာကွယ်ရေးအတ[...]** လိုအပ်တဲ့အခါ ဥပဒေပြဋ္ဌာ[...] ဥပဒေပြုစာရင်းမှာ ထည့်သွ[...]

စိုးမြကျော် – သဘောပေါက်ပြီဘကြီး။ အဲဒ[...] **နှင့် လုံခြုံရေးဆိုင်ရာစက်မှုလ[...]** ပြည်ထောင်စုဥပဒေပြုစာရင်းမ[...]

ဘကြီးစိုး – မောင်ကျော်ပြောတာမှန်ပါတ[...] လုံခြုံရေးဟာ ဆက်စပ်နေပြန်[...] ကျူးကျော်လာမယ့်အန္တရာယ[...] ရမှာဖြစ်သလို ပြည်တွင်းမှာလ[...] စည်းစိမ်လုံခြုံအောင် ကာကွယ[...] အဲဒီလိုကာကွယ်စောင့်ရှောက[...] **လက်နက်များအပါအဝင်လ[...] ပေါက်ကွဲစေသည့် ပစ္စည်းများ[...]** ပေးမယ့် ဥပဒေတွေပြဋ္ဌာန်း[...]

စိုးမြကျော် – လက်နက်ခဲယမ်းတွေကို စ[...] ခွင့်ပေးထားတဲ့ အချို့နိုင်ငံ[...] ကျွန်တော်တို့ နိုင်ငံမှာမကြုံ[...] ပေးထားတာပဲနော်။

ဘကြီးစိုး – အလားတူပဲ အဏုမြူစွမ်းအင်၊အ[...] ပြည်သူတွေ အတွက်အကျိုး[...] နိုင်ငံတော်ကထိန်းချုပ်သွားဖို[...] စေတဲ့ ဓာတ်သတ္တုပင်ရင်းအ[...] လိုအပ်မှာ ဖြစ်တယ်။ ဒါ့[...] **လောင်စာ၊ အဏုမြူရောင်ခြ[...] ဓာတ်သတ္တုပင်ရင်းအခြေအ[...]** ဥပဒေပြုစာရင်းမှာ ထည့်သွ[...]

စိုးမြကျော် – နိုင်ငံအတော်များများရဲ့ ဖွဲ့စ[...] အခါမှာ တစ်နိုင်ငံလုံးနဲ့၊ [...] စစ်ကြေညာခြင်းနဲ့စစ်ပြေငြိမ်း[...] အမြင့်ဆုံးဥပဒေပြုအဖွဲ့အစ[...] အပ်နှင်းထားတာ တွေ့ရပါ[...]

ကြီးကြီးမြ – ၁၉၄၇ဖွဲ့စည်းအုပ်ချုပ်ပုံအခြေ[...] စစ်ပြေငြိမ်းခြင်းဆိုင်ရာ ဥပ[...] ကိုင်တွယ်ကျင့်သုံးခဲ့တယ်။ ၁[...] ပြည်သူ့လွှတ်တော်က ကျင့်[...]

ဘကြီးစိုး – ထို့အတူပဲ နိုင်ငံတစ်နိုင်ငံ ဖွံ့[...] တည်ငြိမ်မှုရှိပြီး အေးချမ်းသာ[...] ရှိရမှာဖြစ်တယ်။ အဲဒီအတွက်[...] တစ်နိုင်ငံလုံးမှာ တစ်ပြေးညီ[...] သက်ဆိုင်ရာ နိုင်ငံတွေရဲ့ [...] ဥပဒေပြဋ္ဌာန်းလေ့ရှိကြတယ်[...]

စိုးမြကျော် – ဒါကြောင့် ကျွန်တော်တို့နို[...] **တည်ငြိမ်ရေး၊ အေးချမ်းသာ[...]** စပ်လျဉ်းပြီး ပြည်ထောင်စုဥ[...] ထားတာကိုတွေ့ရပါတယ် [...]

(၆)

စိုးမြကျော်

ခံကြီးတွင် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ အသေးစိတ်အခြေခံရမည့်မူများကို ညီလာခံ ပ်ပေးလျက်ရှိနေပါသည်။ အဆိုပါ အခြေခံမူများ လာကြည့်ရှုခြင်းအားဖြင့် အနာဂတ်နိုင်ငံတော်၏ ဖော်လာနိုင်မည်ဖြစ်ပါသည်။ ယင်းသို့ အနာဂတ် ရကို ရှုမြင်နိုင်ရေးအတွက် အမျိုးသား ညီလာခံ ားမည် ဖြစ်သည်။

မြန်မာနိုင်ငံတော်၏ နယ်မြေအစိတ်အပိုင်းများ ကာကွယ်ရေး၊ ယင်းသို့ ကာကွယ်ရေးအတွက် စီမံပြင်ဆင်ခြင်းနဲ့စပ်လျဉ်းပြီး လိုအပ်တဲ့အခါ ဥပဒေပြဋ္ဌာန်းပေးနိုင်ဖို့အတွက် ပြည်ထောင်စု ဥပဒေပြုစာရင်းမှာ ထည့်သွင်းထားတာပဲဖြစ်တယ်။

စိုးမြကျော် – သဘောပေါက်ပြီဘကြီး။ အဲဒီအချက်နဲ့ဆက်စပ်ပြီး **ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာစက်မှုလက်မှုလုပ်ငန်းများ** ကိစ္စများကိုလည်း ပြည်ထောင်စုဥပဒေပြုစာရင်းမှာပဲ ထည့်သွင်းထားတာမဟုတ်လား။

ဘကြီးစိုး – မောင်ကျော်ပြောတာမှန်ပါတယ်။ နိုင်ငံတော် ကာကွယ်ရေးနဲ့ လုံခြုံရေးဟာ ဆက်စပ်နေပြန်တယ်။ နိုင်ငံတော်အနေနဲ့ ပြည်ပမှ ကျူးကျော်လာမယ့်အန္တရာယ်တွေမကျရောက်အောင် ကာကွယ်ရမှာဖြစ်သလို ပြည်တွင်းမှာလည်း ပြည်သူတွေရဲ့ အသက်အိုးအိမ် စည်းစိမ်လုံခြုံအောင် ကာကွယ်စောင့်ရှောက်ပေးရမှာပဲဖြစ်တယ်။ အဲဒီလိုကာကွယ်စောင့်ရှောက်ပေးဖို့အတွက် **ဇီဝနှင့် ဓာတုစသည့် လက်နက်များအပါအဝင်လက်နက်၊ ခဲယမ်း မီးကျောက်များနှင့် ပေါက်ကွဲစေသည့် ပစ္စည်းများ**နဲ့ စပ်လျဉ်းပြီး တိတိကျကျထိန်းချုပ်ပေးမယ့် ဥပဒေတွေပြဋ္ဌာန်းပေးဖို့ လိုအပ်လာပြန်တယ်။

စိုးမြကျော် – လက်နက်ခဲယမ်းတွေကို စည်းမဲ့ကမ်းမဲ့ ပရမ်းပတာကိုင်ဆောင်ခွင့်ပေးထားတဲ့ အချို့နိုင်ငံတွေမှာကြုံတွေ့နေရတဲ့ အနိဋ္ဌာရုံမျိုး ကျွန်တော်တို့ နိုင်ငံမှာမကြုံတွေ့ရအောင် ကာကွယ်စောင့်ရှောက်ပေးထားတာပဲနော်။

ဘကြီးစိုး – အလားတူပဲ အဏုမြူစွမ်းအင်၊အဏုမြူလောင်စာ၊ အဏုမြူရောင်ခြည်တွေကို ပြည်သူတွေ အတွက်အကျိုးရှိပြီး မှန်ကန်စွာအသုံးပြုရေးအတွက် နိုင်ငံတော်ကထိန်းချုပ်သွားဖို့လိုအပ်သလို အဲဒါတွေကို ဖြစ်ထွန်းစေတဲ့ ဓာတ်သတ္တုပင်ရင်းအခြေအမြစ်တွေကိုလည်း ထိန်းချုပ်ဖို့ လိုအပ်မှာ ဖြစ်တယ်။ ဒါ့ကြောင့်မို့**အဏုမြူစွမ်းအင်၊ အဏုမြူလောင်စာ၊ အဏုမြူရောင်ခြည်နှင့် ယင်းတို့ကို ဖြစ်ထွန်းစေသော ဓာတ်သတ္တုပင်ရင်းအခြေအမြစ်များ**နဲ့စပ်လျဉ်းပြီး ပြည်ထောင်စု ဥပဒေပြုစာရင်းမှာ ထည့်သွင်းထားတာဖြစ်ပါတယ်။

စိုးမြကျော် – နိုင်ငံအတော်များများရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို လေ့လာခဲ့တဲ့ အခါမှာ တစ်နိုင်ငံလုံးနဲ့၊ တစ်မျိုးသားလုံးနဲ့ သက်ဆိုင်တဲ့ စစ်ကြေညာခြင်းနဲ့စစ်ပြေငြိမ်းခြင်းဆိုင်ရာလုပ်ပိုင်ခွင့်တွေကို နိုင်ငံရဲ့ အမြင့်ဆုံးဥပဒေပြုအဖွဲ့အစည်းဖြစ်တဲ့ လွှတ်တော်တွေကိုသာ အပ်နှင်းထားတာ တွေ့ရပါတယ်ဘကြီး။

ကြီးကြီးမြ – ၁၉၄၇ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှာလည်း စစ်ကြေညာခြင်းနဲ့ စစ်ပြေငြိမ်းခြင်းဆိုင်ရာ ဥပဒေပြုခွင့်အာဏာကို ပါလီမန်ကသာ ကိုင်တွယ်ကျင့်သုံးခဲ့တယ်။ ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေမှာလည်း ပြည်သူ့လွှတ်တော်က ကျင့်သုံးဆောင်ရွက်တာတွေ့ရတယ်။

ဘကြီးစိုး – ထို့အတူပဲ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အဲဒီနိုင်ငံဟာ တည်ငြိမ်မှုရှိပြီး အေးချမ်းသာယာရေးနဲ့တရားဥပဒေစိုးမိုးရေးလည်း ရှိရမှာဖြစ်တယ်။ အဲဒီအတွက်လိုအပ်တဲ့ ဥပဒေကိုပြဋ္ဌာန်းတဲ့အခါ တစ်နိုင်ငံလုံးမှာ တစ်ပြေးညီ အာဏာသက်ရောက်စေဖို့အတွက် သက်ဆိုင်ရာ နိုင်ငံတွေရဲ့ အမြင့်ဆုံးဥပဒေပြုအဖွဲ့တွေကသာ ဥပဒေပြဋ္ဌာန်းလေ့ရှိကြတယ်။

စိုးမြကျော် – ဒါကြောင့် ကျွန်တော်တို့နိုင်ငံတစ်ဝန်းလုံးအတွက် **နိုင်ငံတော်တည်ငြိမ်ရေး၊ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး**နဲ့ စပ်လျဉ်းပြီး ပြည်ထောင်စုဥပဒေပြုစာရင်းမှာ ထည့်သွင်းဖော်ပြထားတာကိုတွေ့ရပါတယ် ဘကြီး။

ဘကြီးစိုး – အလားတူပဲ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဟာ နိုင်ငံတော်ရဲ့ရပ်ရွာအေးချမ်းသာယာရေးနဲ့ တရားဥပဒေစိုးမိုးရေးအတွက် ဆောင်ရွက်ပေးဖို့ တာဝန်ရှိတဲ့အဖွဲ့အစည်းဖြစ်တယ်။ ဒါ့အပြင် အရေးပေါ် အခြေအနေမှာ နိုင်ငံတော်ကိုကာကွယ်ရမယ့် အရန်အင်အားစုလည်း ဖြစ်တယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့ လုပ်ငန်းတွေကို ဆောင်ရွက်ရာမှာ ပြည်ထောင်စုတစ်ဝန်းလုံး တစ်ပြေးညီ အကျိုးသက်ရောက်မှုရှိစေဖို့အတွက် ပြည်ထောင်စုဥပဒေပြုစာရင်းမှာ **ရဲတပ်ဖွဲ့**ကိစ္စရပ်ကို သဘာဝကျကျ ထည့်သွင်းထားတာပါပဲ။

စိုးမြကျော် – ဟုတ်ကဲ့ပါခင်ဗျာ။ ဒီနေရာမှာ ပါလီမန်ဒီမိုကရေစီခေတ်တုန်းက ဖြစ်ပျက်ခဲ့တဲ့ အခြေအနေတွေနဲ့ နှိုင်းယှဉ်သုံးသပ်ပေးဖို့ ကြီးကြီးကို မေတ္တာရပ်ခံပါရစေ။

ကြီးကြီးမြ – ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ပြည်နယ် ဥပဒေပြုစာရင်းမှာ လုံခြုံရေးဆိုင်ရာကိစ္စရပ်တွေကို ထည့်သွင်းထားခဲ့တယ်။ "ပြည်သူ့ငြိမ်ဝပ်ပိပြားရေး" ဆိုတာမျိုးတွေ၊ "ကျေးရွာရာဇဝတ်အမှုထမ်းအဖွဲ့ပါဝင်သော ရာဇဝတ်အမှုထမ်းအဖွဲ့" ဆိုတာမျိုးတွေ ပေါ့ကွယ်။

ဘကြီးစိုး – ဒါကြောင့်မို့ ဖဆပလအစိုးရလက်ထက် ၁၉၅၅ခုနှစ်မှာ ပြည်သူ့လူထုကို ကာကွယ်ဖို့အကြောင်းပြပြီး ပျူစောထီးတပ်တွေ ဖွဲ့ခဲ့ကြတယ်။ အဲဒီပျူစောထီးတပ်အများစုဟာ ပြည်သူတွေကို ညှဉ်းပန်းနှိပ်စက်ခဲ့ကြတယ်။ ပါတီအုပ်စုတွေရဲ့ခါးပိုက်ဆောင်တပ်တွေ ဖြစ်လာကြတယ်။

ကြီးကြီးမြ – ပျူစောထီးတွေရဲ့ ရမ်းကားမှုကြောင့် သာယာဝတီခရိုင် မင်းလှ ရွေးကောက်ပွဲ လေးလောင်းပြိုင်သတ်မှု၊ ၁၉၅၇ ခုနှစ် မေလ ၂ ရက်နေ့ မြိတ်ခရိုင် စီတောင်အိုင်ရွာ လူသတ်မှု၊ မိတ္ထီလာ၊ တောင်သာ၊ လယ်ဝေး၊ ငါန်းဇွန် လူသတ်မှု စတာတွေ ဖြစ်ပွားခဲ့တယ်။

ဘကြီးစိုး – ပြည်သူတွေဟာ ပျူစောထီးတွေရဲ့ ညှဉ်းပန်းနှိပ်စက်မှု အမျိုးမျိုးကို ခါးစည်းခံခဲ့ကြရတယ်။ ဖဆပလ နှစ်ခြမ်းကွဲသွားတဲ့အခါ ပျူစောထီးတွေဟာ ပိုဆိုးလာတယ်။ အစုလိုက် အပြုံလိုက် သတ်ဖြတ်တာတွေ၊ ရွာလုံးကျွတ် ဓားပြတိုက်တာတွေ၊ ပြန်ပေးဆွဲတာတွေစတဲ့ ပြစ်မှုကြီးတွေအပြင် နိုင်ငံရေး စွက်ဖက်မှုကိုပါ လက်ရဲဇက်ရဲ ကျူးလွန်ခဲ့ကြတယ်။

ကြီးကြီးမြ – ၁၉၅၈ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့မှာ တစ်ပြည်လုံးမှာရှိတဲ့ ပျူစောထီးတပ်ဖွဲ့တွေ ကို ဖျက်သိမ်း၊ အရန်ရဲအဖြစ် ပြောင်းလဲပြီး ရဲအဖွဲ့လက်အောက်မှာ ထားခဲ့ပြန်တယ်။ ပြည်ထဲရေးဝန်ကြီး လက်အောက်ကို ရောက်သွားချိန်မှာ တိုင်းပြည်မှာ ကောလာဟလ သတင်းအမျိုးမျိုးထွက်ပြီး အခြေအနေတွေ ရှုပ်ထွေးလာတယ်။ လက်နက်ကိုယ်စီနဲ့ တစ်နိုင်ငံလုံး သွေးချောင်းစီးတော့မယ့်အရေးကို ကြုံမြင်နေရတာမို့ အဲဒီတုန်းက ဝန်ကြီးချုပ်က ပြည်သူ့လွှတ်တော် အစည်းအဝေးခေါ်ပြီး တပ်မတော်ကို အိမ်စောင့်အစိုးရဖွဲ့ဖို့ အချိန်မီအာဏာလွှဲပြောင်းပေးခဲ့ရတယ်။

ဘကြီးစိုး – ဒါဟာ ဒို့နိုင်ငံရဲ့သမိုင်းမှာ တပ်မတော်နဲ့ယှဉ်ပြီး ပုံစံတစ်မျိုးနဲ့ လက်နက်ကိုင်တပ်ဖွဲ့ အချို့ကို ခွဲခြားဖွဲ့စည်းမိခဲ့တဲ့ မှားယွင်းသော လုပ်ရပ်ကြောင့်ပဲဖြစ်တယ်။ ဒါကြောင့်မို့ လက်နက်ကိုင်တပ်ဖွဲ့တွေကို တစ်ဦးတစ်ယောက်အတွက်ဖြစ်စေ၊ တစ်သင်းတစ်ဖွဲ့အတွက်ဖြစ်စေ ဖွဲ့စည်းထားရှိခြင်းဟာ ကောင်းကျိုးထက် ဆိုးပြစ်က များပြီး နိုင်ငံနဲ့လူမျိုးအတွက် အန္တရာယ်မျိုးစေ့ပဲဆိုတာ သင်ခန်းစာ ယူကြရမှာ ဖြစ်တယ်။

ကြီးကြီးမြ – ၁၉၅၇–၅၈မှာ ဖက်ဒရယ်မူနဲ့ အတူပေါ်ပေါက်ခဲ့တဲ့ ရှမ်းသောင်းကျန်းမှုကို ကြည့်ရင်လည်း ကျိုင်းတုံစော်ဘွားရဲ့ ဦးလေးတော်သူ စပ်ခွန်ဆိတ်နဲ့ စိုင်းနွံ့တို့က Youth of Keng Tung State လို့ခေါ်တဲ့ လူငယ်တပ်ဦးကို ကျေးရွာကာကွယ်ရေးအသွင်နဲ့ ဖွဲ့စည်းခဲ့ရာက အစပြုခဲ့တာဖြစ်ကြောင်း တွေ့ရတယ်။

စိုးမြကျော် – မှန်ပါတယ်ခင်ဗျာ။ ဒီလိုသမိုင်းသင်ခန်းစာတွေနဲ့ နဖူးတွေ့ဒူးတွေ့ ကြုံလာခဲ့ရတဲ့ ပုဂ္ဂိုလ်တွေက အတိတ်မှ ခါးသီးတဲ့ ဖြစ်ရပ်မျိုးတွေ အနာဂတ်နိုင်ငံတော်မှာ ထပ်မံမဖြစ်ပေါ်ရအောင် နိုင်ငံတော် ကာကွယ်ရေးနဲ့ လုံခြုံရေးကဏ္ဍကို တစ်နိုင်ငံလုံး အကျိုးအတွက် ပြည်ထောင်စုဥပဒေပြုစာရင်းမှာ ထည့်သွင်းချမှတ်ထားတာဟာ ဒီမိုကရေစီရဲ့ အနှစ်သာရကို ပြည်သူတွေ အပြည့်အဝရရှိခံစားနိုင်အောင် ဖော်ဆောင်ပေးထားတာဖြစ်ကြောင်း တွေ့ရှိရပါတယ်။

ဘကြီးစိုး – တစ်ချိန်က ကမ္ဘာ့အင်အားကြီး နိုင်ငံတစ်နိုင်ငံဟာ ကာကွယ်ရေးနဲ့ လုံခြုံရေးကဏ္ဍနဲ့ စပ်လျဉ်းပြီး သက်ဆိုင်ရာပြည်နယ်အသီးသီးမှာ ကိုယ်ပိုင်စစ်တပ်တွေ ဖွဲ့စည်းခွင့်ပြုခဲ့တယ်။ အဲဒီနောက် ပြည်တွင်းဝါဒရေး ပဋိပက္ခပြင်းထန်လာတဲ့အခါ အလွယ်တကူ စစ်မီးတောက်လောင်ပြီး ပြည်ထောင်စုကြီး ပြိုကွဲခဲ့ရတယ်။ ကမ္ဘာ့အင်အားကြီးနိုင်ငံအဖြစ်ကနေ လျှောကျသွားခဲ့တယ်။ ကမ္ဘာ့အင်အား ထိန်းညှိမှုစနစ်ပါ ပျက်သွားလို့ အင်အားနည်းတဲ့ မဖွံ့ဖြိုးသေးသော နိုင်ငံတွေဟာ ဒီကမ္ဘာ့ အင်အားထိန်းညှိမှုစနစ် ပျက်သုဉ်းမှုရဲ့ ဆိုးကျိုးကို အများအပြား ခံစားခဲ့ကြရတယ်။

ကြီးကြီးမြ – တချို့သော ပြည်ထောင်စုနိုင်ငံတွေမှာလည်း ပြည်နယ်အသီးသီးမှာ ကိုယ်ပိုင်ဌာနေ ပြည်သူ့စစ်တပ်ဖွဲ့တွေ ဖွဲ့စည်းခွင့်ပေးထားခဲ့မိတာကြောင့် နောက်ပိုင်းမှာ အခက်အခဲပြဿနာတွေ ပေါ်ပေါက်ခဲ့တဲ့ သာဓကတွေလည်း ရှိခဲ့တယ်နော် ကိုစိုး။

ဘကြီးစိုး – မှန်ပါတယ်ကွယ်။ ဒါကြောင့်လည်း နိုင်ငံအတော်များများမှာ ဒါမျိုးတွေနဲ့ ပတ်သက်ရင် အထူးသတိပြုပြီး အာဏာခွဲဝေ ဆောင်ရွက်ကြတာ တွေ့ရပါတယ်။ ဥပမာပြရရင် တစ်ချိန်က ခွဲထွက်ခွင့်ပြဿနာကြောင့် ပြည်တွင်းစစ်ဖြစ်ခဲ့ဖူးတဲ့ ကမ္ဘာ့အင်အားကြီး နိုင်ငံတစ်ခုရဲ့ ယနေ့ကျင့်သုံးနေတဲ့ အခြေခံဥပဒေမှာ ပြည်ထောင်စုအတွက် တစ်ခုတည်းသော စစ်တပ်သာ ဖွဲ့စည်းခွင့်ပြုထားပြီး ပြည်နယ် အသီးသီးမှာ ကိုယ်ပိုင်စစ်တပ် ဖွဲ့စည်းတည်ထောင်ခွင့် မပြုဘူးဆိုတာ တွေ့နိုင်ပါတယ်။

စိုးမြကျော် – သူတစ်ပါးရဲ့အတွေ့အကြုံတွေကို များများလေ့လာ၊ မိမိရဲ့ အခြေအနေအရပ်ရပ်နဲ့ ကိုက်ညီအောင် အသုံးပြု၊ အဲဒီလိုလုပ်နိုင်လေ အကျိုးရှိလေဖြစ်မှာပဲနော်။ ဒါထက် နိုင်ငံခြားရေးကဏ္ဍနဲ့စပ်လျဉ်းပြီး ပြည်ထောင်စုဥပဒေပြုစာရင်းမှာ သတ်မှတ်ပေးထားတဲ့ ကိစ္စရပ်တွေကိုလည်း ရှင်းပြပေးပါဦး ဘကြီး။

ဘကြီးစိုး – နိုင်ငံခြားရေးကဏ္ဍနဲ့စပ်လျဉ်းပြီး ပြည်ထောင်စုဥပဒေပြုစာရင်းမှာ သတ်မှတ်ထားတဲ့ အချက်တွေကတော့

(၁) **သံတမန်ရေးရာ၊ ကောင်စစ်ရေးရာနှင့် အခြားရေးရာဆိုင်ရာ ကိုယ်စားလှယ်များ၊**

(၂) **ကုလသမဂ္ဂ၊**

(၃) **အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာနှင့် နှစ်ပြည်ထောင်ဆိုင်ရာညီလာခံများ၊ ဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ အသင်းများနှင့် အခြားအဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်ရေးနှင့် ယင်းတို့၏ ဆုံးဖြတ်ချက်ကို အထမြောက်စေရေး၊**

(၄) **အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာစာချုပ်များ၊ သဘောတူညီချက်များ၊ ကွန်ဗင်းရှင်းများ၊ နှစ်ပြည်ထောင်ဆိုင်ရာ သဘောတူညီချက်များ၊ စာချုပ်များကို ချုပ်ဆိုရေးနှင့် အထမြောက်စေရေး၊**

(၅) **နိုင်ငံကူးလက်မှတ်များနှင့် မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်များ၊**

(၆) **ပြည်ဝင်ခွင့်ဗီဇာ၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းသို့ ဝင်ခွင့်ပြုရေး၊ နေထိုင်ခွင့်ပြုရေး၊ နိုင်ငံမှ ထွက်ခွာခွင့်ပြုရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်နှင်ဒဏ်ပေးရေး၊**

(၇) **ပြစ်မှုကျူးလွန်သူအား သက်ဆိုင်ရာနိုင်ငံသို့ ပြန်လည်လွှဲအပ်ပေးရေးနှင့် သက်ဆိုင်ရာနိုင်ငံမှ တောင်းဆိုရေး**တို့ပဲ ဖြစ်ပါတယ်။

ကြီးကြီးမြ – နိုင်ငံခြားရေးကိစ္စတွေဟာလည်း အရေးကြီးပြီး တစ်နိုင်ငံလုံးအတွက် ခြုံငုံသုံးသပ်ဥပဒေချမှတ် ဆောင်ရွက်ရတာမျိုးဖြစ်တယ်။ ဒါ့အပြင် နိုင်ငံတကာနဲ့ ကိစ္စမျိုးစုံဆက်ဆံဆောင်ရွက်ရာမှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက်ဥပဒေအမျိုးမျိုး ရှိနေမယ်ဆိုရင် အကျိုးထက်အပြစ်တွေ၊ နစ်နာဆုံးရှုံးမှုတွေက ပိုများနိုင်တယ်။ အခက်အခဲတွေလည်း ဖြစ်လာနိုင်တယ်။ ဒါ့ကြောင့် နိုင်ငံခြားရေး ကိစ္စတွေကိုလည်း ပြည်ထောင်စုဥပဒေပြုစာရင်းမှာ ထည့်ထားရတာ ဖြစ်တယ်ကွယ့်။ ကမ္ဘာ့နိုင်ငံအသီးသီးရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတွေမှာလည်း နိုင်ငံခြားရေးနဲ့စပ်လျဉ်းတဲ့ ဥပဒေပြုခွင့်အာဏာကို သက်ဆိုင်ရာနိုင်ငံရဲ့ အမြင့်ဆုံးဥပဒေပြုအဖွဲ့အစည်းကိုသာ အပ်နှင်းထားလေ့ရှိကြောင်း လေ့လာတွေ့ရှိရတယ်။

ဘကြီးစိုး – ဒါပေါ့ကွယ်။ မြန်မာနိုင်ငံရဲ့ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမှာလည်း နိုင်ငံခြားရေးကဏ္ဍနဲ့ စပ်လျဉ်းတဲ့ ဥပဒေပြုခွင့်အာဏာကို ဗဟိုအဆင့်ဖြစ်တဲ့ ပါလီမန်ကို အပ်နှင်းထားခဲ့တာပဲလေ။

စိုးမြကျော် – ယနေ့ အမျိုးသားညီလာခံက ဆောင်ရွက်နေတာတွေဟာ ကျိုးကြောင်းညီညွတ်တယ်။ ဒီမိုကရေစီ အနှစ်သာရပြည့်ဝတယ် ဆိုတာ ပေါ်လွင်နေပါတယ်။ ပြည်ထောင်စုဥပဒေပြုစာရင်းမှာ သတ်မှတ်ပေးထားတဲ့ တရားစီရင်ရေးကဏ္ဍဆိုင်ရာ ကိစ္စရပ်တွေကိုလည်း ရှင်းပြပေးပါဦး ဘကြီး။

ဘကြီးစိုး – တရားစီရင်ရေးကဏ္ဍနဲ့စပ်လျဉ်းပြီး ပြည်ထောင်စု ဥပဒေပြုစာရင်းမှာ သတ်မှတ်ပေးထားတဲ့ ကိစ္စရပ်တွေကတော့–

(၁) **တရားစီရင်ရေး၊**

(၂) **ရှေ့နေများ၊**

(၃) **ပြစ်မှုဆိုင်ရာဥပဒေများ၊ ကျင့်ထုံးများ၊**

(၄) **တရားမဥပဒေများ၊ ကျင့်ထုံးများအပါအဝင် ပဋိညာဉ်၊ အနုညာတစီရင်ဆုံးဖြတ်ရေး၊ တရားစွဲဆိုပိုင်ခွင့်ရှိသော နစ်နာချက်များ၊ လူမွဲအဖြစ်ခံယူခြင်း၊ ယုံမှတ်အပ်နှံခြင်းနှင့် ယုံမှတ်အပ်နှံထားသဖြင့် စီမံပိုင်ခွင့်ရှိသူများ၊ အမွေထိန်းနှင့် ပစ္စည်းထိန်း၊ မိသားစုဆိုင်ရာ ဥပဒေများ၊ အုပ်ထိန်းသူများနှင့် အုပ်ထိန်းခံရသူများ၊ ပစ္စည်းလွှဲပြောင်းခြင်း၊ အမွေဆက်ခံရေး၊**

(၅) **သက်သေခံဥပဒေ၊**

(၆) **ကာလစည်းကမ်းသတ်၊**

(၇) **အမှုတန်ဖိုးသတ်မှတ်ခြင်း၊**

(၈) **သီးခြားသက်သာခွင့်၊**

(၉) **နိုင်ငံခြားစီရင်ပိုင်ခွင့်အာဏာ၊**

(၁၀) **ပင်လယ်ရေကြောင်းစီရင်ပိုင်ခွင့်၊**

(၁၁) **ပင်လယ်ဓားပြမှုများ၊ နိုင်ငံတကာပင်လယ်ပြင်သို့မဟုတ် ကောင်းကင်ယံ၌ ကျူးလွန်သော ပြစ်မှုများ၊ အပြည်ပြည်ဆိုင်ရာဥပဒေကို ဖောက်ဖျက်၍ မြေပြင် သို့မဟုတ် နိုင်ငံတကာ ပင်လယ်ပြင် သို့မဟုတ် ကောင်းကင်ယံ၌ ကျူးလွန်သောပြစ်မှုများ** တို့ပဲဖြစ်တယ်။

ကြီးကြီးမြ – တရားစီရင် ဆုံးဖြတ်ကြရာမှာ ဆင်းရဲချမ်းသာမရွေး၊ ရာထူးနိမ့်မြင့်မရွေး၊ လူတန်းစားမရွေး နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသူအားလုံးအတွက် တရားဥပဒေတစ်မျိုးတည်းသာ ရှိသင့်တယ် မဟုတ်လား။ နိုင်ငံတော်ရဲ့ ဦးတည်ချက်နဲ့ စပ်လျဉ်းပြီးတော့လည်း "နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေး" ဆိုတာကို အခြေခံမူတစ်ရပ် အနေနဲ့ ချမှတ်ထားတယ်လေ။ ဒါကြောင့်လည်း တရားစီရင်ရေးကဏ္ဍဆိုင်ရာ ဥပဒေပြုခွင့်တွေကို ပြည်ထောင်စုဥပဒေပြုစာရင်းမှာပဲ ထည့်သွင်းထားရတာဖြစ်တယ်။

စိုးမြကျော် – မှန်ပါတယ်ကြီးကြီး။ ကျွန်တော် လေ့လာမိသလောက် တချို့ပြည်ထောင်စုနိုင်ငံတွေမှာ ပြည်နယ်တစ်ခုက ပြဋ္ဌာန်းထားတဲ့ တရားစီရင်ရေးဥပဒေတွေနဲ့ တခြားပြည်နယ်တစ်ခုက ပြဋ္ဌာန်းထားတဲ့ တရားစီရင်ရေး ဥပဒေတွေမတူတာမို့ အဲဒီလိုကွာဟမှု၊ မတူညီမှုတွေကိုမသမာသူတွေက သူတို့ကိုယ်ကျိုးအတွက် ခုတုံးလုပ်အသုံးချနေတာကြောင့် ပြဿနာတွေနဲ့ ရင်ဆိုင်နေရတယ်လို့ သိရပါတယ်။

ဘကြီးစိုး – ဒါပေါ့ကွယ်။ အဲဒါတွေကြောင့်လည်း အမျိုးသားညီလာခံကော်မရှင်၊ လုပ်ငန်းကော်မတီနဲ့ ညီလာခံကိုယ်စားလှယ်ကြီးတွေက အဲဒီကမ္ဘာ့နိုင်ငံအသီးသီးရဲ့ အခြေအနေနဲ့သာဓကတွေကို လေ့လာသုံးသပ်ပြီး ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးအတွက် ချို့ယွင်းချက် အားနည်းချက် အနည်းဆုံးဖြစ်အောင်၊ အကောင်းဆုံးဖြစ်အောင် ကာကွယ်ရေးနဲ့ လုံခြုံရေးကဏ္ဍ၊ နိုင်ငံခြားရေးကဏ္ဍ၊ တရားစီရင်ရေးကဏ္ဍတို့ကို ပြည်ထောင်စု ဥပဒေပြုစာရင်းမှာ ထည့်သွင်းချမှတ်ခဲ့ကြတာပဲဖြစ်တယ်။

စိုးမြကျော် – မှန်ပါတယ်ခင်ဗျာ။ အမျိုးသားညီလာခံကြီးက မြန်မာနိုင်ငံသားအားလုံးရဲ့ အကျိုးစီးပွားကို အကောင်းဆုံး ဖော်ဆောင်နိုင်အောင်၊ ဒီမိုကရေစီအနှစ်သာရလည်း ပြည့်ဝအောင် ဘက်စုံထောင့်စုံကနေ သုံးသပ်ဆောင်ရွက်ပေးနေကြောင်း အကြောင်းအရာတစ်ခု ဆွေးနွေးပြီးတိုင်း ဆွေးနွေးပြီးတိုင်းမှာ ပိုမိုပေါ်လွင်ထင်ရှားလာတာ တွေ့နေရပါတယ်ဘကြီး။ ။

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့များ၏ အစည်းအဝေးများ ကျင်းပ အကြံပြုချက်စာတမ်း ပြုစုတင်ပြနိုင်ရေး ညှိနှိုင်းဆွေးနွေး

ရန်ကုန် ဇန်နဝါရီ ၁၂

အမျိုးသားညီလာခံအစုအဖွဲ့များဖြစ်သည့် တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၊ အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၊ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ အစုအဖွဲ့၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့နှင့် အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များ အစုအဖွဲ့တို့၏ အစည်းအဝေးများကို ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ သတ်မှတ်ထားသော ဆွေးနွေးပွဲခန်းမများ၌ ကျင်းပရာ အစုအဖွဲ့အလိုက် သဘာပတိအဖွဲ့ဝင်များနှင့် ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့

တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့၏ အစည်းအဝေးကို နံနက် ၉ နာရီတွင် ဆွေးနွေးပွဲခန်းမ(၄)၌ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် ရန်ကုန်တိုင်းမှ ဦးမြအေးက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ဦးစိုင်းတင့်အောင်နှင့် စစ်ကိုင်းတိုင်းမှ ဦးကံညွန့်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၆)မှ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ကြိုင်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်စိန်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၉၃ ဦး ရှိသည်တွင် ရာခိုင်နှုန်းပြည့် ၉၃ ဦး စလုံး တက်ရောက်ကြသည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

အမှာစကားပြောကြား

ထို့နောက် အလှည့်ကျသဘာပတိ ရန်ကုန်တိုင်းမှ ဦးမြအေးက အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များဆိုင်ရာအခန်းနှင့် တပ်မတော်အခန်းကဏ္ဍတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့၏ အကြံပြုချက်စာတမ်း ပြုစုတင်ပြနိုင်ရေးအတွက် စာတမ်းပြုစုရေးအဖွဲ့အား ဖွဲ့စည်းတာဝန်ပေးအပ်သည်။

ထို့နောက် အလှည့်ကျသဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးအပြီးတွင် သဘာပတိအဖွဲ့ဝင်များနှင့် စာတမ်းပြုစုရေးအဖွဲ့၏ ညှိနှိုင်းဆွေးနွေးပွဲကို ဆက်လက် ကျင်းပကြသည်။

အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့

အလုပ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့၏ အစည်းအဝေးကို နံနက် ၉ နာရီတွင် ဆွေးနွေးပွဲခန်းမ(၅)၌ ကျင်းပရာ အလှည့်ကျ သဘာပတိအဖြစ် စစ်ကိုင်းတိုင်းမှ ဦးခင်မောင်အေးက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ပဲခူးတိုင်း(အနောက်)မှ ဦးကျော်မျိုးဝင်းနှင့် မန္တလေးတိုင်းမှ ဦးကျော်ဝင်းထွန်းတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၇)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဝင်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက် ညွှန်ကြားရေးမှူး ဦးအောင်ဝင်းတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၄၇ ဦး ရှိသည်တွင် ရာခိုင်နှုန်းပြည့် ၄၇ ဦး စလုံး တက်ရောက်ကြသည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ဆက်လက်၍ အလှည့်ကျသဘာပတိ စစ်ကိုင်းတိုင်းမှ ဦးခင်မောင်အေးက အဖွင့်အမှာစကားပြောကြားသည်။

ရှင်းလင်းဆွေးနွေး

ထို့နောက် အမျိုးသားညီလာခံ၌ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များဆိုင်ရာအခန်းနှင့် တပ်မတော်အခန်းကဏ္ဍတို့အတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသား ညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်ပါ အသေးစိတ် အခြေခံရမည့်မူများ ကောက်နုတ်စုစည်းချက်အပေါ် အမျိုးသားညီလာခံ အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ သဘာပတိ အဖွဲ့ဝင်များဖြစ်ကြသော ရန်ကုန်တိုင်းမှ ဒေါက်တာမျိုးသန့်တင်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ ဦးဘိုသိန်းတို့က အမျိုးသားညီလာခံ အလုပ်သမား ကိုယ်စားလှယ်များအား ပြန်လည် ရှင်းလင်းဆွေးနွေး ပြောကြားကြသည်။

ယင်းနောက် အလှည့်ကျသဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးအပြီးတွင် သဘာပတိအဖွဲ့ဝင်များနှင့် စာတမ်းပြုစုရေး အဖွဲ့ဝင်များသည် အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တင်ပြမည့် အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ အကြံပြုစာတမ်းကို စတင် ရေးသားပြုစုကြသည်။

အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့

အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့၏ အစည်းအဝေးကို နံနက် ၉ နာရီတွင် ဆွေးနွေးပွဲခန်းမ(၆)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဦးတင်လှိုင်က ဆောင်ရွက်၍ သဘာပတိ အဖွဲ့ဝင်များအဖြစ် ရုပ်ရှင်ဒါရိုက်တာဦးခင်ဇော်နှင့် မြန်မာနိုင်ငံ နည်းပညာ ပညာရှင်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာ ဦးသိန်းဦးဘိုးစောတို့က ဆောင်ရွက်ကြသည်။

အခမ်းအနားမှူးအဖြစ် အမျိုးသား ညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၈)မှ ဒုတိယညွှန်ကြား ရေးမှူး ဦးသန်းဝင်းနှင့် တွဲဖက်အခမ်း အနားမှူးအဖြစ် လက်ထောက် ညွှန်ကြားရေးမှူး ဦးငြိမ်းမြင့်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၅၆ ဦး ရှိသည့်အနက် ၅၅ ဦး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၂၁ ရာခိုင်နှုန်း ရှိသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိ မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင် အဖွဲ့ဥက္ကဋ္ဌ ဦးတင်လှိုင်က အဖွင့် အမှာစကားပြောကြားသည်။

စာမျက်နှာ ၁၃ ကော်လံ ၁

တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့၏ အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၄)၌ ကျင်းပရာ သဘာပတိ ရန်ကုန်တိုင်းမှ ဦးမြအေး အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

အလုပ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့၏ အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၅)၌ ကျင်းပရာ သဘာပတိ စစ်ကိုင်းတိုင်းမှ ဦးခင်မောင်အေး အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ အစုအဖွဲ့၏ အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၆)၌ ကျင်းပရာ သဘာပတိ မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဦးတင်လှိုင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့၏ အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၇)၌ ကျင်းပရာ သဘာပတိ ကျန်းမာရေးဝန်ကြီးဌာနမှ ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များ အစုအဖွဲ့၏ အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၈)၌ ကျင်းပရာ သဘာပတိ ရှမ်းပြည်နယ်(တောင်ပိုင်း) အထူးဒေသ(၆)မှ ဦးအောင်ခမ်းထီ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

13-1 (10).p65 1 3/27/1905, 11:16 PM

သုံးနှစ်အတွင်း ကြက်ဆူပင်ဧကငါးသိန်း စိုက်ပျိုးရန်လျာထား ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးနည်းပညာပေးသင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၂

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက ကြီးမှူးဖွင့်လှစ်သည့် ခြံစည်းရိုး ကြက်ဆူပင် စိုက်ပျိုးနည်းပညာပေးသင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ လှည်းကူးမြို့နယ် ဇရပ်ကွင်းကျေးရွာအနီးရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဗဟိုစိုက်ပျိုးရေးသုတေသနနှင့် လေ့ကျင့်ပညာပေးဌာနတွင် ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ လှည်းကူးမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း သုတေသနဝင်းအတွင်း၌ ခြံစည်းရိုး ကြက်ဆူပင် စုပေါင်းစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

အခမ်းအနားသို့ တပ်နယ်မှူးများ၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်များ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ တိုင်းအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌများ၊တပ်ရင်း၊ တပ်ဖွဲ့မှူးများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊အရာခံ၊အကြပ်၊ တပ်သားများ၊ သင်တန်းနည်းပြများ၊ သင်တန်းသား၊သင်တန်းသူများ တက်ရောက်ကြသည်။

ဂရုတစိုက်လေ့လာ

ရှေးဦးစွာ တိုင်းမှူးက အမှာစကား ပြောကြားရာတွင် ရန်ကုန်တိုင်းအတွင်း ၂၀၀၆ ခုနှစ်မှစတင်၍ သုံးနှစ်အတွင်း ကြက်ဆူပင် ဧကငါးသိန်း စိုက်ပျိုးရန် လျာထားရာ ဤသင်တန်းသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ စိုက်ပျိုးရေးကုမ္ပဏီများမှ ဝန်ထမ်းများ၊ တောင်သူများအနေဖြင့် သင်တန်းမှပို့ချသည့်ဘာသာရပ်များကို ဂရုတစိုက် လေ့လာမှတ်သားစေလိုကြောင်းဖြင့် ပြောကြားသည်။

အခမ်းအနားရုပ်သိမ်း

ထို့နောက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဒုတိယအထွေထွေမန်နေဂျာ ဦးအေးထွန်းက ခြံစည်းရိုး ကြက်ဆူပင် စိုက်ပျိုးနည်းပညာများနှင့် ပတ်သက်၍ Power Point ဖြင့် ရှင်းလင်းတင်ပြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် သင်တန်းခန်းမအတွင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း(ရန်ကုန်တိုင်း)မှ ခင်းကျင်းပြသထားသည့် ကြက်ဆူစေ့ကို လက်နှိပ်ဆီကြိတ်ကိရိယာဖြင့်ကြိတ်၍ကြက်ဆူဆီထုတ်လုပ်ပုံ လက်တွေ့ပြသမှုကိုလည်းကောင်း၊ ကြက်ဆူဆီကို ဘိုင်အိုဒီဇယ်အဖြစ် ထည့်သွင်းအသုံးပြု၍ ထွန်စက်ကြီးနှင့် လက်တွန်းထွန်စက်တို့ကိုမောင်းနှင်ပြီး မြေပြုပြင်ထွန်ယက်ပြသမှုကိုလည်းကောင်း ကြည့်ရှုကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံသုတေသနဌာနဝင်းအတွင်း ခွံပါး ပျားလိမ္မော်ပင် ၂၀၀ စိုက်ပျိုးဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည်သုတေသနဌာနဝင်းအတွင်းရှိ ခြံစည်းရိုး ကြက်ဆူပင် ပျိုးခြံသို့ ရောက်ရှိပြီး ကြက်ဆူစေ့နှင့်ကြက်ဆူကိုင်းများထည့်သွင်း ပျိုးထောင်ပေးကြပြီး ပျိုးခြံအတွင်း ပျိုးထောင်ထားရှိသည့် ခြံစည်းရိုး ကြက်ဆူပျိုးပင် တစ်သိန်းကို ကြည့်ရှုကြသည်။

ယင်းနောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် သုတေသနဌာနဝင်းအတွင်း ကျင်းပသည့် ခြံစည်းရိုး ကြက်ဆူပင် စိုက်ပျိုးနည်းပညာလက်တွေ့ပြသပွဲနှင့် ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲသို့ရောက်ရှိပြီး အခမ်းအနားသို့ တက်ရောက် လာကြသူများအား ခြံစည်းရိုးကြက်ဆူကိုင်းများကို စိုက်ပျိုးရန် ဝေငှပေးကြသည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ခြံစည်းရိုး ကြက်ဆူပင်ဧက ၂၀ စိုက်ခင်းကို ကြည့်ရှုအားပေးကြသည်။

ပါဝင်စိုက်ပျိုး

ယင်းနောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ခြံစည်းရိုး ကြက်ဆူပင်များ ပါဝင်စိုက်ပျိုးပေးကြပြီး အခမ်းအနားသို့ တက်ရောက်သူများနှင့် ဒေသခံပြည်သူများ စုပေါင်း၍ ကြက်ဆူပင် စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကွယ်လွန်သူ မိဘ ဆန်းဦးညွန့်–ဒေါ်မြညွန့်နှင့် ခင်ပွန်း ဦးမောင်မောင်စိုးတို့အားရည်စူး၍ အမှတ်၁၄(အေ) အင်းလျားရိပ်သာလမ်း မရမ်းကုန်းမြို့နယ်နေ ဒေါ်ခင်ခင်သန်းနှင့် သားသမီးမြေးတစ်စုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ် သုံးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင် လက်ခံယူစဉ်။ (က–ပ)

ဒီဂျစ်တယ်မှီးရှင်းကင်မရာ
ရန်ကုန်နှင့်မန္တလေး၌ ဈေးရောင်းပွဲတော်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၂

ရန်ကုန်နှင့် မန္တလေးမြို့များရှိ Blazon Department Store များ၌ Digital Camera အရောင်း မြှင့်တင်ရေး အစီအစဉ်အရ အထူးခင်းကျင်းပြသရောင်းချပွဲကို ဇန်နဝါရီ ၇ ရက်မှ ၁၅ ရက်အထိ နေ့စဉ် နံနက် ၉ နာရီခွဲမှ ည ၈ နာရီခွဲအထိ ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ အမှတ် ၇၂ ဦးဝိစာရလမ်းနှင့် ချင်းတွင်းလမ်းထောင့် Blazon အဆောက်အအုံ **(အောက်ပုံ)** နှင့် မန္တလေးမြို့ အမှတ် ၄၆၂ လမ်း ၈၀ (၂၈ လမ်းနှင့် ၂၉ လမ်းကြား)ရှိ Blazon အဆောက်အအုံတို့၌ ကျင်းပလျက်ရှိသည်။

အဆိုပါ အရောင်းမြှင့်တင်ရေး အစီအစဉ်သည် မည်သည့်နေရာတွင်မျှ ပြုလုပ်ခဲ့ခြင်းမရှိသေးသည့် ထူးခြားသော အရောင်းမြှင့်တင်ရေးပွဲဖြစ်ပြီး ဒီဂျစ်တယ် ကင်မရာကောင်းများကို ဝယ်ယူလိုသူများအတွက် ပစ္စည်းစစ်၊ ပစ္စည်းမှန်များကို ဈေးနှုန်းချိုသာစွာဖြင့်လည်းကောင်း၊ Canon, Panasonic နှင့် Sony Digital Camera များကို အထူးဈေးနှုန်းများဖြင့်လည်းကောင်း ရောင်းချပေးလျက်ရှိရာ ဝယ်ယူသူများသည် Memory card အပါအဝင် အခြားလက်ဆောင်များလည်း ရရှိမည်ဖြစ်ကြောင်းသိရသည်။ **(သတင်းစဉ်)**

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း အထွေထွေဘဏ်လုပ်ငန်းသင်တန်းဖွင့်ပွဲ၌ တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဇန်နဝါရီ ၁၂

ဘဏ်များ ကြီးကြပ်ရေးကော်မတီက ကြီးမှူးဖွင့်လှစ်သည့် အထွေထွေဘဏ်လုပ်ငန်းသင်တန်း(အရာရှိအဆင့်) အမှတ်စဉ်(၇)ဖွင့်ပွဲကို ဇန်နဝါရီ၉ ရက် မွန်းလွဲ ၂ နာရီက မြန်မာနိုင်ငံတော် ဗဟိုဘဏ် အစည်းအဝေးခန်းမ၌ကျင်းပရာ ဘဏ်များ ကြီးကြပ်ရေးကော်မတီ နာယကများဖြစ်ကြသော ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ ဒုတိယဥက္ကဋ္ဌ ဦးသန်းညိန်း၊ ဘဏ်များ ကြီးကြပ်ရေးကော်မတီဝင်များ၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံဘဏ်များအသင်းအမှုဆောင်များ၊ ဧည့်သည်များ၊ ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ဖွင့်ပွဲတွင် ဘဏ်များကြီးကြပ်ရေးကော်မတီ နာယက ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက သင်တန်းဖွင့် အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ယင်းသင်တန်းကို ဇန်နဝါရီ ၁၀ ရက်မှ မတ် ၁၆ ရက်အထိ ဘဏ်လုပ်ငန်းကဏ္ဍမှ ဝါရင့် ဆရာ၊ ဆရာမကြီးများနှင့် စာရင်းစစ်ချုပ်ရုံး၊ တရားရုံးချုပ်၊ စီးပွားရေးတက္ကသိုလ်တို့မှ ဆရာ ဆရာမများက သင်ကြားပို့ချကြမည်ဖြစ်ပြီး နိုင်ငံပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်များမှ သင်တန်းသား ၄၀ တို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေမြင့်မိုရ်ဆရာတော် မိုးကုတ်တရားစခန်းဖွင့်

ရန်ကုန် ဇန်နဝါရီ ၁၂

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်မှ ဓမ္မကထိက ရွှေမြင့်မိုရ်ကျောင်းတိုက် ပဓာနနာယက ဆရာတော် ဗဟုဇနဟိတဓရ ဘဒ္ဒန္တသောဘဏ (ဒီဃနိကာယ ကောဝိဒ သာသနဓဇ သိရီပဝရ ဓမ္မာစရိယ) သည် တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် ပါရမီလမ်းရှိ ရွှေမြင့်မိုရ်ကျောင်းတိုက်၌ ဇန်နဝါရီ ၁၈ ရက်မှ ၂၇ရက်အထိ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားပြသမည်ဖြစ်သည်။ ယောဂီများအနေဖြင့် လူကိုယ်တိုင်ဖြစ်စေ ဖုန်း–၀၁–၅၇၁၂၅၈ သို့ဖြစ်စေ ဇန်နဝါရီ၁၇ ရက် အရောက် ဆက်သွယ်စာရင်းပေးနိုင်ကြောင်း သိရသည်။ **(က–ပ)**

အင်အားအသင့်အတင့်ရှိမြေငလျင်လှုပ်

ရန်ကုန် ဇန်နဝါရီ ၁၂

ယနေ့ မြန်မာစံတော်ချိန် ၀၇ နာရီ ၃၉ မိနစ် ၅၄ စက္ကန့်အချိန်တွင် ကမ္ဘာအေး မြေငလျင်စခန်းမှ အရှေ့မြောက်ဘက် မိုင် ၅၃၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြင်ပနေရာ (တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်) ကို ဗဟိုပြု၍ ရစ်ချ်တာစကေး ၅ ဒသမ ၀ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခုလှုပ်သွားကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။ (သတင်းစဉ်)

ခြံစည်းရိုးကြက်ဆူစေ့မှ ဆီကြိတ်၍ ဇီဝဒီဇယ်ဆီအဖြစ် အသုံးပြုလာ အနာဂတ်စက်သုံးဆီလိုအပ်ချက်ကို အစားထိုးဖြည့်ဆည်းပေးနိုင် မန္တလေးတိုင်း ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေး ဆွေးနွေးသရုပ်ပြ

ရန်ကုန် ဇန်နဝါရီ ၁၂

မန္တလေးတိုင်း ခြံစည်းရိုးကြက်ဆူရိုင်းစိုက်ပျိုးရေး ရှင်းလင်းဆွေးနွေးသရုပ်ပြပွဲအခမ်းအနားကို ဇန်နဝါရီ ၈ရက် နံနက် ၈နာရီက မန္တလေးမြို့ အမရပူရမြို့နယ်ရှိ စွယ်တော်မြတ်စေတီတော် ပရိဝုဏ်အတွင်း၌ ကျင်းပပြုလုပ်ရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် တက်ရောက် အဖွင့်အမှာစကားပြောကြားသည်။

ရှေးဦးစွာ အခမ်းအနားအစီအစဉ်အရ တိုင်းမှူးက အမှာစကားပြောကြားရာတွင် ယနေ့သရုပ်ပြပွဲတွင် ခြံစည်းရိုးကြက်ဆူစေ့မှ ဆီကြိတ်၍ လက်တွန်းထွန်စက်၊ လယ်ထွန်စက်ကြီး၊ မော်

တော်ကား၊ လူစီးဘတ်စ်ကား၊ မီးစက်အင်ဂျင်များတွင် ထည့်သွင်းမောင်းနှင်ထွန်ယက် ပြသမှာဖြစ်ကြောင်း၊ ခြံစည်းရိုးကြက်ဆူပင်များကို အသုံးပြုလာနိုင်ပြီဖြစ်၍ မိမိတို့ နေရာဒေသများရှိ မြေလွတ်မြေရိုင်းများ၊ သီးနှံစိုက်ပျိုးရန်ခက်ခဲသည့် မြေနေရာများတွင် စီးပွားဖြစ်စိုက်ပျိုးသွားရန် တိုက်တွန်းပြောကြားလိုကြောင်း၊ စီးပွားဖြစ်စိုက်ပျိုးရာတွင် တစ်ဧက ကုန်ကျစရိတ်နှင့် ဝင်ငွေအချိုးမှာ အလွန်တွက်ခြေကိုက်ပြီး တစ်နှစ်လျှင် ကြက်ဆူစိုက်ခင်း တစ်ဧကမှ ဇီဝဒီဇယ်ဆီဂါလန် ၁၀၀ ရရှိနိုင်ကြောင်း၊ ခြံစည်းရိုးကြက်ဆူပင်ကို စိုက်ပျိုးခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုနှင့် အပူပိုင်းဒေသ စိမ်းလန်းမှုကို အထောက်အကူဖြစ်စေပြီး ဇီဝဒီဇယ်ဆီအဖြစ် စက်မောင်းဆီ အစားထိုးအသုံးပြုနိုင်သဖြင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ရုံမျှမက အနာဂတ်စက်သုံးဆီလိုအပ်ချက်ကို အစားထိုးဖြည့်ဆည်းပေးနိုင်မှာဖြစ်ကြောင်း၊ ခြံစည်းရိုးကြက်ဆူရိုင်းအပင်ကို မိမိတို့ အရပ်ဒေသများတွင် တစ်ပိုင်တစ်နိုင်စိုက်ပျိုးခြင်းမှ တစ်အုပ်တစ်မစိုက်ခင်းကြီးများ ဖြစ်လာသည်အထိ "မိသားစုဝင်ငွေတိုးဖို့ ခြံစည်းရိုးကြက်ဆူပင် စိုက်ကြစို့" ဟူသောဆောင်ပုဒ်နှင့်အညီ တက်ညီလက်ညီ တိုးချဲ့စိုက်ပျိုးသွားကြရန် တိုက်တွန်းမှာကြားသည်။

ရွေးချယ်မှု

ထို့နောက် မန္တလေးတိုင်း စိုက်ပျိုးရေးမန်နေဂျာ ဦးအောင်ကြင်က ခြံစည်းရိုး ကြက်ဆူရိုင်းပင်စိုက်ပျိုးရေးနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးတင်ပြရာတွင် ကြက်ဆူပင်အမျိုးအစားများ၊ ခြံစည်းရိုး ကြက်ဆူပင်ပေါက်ရောက်မှုအခြေအနေနှင့် ခြံစည်းရိုးကြက်ဆူပင်မှ အသီးထွက်ရှိမှု၊ ဆီထွက်ရှိမှု အခြေအနေများ၊ အစေ့ဖြင့် ပျိုးထောင်ခြင်း၊ ကိုင်းဖြင့် ပျိုးထောင်ခြင်းနှင့် ခြံစည်းရိုးကြက်ဆူစိုက်ပျိုးရမည့် မြေနေရာရွေးချယ်မှု နည်းလမ်းခုနစ်မျိုးနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

လှည့်လည်ကြည့်ရှု

ဆက်လက်၍ အစီအစဉ်အရ တိုင်းမှူးနှင့် ဇနီး၊ ဧည့်ပရိသတ်များသည် ရှင်းလင်းဆွေးနွေးပွဲ မဏ္ဍပ်ဆောင်အနီးတွင် ခင်းကျင်းပြသထားသော ပြခန်းဆောင်များအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် တိုင်းမှူးနှင့် ဇနီး၊ အဖွဲ့ဝင်များသည် စွယ်တော်မြတ်စေတီတော် ပျိုးဥယျာဉ်တွင် ကျင်းပသော ခြံစည်းရိုးကြက်ဆူရိုင်း စိုက်ပျိုးပွဲနှင့် တာဝန်ပေးအပ်ပွဲ အခမ်းအနားသို့ရောက်ရှိပြီး တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က မန္တလေးတိုင်း အတွင်းရှိ ဌာနဆိုင်ရာ အဖွဲ့အစည်းများသို့ ခြံစည်းရိုးကြက်ဆူရိုင်း စိုက်ပျိုးရေးအတွက် မျိုးကိုင်းများပေးအပ်၍ တာဝန်ပေးအပ်သည်။

ဆက်လက်၍ မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး၏ဇနီး ဒေါ်ခင်ပြုံးဝင်းက မန္တလေးခရိုင်အတွင်းရှိ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့များသို့ ခြံစည်းရိုးကြက်ဆူရိုင်း စိုက်ပျိုးရေးအတွက် မျိုးကိုင်းများပေးအပ်၍ တာဝန်ပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများက ပျိုးဥယျာဉ်အတွင်း ကြက်ဆူရိုင်း မျိုးစေ့နှင့် မျိုးကိုင်းများ ပျိုးထောင်စိုက်ပျိုးပေးကြသည်။ **(ဝဲပုံ)**

စိုက်ပျိုးပြီး

မန္တလေးတိုင်းအတွင်း၌ ခြံစည်းရိုးကြက်ဆူရိုင်းမျိုးစေ့တင်း ၅၉၀ စုဆောင်းထားရှိပြီး အစေ့ဖြင့် ပျိုးထောင်ပြီး ပျိုးပင် ၅၁၂၅၂၅ ပင်၊ မျိုးကိုင်းဖြင့် ပျိုးထောင်ပြီး ပျိုးပင် ၂၇၉၆၄၃၅ ပင်၊ စုစုပေါင်းပျိုးပင် ၃၃၀၈၉၆၀ ပျိုးထောင်ထားရှိကာ ခြံစည်းရိုး ကြက်ဆူရိုင်းဧက ၁၇၉၀ စိုက်ပျိုးထားရှိပြီးဖြစ်သည်။ **(သတင်းစဉ်)**

ကျောက်တံတား စာပေနှင့်စာနယ်ဇင်းအဖွဲ့ မျက်နှာစုံညီစည်းဝေး

ရန်ကုန် ဇန်နဝါရီ ၁၂

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ကျောက်တံတားမြို့နယ် မျက်နှာစုံညီအစည်းအဝေးကို ဇန်နဝါရီ ၈ရက်က အထက ကျောက်တံတား အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့မှ အတွင်းရေးမှူး ဦးလှထွန်း (လှထွန်း၊ တွံတေး)၊ တွဲဖက်အတွင်းရေးမှူး ဦးခင်ဆွေ (ရွှေစွန်ညို)၊ မြို့နယ်ဥက္ကဋ္ဌ ဦးရွှေမောင်း၊ အတွင်းရေးမှူး ဦးကျော်တင့်နှင့် မြို့နယ်အတွင်းရှိ လူမှုရေးအဖွဲ့အစည်း ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် ဥက္ကဋ္ဌ ဦးကျော်စိန် (ကျော်ကျော်)က ဆောင်ရွက်၍ အခမ်းအနားမှူးအဖြစ် ဦးသန်းအေး(မောင်ယဉ်မန်း)တို့က ဆောင်ရွက်ကြပြီး အမှုဆောင်အဖွဲ့၏ အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းများကို ဖတ်ကြားအတည်ပြုကြသည်။

ရွေးချယ်

အစည်းအဝေးတွင် မြို့နယ်ဥက္ကဋ္ဌ ဦးရွှေမောင်း၊ စာပေဗဟိုမှ ဦးလှထွန်း (လှထွန်း-တွံတေး)နှင့် သဘာပတိ ဦးကျော်စိန် **(အပေါ်ပုံ)**တို့က အမှာစကားပြောကြား၍ ဥက္ကဋ္ဌ ဦးကျော်စိန် (ကျော်ကျော်)၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်ဟင်း(ရန်ကုန်-ကျော်ဟင်း)၊ အတွင်းရေးမှူး ဦးဘဝေ(ဘဝေ)၊တွဲဖက်အတွင်းရေးမှူး ဦးအောင်ဒင် (အောင်ဒင်ဦး)၊ ဘဏ္ဍာရေးမှူး ဒေါ်တင်တင်လွမ်း (တင်ဇာမင်း)နှင့် ဦးအောင်လွင် (အောင်ကျော်ဇော)၊ ဦးရဲထွန်း (မင်းရဲကျော်)တို့ပါဝင်သော အမှုဆောင်အဖွဲ့သစ်ကို ရွေးချယ်ကြသည်။ ညီလာခံကိုယ်စားလှယ်အဖြစ် ဦးကျော်စိန် (ကျော်ကျော်)နှင့် ဒေါ်ခင်မာချိုတို့အား ရွေးချယ်ကြသည်။

(မြန်မာ့အလင်း)

အာစရိယပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၁၂

ဧရာဝတီတိုင်း အိမ်မဲမြို့ အိမ်မဲကြီး အထက(ခွဲ)တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော သက်ပြည့် အငြိမ်းစားဆရာ ဆရာမများအား စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၂၉ ရက် နံနက် ၁၁ နာရီတွင် အိမ်မဲမြို့ အိမ်မဲကြီး အထက(ခွဲ)ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ရပ်ဝေးမှ ဆရာ ဆရာမကြီးများအား တက်ရောက် အပူဇော်ခံကြပါရန်နှင့် ကျောင်းသားဟောင်းများ တက်ရောက် ဂါရဝပြုပူဇော်ကြရန် နှိုးဆော်ထားသည်။ ပူဇော်လှူဒါန်းလိုပါက ဦးလှမြင့် (ဖုန်း-၆၆၆၈၂၅၊ ဦးအောင်သန်းဦး ဖုန်း-၅၃၄၀၂၀ နှင့် ဦးမောင်မောင်တူး ဖုန်း-၆၈၀၇၃၂ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

အင်းစိန်မြို့နယ် ရှာမပရိယတ္တိစာသင်တိုက်တွင် ဇန်နဝါရီ၈ရက်က **အင်းစိန်မြို့နယ်လုံးဆိုင်ရာ စာသင်သားသံဃာတော်အပါး၂၀၀၀ကျော်တို့အား မွန်ပြည်နယ် မော်လမြိုင်မြို့(အောင်ဇမ္ဗူ ကျောင်းတိုက်) ဓမ္မရိပ်သာ ဆရာတော်နှင့် တပည့်ဒါယကာ၊ ဒါယိကာမများ စုပေါင်းသင်္ကန်းကပ်လှူခြင်း အခမ်းအနားကျင်းပရာ ရှာမပရိယတ္တိတိုက်အုပ်ဆရာတော် ဘဒ္ဒန္တတိလောကာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)ထံ အောင်ဇမ္ဗူဆရာတော်က သင်္ကန်းများ ကပ်လှူစဉ်။** (ဝ၃၆)

ကန်တော့ပစ္စည်းပေးအပ်

ရေနံချောင်း ဒေသကောလိပ် (၁၉၇၇-၈၂) ကျောင်းသား၊ ကျောင်းသူ များ၏ စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၇ ရက်က ရန်ကုန်တက္ကသိုလ်ဓမ္မာရုံ၌ ကျင်းပရာ ဆရာကြီး ဆရာမကြီးများအား ကျောင်းသား ကျောင်းသူများက ကန်တော့ပစ္စည်းပေးအပ်စဉ်။ (က-ပ)

Qss ဒီဂျစ်တယ်ဓာတ်ပုံကူးစက်အသစ် မိတ်ဆက်ရှင်းလင်း

ရန်ကုန် ဇန်နဝါရီ ၁၂

Noritsu Singapore Pte,Ltd. နှင့် Accel International Co, Ltd. တို့မှ တင်သွင်းသော Noritsu အမျိုးအစား ဒီဂျစ်တယ်ဓာတ်ပုံကူးစက်အသစ် မိတ်ဆက်ရှင်းလင်းပွဲနှင့် လက်တွေ့သရုပ်ပြပွဲကို ယနေ့မွန်းလွဲ ၂နာရီခွဲတွင် ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် Accel Int'l Co,Ltd. မန်နေဂျင်းဒါရိုက်တာ Mr. Alvin Law က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး Noritsu Singapore Pte, Ltd. မှ ဒေသဆိုင်ရာ အရောင်းမန်နေဂျာ Mr.Leong က အမှာစကားပြောကြားသည်။

ဆက်လက်၍ Accel Int'l Co,Ltd. မှ Noritsu Business Manange ဦးသီဟဇော်က Qss ဒီဂျစ်တယ် ဓာတ်ပုံကူးစက်အသစ် အကြောင်း မိတ်ဆက်ရှင်းလင်း ပြောကြားသည်။

ဂုဏ်ပြုဆု

ထို့နောက် Accel Int'l Co,Ltd. နှင့် ဓာတ်ပုံလုပ်ငန်းရှင်များအား တာဝန်ရှိသူတို့က ဂုဏ်ပြုဆုဖလားနှင့် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(အောက်ဝဲပုံ)**

ယင်းကုမ္ပဏီမှ ထုတ်လုပ်သော စက်များဖြင့် ကတ်အမျိုးမျိုးကို အချိန်တိုအတွင်း လွယ်ကူမြန်ဆန်စွာ ဆောင်ရွက်နိုင်ပြီး Noritsu Digital ဓာတ်ပုံကူးစက်များနှင့် Noritsu ဖလင်ဆေးစက်အမျိုးမျိုးကိုလည်း တင်သွင်းရောင်းချပေးနေပြီး ဓာတ်ပုံဆိုင်လုပ်ငန်းလည်ပတ်သည်အထိ တာဝန်ယူ ကူညီဆောင်ရွက်ပေးလျက်ရှိကာ အမှတ် ၄၄၂-၄၂၆ ဆဋ္ဌမထပ် သစ်တောဖက်စပ် ကူးသန်းရောင်းဝယ်ရေး အဆောက်အအုံ ဗိုလ်တထောင်ဘုရားလမ်း ရန်ကုန်မြို့ ဖုန်း-၂၀၂၀၉၂-၂၀၂၀၉၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းနှင့် ယခု မိတ်ဆက် သရုပ်ပြသော Noritsu အမျိုးအစား QSS-3411 စက်သစ်ကြီးဖြင့် ရန်ကုန်မြို့ အနော်ရထာလမ်း Pacific Digital Color Lab ၌ ဓာတ်ပုံကူးလုပ်ငန်း ဆောင်ရွက်ပေးနေကြောင်း သိရသည်။

(သတင်းစဉ်)

စာမျက်နှာ ၁၀ မှ

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များဆိုင်ရာ အခန်းနှင့် တပ်မတော်အခန်းကဏ္ဍတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့် စပ်လျဉ်း၍ အစုအဖွဲ့၏ အကြံပြုချက်စာတမ်း ပြုစုနိုင်ရန်အတွက် ညီလာခံကိုယ်စားလှယ်များက အဖွဲ့ နှစ်ဖွဲ့ခွဲ၍ စာတမ်းပြုစုရန် တာဝန်ပေးအပ်ကြပြီး ကိုယ်စားလှယ်များက အကြံပြုစာတမ်း ရေးသားကြသည်။

ထို့နောက် အလှည့်ကျသဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ

အစုအဖွဲ့

နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့၏ အစည်းအဝေးကို နံနက် ၉ နာရီတွင် ဆွေးနွေးပွဲ ခန်းမ(၇)၌ ကျင်းပရာ အလှည့်ကျ သဘာပတိအဖြစ် ကျန်းမာရေးဝန်ကြီးဌာနမှ ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ပြည်ထဲရေးဝန်ကြီးဌာနမှ ဦးမြတ်ကိုနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဦးလှတင်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၉)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဌေးဝင်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးထိန်မင်းတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၉ ဦးရှိသည့်အနက် ၁၀၇ ဦး တက်ရောက်သည့်အတွက် တက်ရောက်မှု ရာခိုင်နှုန်း ၉၈ ဒသမ ၁၇ ရှိသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာသည်။

ယင်းနောက် အလှည့်ကျ သဘာပတိ ကျန်းမာရေးဝန်ကြီးဌာနမှ ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်က အဖွင့်အမှာစကား ပြောကြားသည်။

ညှိနှိုင်းဆွေးနွေး

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များဆိုင်ရာ အခန်းနှင့် တပ်မတော်အခန်းကဏ္ဍတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့၏ အကြံပြုချက် စာတမ်းပြုစုတင်ပြနိုင်ရန်အတွက် ညှိနှိုင်းဆွေးနွေးကြသည်။

ထို့နောက် အလှည့်ကျ သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အခြားဖိတ်ကြားသင့်သည့်

ပုဂ္ဂိုလ်များအစုအဖွဲ့

အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့၏ အစည်းအဝေးကို မွန်းလွဲ ၁ နာရီတွင် ဆွေးနွေးပွဲခန်းမ(၈)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် ရှမ်းပြည်နယ်(တောင်ပိုင်း) အထူးဒေသ(၆)မှ ဦးအောင်ခမ်းထီက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် မြန်မာသမိုင်းအဖွဲ့ အတွင်းရေးမှူး ဦးထွန်းအောင်ချိန်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၂)မှ ဦးပေါ်လိုက်ခမ်းတို့က ဆောင်ရွက်ကြသည်။

အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့ (၁၀)မှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်နှင့်တွဲဖက် အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြင့်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၈၉ ဦးအနက် ၈၅ ဦးတက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၅ဒသမ ၅၁ရာခိုင်နှုန်းရှိသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ခွင့်ပြုချက်အရ အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက်အလှည့်ကျသဘာပတိ ရှမ်းပြည်နယ် (တောင်ပိုင်း) အထူးဒေသ(၆)မှ ဦးအောင်ခမ်းထီက အဖွင့်အမှာစကားပြောကြားသည်။

တာဝန်ပေးအပ်

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏မူလ အခွင့်အရေးနှင့် တာဝန်များဆိုင်ရာ အခန်းနှင့်တပ်မတော်အခန်းကဏ္ဍတို့ အတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အစုအဖွဲ့၏ အကြံပြုချက်စာတမ်းပြုစုနိုင်ရန်အတွက် ညီလာခံကိုယ်စားလှယ်များက စာတမ်းပြုစုရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ကြပြီး အလှည့်ကျသဘာပတိက နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ရွှေပါရမီတရားပွဲ

ရန်ကုန် ဇန်နဝါရီ ၁၂

ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက၏ တရားပွဲကို တာမွေမြို့နယ် နတ်ချောင်းရပ်ကွက် မဟာသန္တိသုခ သာသနာပြုကျောင်းတော်ကြီး၌ ဇန်နဝါရီ ၁၃ ရက်(သောကြာနေ့) ည ၇ နာရီတွင် ကျင်းပမည်ဖြစ်ရာ မည်သူမဆို တရားတော်နာ ကြွရောက်နိုင်ကြောင်း သိရသည်။

(က-ပ)

အစဉ်တိုးတက်လျက်ရှိသော မြန်မာနိုင်ငံ၏ သတ္တုတွင်းထွက် သယံဇာတကဏ္ဍ

တပ်မတော်အစိုးရလက်ထက် သတ္တုတွင်းထွက် သယံဇာတများတိုးတက်ထွက်ရှိ

လုပ်ကွက်များဖော်ထုတ်၊ တွင်းထွက်သယံဇာတများ တိုးတက်ထွက်ရှိလာ

တပ်မတော်အစိုးရသည် နိုင်ငံဘက်စုံ ဖွံ့ဖြိုး တိုးတက်လာစေရန်အတွက် သတ္တုတွင်းထွက် သယံဇာတများကို ကိုယ်ပိုင်စွမ်းပကားများဖြင့် နယ်မြေဒေသအနှံ့ အစွမ်းကုန်ရှာဖွေထုတ်လုပ်လျက်ရှိသဖြင့် တွင်းထွက်သယံဇာတများ ယခင်နှင့်မတူနှစ်စဉ်တိုးတက်ထွက်ရှိလာပေသည်။

ဖြည့်ဆည်းပေး

မြန်မာနိုင်ငံတွင် အဓိကထွက်ရှိသော တွင်းထွက် လောင်စာပစ္စည်းများတွင် ကျောက်မီးသွေး တွင်းထွက် သယံဇာတလည်း ပါဝင်သည်။ ယခင် ခေတ်ကာလက ကလေးဝ ကျောက်မီးသွေးလုပ်ကွက်နှင့် လားရှိုးမြို့အနီးရှိ နမ္မကျောက်မီးသွေး လုပ်ကွက်နှစ်ကွက်သာရှိခဲ့ရာမှ ယခုအခါ ကျောက်မီးသွေး လုပ်ကွက် ၈၂ ကွက်အထိ တိုးတက်ဖြစ်ပေါ်လာခဲ့သည်။ ယင်းသို့ တိုးတက်ဖြစ်ပေါ်လာခဲ့သဖြင့် ပြည်တွင်း ကျောက်မီးသွေး အသုံးပြုမှုကို အထောက်အကူဖြစ်စေပြီး လောင်စာ စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးလျက်ရှိပေသည်။

ပေါ်ထွက်လာခဲ့

မြန်မာနိုင်ငံတွင် ယခင်က ခနောက်စိမ်းလုပ်ကွက်၊မာဘယ်(လ်)လုပ်ကွက်၊ မီးခံမြေစေးလုပ်ကွက်၊ မြေဖယောင်းလုပ်ကွက်များ မည်မည်ရရ မရှိခဲ့ရာမှ ယခုအခါ ခနောက်စိမ်းနှင့်မာဘယ်(လ်) လုပ်ကွက် ၆၈ကွက်စီ၊ မီးခံမြေစေး ၁၈ကွက်၊ မြေဖယောင်း ၁၁ကွက်နှင့် သဲကျောက် နှစ်ကွက် ပေါ်ထွက်လာခဲ့သည်။ ထို့အပြင် ယခင်က ဂေါ်ဒန်လုပ်ကွက် တစ်ကွက်သာရှိရာမှ ယခုအခါ ခုနစ်ကွက်အထိ တိုးတက်ဖြစ်ပေါ်လာခဲ့သည်။

တပ်မတော်အစိုးရလက်ထက်တွင် အကောင်အထည်ဖော်နိုင်ခဲ့သော သတ္တုတွင်းထွက် သယံဇာတလုပ်ကွက်များမှ တိုးတက်ထွက်ရှိလာသော တွင်းထွက်သယံဇာတများကို ဖော်ပြပါဇယားတွင် လေ့လာကြည့်ရှုခြင်းဖြင့် သိသာထင်ရှားစွာ တွေ့ရှိရမည်ဖြစ်ပေသည်။ ။

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ် တီကျစ် ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံသို့ လောင်စာကျောက်မီးသွေး ထုတ်လုပ်ပေးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် ကျောက်မီးသွေးတူးဖော်ရေးစီမံကိန်းလုပ်ငန်းခွင်ကို ဤသို့တွေ့ရသည်။
(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

တိုးတက်ထွက်ရှိလာသော သတ္တုတွင်းထွက် သယံဇာတများ

စဉ်	အကြောင်းအရာ	၁၉၈၈	၂၀၀၅	တိုးတက်မှု
၁	ကျောက်မီးသွေးထွက်ရှိမှု (မက်ထရစ်တန်)	၃၉၃၃၂	၃၆၇၀၂၅	၃၂၇၆၉၃
၂	ခနောက်စိမ်းထွက်ရှိမှု (မက်ထရစ်တန်)	-	၅၄၇၀	၅၄၇၀
၃	မာဘယ်(လ်)ထွက်ရှိမှု (မက်ထရစ်တန်)	-	၄၀၆၄	၄၀၆၄
၄	ဂေါ်ဒန်ထွက်ရှိမှု (မက်ထရစ်တန်)	၂၁၁၈၈	၇၂၁၉၆	၅၁၀၀၈
၅	မီးခံမြေစေးထွက်ရှိမှု (မက်ထရစ်တန်)	-	၄၃၆၅၄	၄၃၆၅၄
၆	မြေဖယောင်းထွက်ရှိမှု (မက်ထရစ်တန်)	-	၇၃၁၇	၇၃၁၇
၇	သဲကျောက်ထွက်ရှိမှု (မက်ထရစ်တန်)	-	၁၀၅၃၃	၁၀၅၃၃

ကမ္ဘာတစ်လွှား အားကစား

ကားလင်းဖလား အကြိုဗိုလ်လုပွဲစဉ် ဘလက်ဘန်းနှင့်မန်ယူတို့ တစ်ဂိုးစီသရေပွဲဖြစ်

လန်ဒန် ဇန်နဝါရီ ၁၂

ကားလင်းဖလားဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲစဉ်အဖြစ် ဘလက်ဘန်းနှင့် နာမည်ကြီး မန်ယူအသင်းတို့ ဘလက်ဘန်းအသင်းကွင်း အီဝုဒ်ပတ်၌ ဇန်နဝါရီ ၁၁ ရက်က ယှဉ်ပြိုင်ကစားရာ တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်သွားခဲ့သည်။

ကားလင်းဖလား သမိုင်းတွင် အစဉ်အလာ ကောင်းခဲ့သော မန်ယူသည် ဘလက်ဘန်းကို အဝေးကွင်း၌ တစ်ဂိုးစီ သရေကစားခဲ့ခြင်းမှာ မိမိကွင်း၌ အားထုတ်မှု ပိုပြီးပြုလုပ်မှသာ အခြေအနေ ကောင်းတော့မည် ဖြစ်သည်။

ဂိုးများမရရှိ

အလန်စမစ်၊ ဆာဟာ၊ ရွန်နေ တိုက်စစ်အတွဲဖြင့် ပွဲထုတ်လာသော မန်ယူသည် ဘလက်ဘန်းကိုပြတ်ပြတ်သားသားအပေါ်စီးမှ မကစားနိုင်ခဲ့ချေ။ သို့သော် မန်ယူတိုက်စစ်မှူး ရွန်နေ၏ အတိုးအလျှော့ ကောင်းမှုကြောင့် ဆာဟာနှင့်စမစ်တို့အခွင့်အရေးကောင်းများ ရရှိခဲ့သော်လည်း ဂိုးဝင်အောင် မသွင်းနိုင်ခဲ့သဖြင့် ဂိုးများမရရှိခဲ့ခြင်းဖြစ်သည်။

စီရိုနယ်ဒို၊ ရိုင်ယန်ဂစ်နှင့်ဖလက်ချာတို့၏ အလယ်နှင့် တောင်ပံမှ မွေနှောက် ကစားမှုများမှာလည်း ဘလက်ဘန်းတို့ ချေဖျက်နိုင်ခဲ့သဖြင့် ထိရောက်မှုမရှိခဲ့သော်လည်း မိနစ် ၃၀ အရောက်တွင် မန်ယူ တိုက်စစ်မှူး ဆာဟာက ဘလက်ဘန်း ပယ်နယ်တီဧရိယာ အလယ်လောက်မှ ညာခြေဖြင့် အနိမ့်ဘော ကန်သွင်းယူနိုင်ခဲ့သဖြင့် အဖွင့်ဂိုးရရှိခဲ့သည်။

ချေပဂိုးရရှိ

သို့သော် ဘလက်ဘန်းတို့၏ အဝင်အထွက်ရဲရဲဖြင့် တန်ပြန်ကစားနိုင်ခဲ့မှုကြောင့် မန်ယူတို့ စုစည်းမှုနှင့် အပေးအယူ အချိတ်အဆက် အားနည်းခဲ့ရပြီး နားလည်မှု လွဲချော်နေရာမှ ၃၅မိနစ်တွင် ဘလက်ဘန်းမှ ပက်ဒါဆင်က မန်ယူ ပယ်နယ်တီဧရိယာ ဝဲဘက်ခြမ်းမှ ညာခြေဖြင့် အမြင့်ဘော ကန်သွင်းယူခဲ့သဖြင့် ချေပဂိုးရရှိခဲ့သည်။

မန်ယူအသင်း အနိုင်ရရှိရေး ကြိုးစားခဲ့ရာ ဂိုးသွင်းခွင့် ၁၀ကြိမ်ရရှိခဲ့သော်လည်း တိုက်စစ်မှူးများ ဆန္ဒစောနေမှုကြောင့် ဂိုးမရရှိခဲ့သလိုပင် ဘလက်ဘန်းတို့က ဂိုးသွင်းခွင့် ရှစ်ကြိမ်ခန့် ရရှိခဲ့သော်လည်း ဂိုးအဖြစ် မဖန်တီးနိုင်ခဲ့ချေ။

အစွမ်းကုန်ကြိုးစားရမည်

ပွဲချိန်ပြည့်သည်အထိ ဂိုးမသွင်းနိုင်ခဲ့သဖြင့် တစ်ဖက်တစ်ဂိုးစီသရေပွဲဖြစ်ခဲ့ရာ အကြိုဗိုလ်လုပွဲဒုတိယအကျော့ အိုးထရက်ဖို့ဒ်ကွင်း၌ အဆုံးအဖြတ်သည် ဗိုလ်လုပွဲတက်ရန် ရလဒ်ဖြစ်ရာ မန်ယူတို့ မိမိကွင်း၌ ကားလင်းဖလားအိပ်မက်ကို အကောင်အထည်ဖော်ရေးအတွက် အစွမ်းကုန်ကြိုးစားရတော့မည်ဖြစ်သည်။

(အင်တာနက်)

ကားလင်းဖလား အကြိုဗိုလ်လုပွဲစဉ်အဖြစ် ဘလက်ဘန်းနှင့်မန်ယူတို့ပွဲတွင် မန်ယူတိုက်စစ်မှူး ရွန်နေ ထိုးဖောက်ကစားစဉ်။
(ဓာတ်ပုံ-အင်တာနက်)

လက်ရွေးစင်ဘိလိယက်အားကစားသမား ရွေးချယ်မည်

ရန်ကုန် ဇန်နဝါရီ ၁၂

မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်မှ နိုင်ငံတကာပြိုင်ပွဲများနှင့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ တို့တွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် လက်ရွေးစင် ဘိလိယက်အားကစားသမားများ ရွေးချယ်မည်ဖြစ်ရာ လူရွေးပွဲသို့ယှဉ်ပြိုင်လိုသော အားကစားသမားများသည် အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်သို့ ဇန်နဝါရီ၂၃ရက်နောက်ဆုံးထား ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

SOLA Skill Oriented Language Academy
IELTS
Writing
Speaking
Reading
Listening

မင်္ဂလာဓမ္မာရုံ တရားစခန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၁၂

မြတ်ဗုဒ္ဓ၏ အကျင့်မြတ်ပဋိပတ်တရားတော်များကို ကျေးဇူးရှင် လယ်တီဆရာတော်၏တပည့် အနာဂါမ်ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့်အညီ သမထဝိပဿနာတရားတော်များကို ဓမ္မရသရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြဆရာကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဦးသန်းရွှေ(ဒလ-အုံ့ကြီး)က တောင်ဥက္ကလာပ (၁၂)ရက်ကွက်ရှိ မာဃဓမ္မာရုံတော်ကြီးတွင် ဇန်နဝါရီ၁၅ရက်မှ၂၁ရက်အထိ ညနေ ၆နာရီမှ ၇နာရီခွဲအထိလည်းကောင်း၊ ကျောက်တံတားမြို့နယ် ၃၈လမ်း(အလယ်ဘလောက်)ရှိ မင်္ဂလာဓမ္မာရုံ၌ ဇန်နဝါရီ ၂၃ ရက်မှ ၂၉ရက်အထိ ညနေ၆နာရီမှ ၇နာရီခွဲအထိလည်းကောင်း ကိုယ်တွေ့ ဉာဏ်မြင် ခန္ဓာဉာဏ်ရောက် ဟောပြောပို့ချမည်ဖြစ်ရာ မည်သူမဆို လာရောက်အားထုတ်နိုင်ကြောင်းသိရသည်။ **(က-ပ)**

လွတ်လပ်ရေးနေ့ဂုဏ်ပြု စာပေဆိုင်ရာဟောပြော

ရန်ကုန် ဇန်နဝါရီ ၁၂

(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် စာပေဆိုင်ရာ ဟောပြောပွဲနှင့် ဂုဏ်ပြုလက်ဆောင်ပေးအပ်ပွဲကို အင်းစိန်မြို့နယ် မြင့်မိုရ်ကုမ္ပဏီ မင်္ဂလာခန်းမတွင် ဇန်နဝါရီ ၄ ရက် ညနေ၅နာရီက ကျင်းပရာ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်း အဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ အင်းစိန်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ နာယကများ၊ ဥက္ကဋ္ဌနှင့်အမှုဆောင်များ၊ အထူးဖိတ်ကြားထားသူများ၊ စာပေအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဆရာကြီး ဦးသန်းဦး၊ ဦးမျိုးသန့်(မောင်ဆုရှင်)၊ ဦးလှထွန်း (လှထွန်း-တွံတေး)၊ ဦးခင်မောင်ထွန်း (ခင်မောင်ထွန်း၊ လမ်းမတော်)၊ ဦးခင်ဆွေ(ရွှေစွန်ညို)၊ ဦးစိုးရှိန် (မောင်စိုးထိုက်၊ သုံးဆယ်)တို့က စာပေဆိုင်ရာများ ဟောပြောကာ အင်းစိန်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်မြင့်အေး (မောင်မောင်မြင့်အေး)က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အလှူရှင် မြင့်မိုရ်ကုမ္ပဏီပိုင်ရှင် စာရေးဆရာကြီး ဦးမြသိန်း (မိုးထက်မြင့်-မြစ်ဝကျွန်းပေါ်)က စာပေပညာရှင်ကြီးများအား ဂုဏ်ပြုလက်ဆောင်ပေးအပ်ပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။ **(က-ပ)**

ဇန်နဝါရီ၃ရက်က ဗဟန်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ပညာရေး စုံညီပွဲတော်နှင့် ဘက်စုံပညာရည်ချွန်ဆုချီးမြှင့်ပွဲကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်ဦးရည် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။
(က-ပ)

စီးပွားရေးတက္ကသိုလ် ရန်ကုန်၏ အာစရိယပူဇော်ပွဲ ဖိတ်ကြားလွှာ

စီးပွားရေးတက္ကသိုလ် ဘွဲ့ရများအသင်းကဦးစီး၍ ကျင်းပပြုလုပ်မည့် စီးပွားရေးတက္ကသိုလ်(ရန်ကုန်)၏ (၄၁)နှစ်မြောက် အထိမ်းအမှတ် အာစရိယပူဇော်ပွဲကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါသည်။

ကျင်းပမည့်နေရာ - စီးပွားရေးတက္ကသိုလ်(ပင်မ)ရန်ကုန်၊ အခန်း ၁၀
ကျင်းပမည့်နေ့ရက် - ဇန်နဝါရီ ၂၂ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နံနက် ၉ နာရီ

အဆိုပါ အာစရိယပူဇော်ပွဲသို့ အသက်(၆၀)ပြည့်ပြီးသော ဆရာကြီး၊ ဆရာမကြီးအားလုံး (ဖိတ်စာရောက်သည်ဖြစ်စေ၊ မရောက်သည်ဖြစ်စေ)စုံညီစွာ တက်ရောက်အပူဇော်ခံကြပါရန်နှင့် ကျောင်းသားကျောင်းသူများမှလည်း စုံညီတက်ရောက်ကြပါရန် အသင်းမှလေးစားစွာ ဖိတ်ကြားအပ်ပါသည်။

အခမ်းအနားသို့ တက်ရောက်လာသူအားလုံးအား နံနက်စာ ထမင်းနှင့် ဧည့်ခံမည်ဖြစ်ပြီး အလှူငွေများကို ဥက္ကဋ္ဌ ဦးစိုးတင့်အောင် ဖုန်း-၅၃၄၄၁၂၊ ဒုတိယဥက္ကဋ္ဌ ဦးသင်းမောင် ဖုန်း-၆၅၂၀၆၅၊ အတွင်းရေးမှူး ဦးလှငြိမ်း ဖုန်း-၅၃၄၄၀၄၊ စာရင်းစစ် ဒေါ်နန့်မေစန်း ဖုန်း-၂၂၁၃၁၈တို့နှင့် ဆက်သွယ်လှူဒါန်းရန်ဖြစ်ပါသည်။

အမည်ပြောင်း လှိုင်သာယာမြို့နယ်နေ ဦးတင်အေး၏သမီး မနှင်းနှင်းအေး ၇/ပမန(နိုင်)၁၃၇၄၈၆အား ယနေ့မှစ၍ မမေနှင်းခိုင်ဟု ပြောင်းလဲခေါ်ပါရန်။ **မမေနှင်းခိုင်။**

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၊ ကျွန်မတို့၏ သမီးဖြစ်သူ နော်မိုနာဒဲလ်ဖီယာ ၁၂/အစန(နိုင်)၁၉၄၅၀၁သည် မိဘတို့၏ ဆိုဆုံးမမှုကို မနာခံသည့်အပြင် မိဘနှင့် ဆွေမျိုးသားချင်းများ၏ ဂုဏ်သိက္ခာကို ထိခိုက်သည့် လုပ်ရပ်များ ပြုလုပ်နေပါ၍ ယနေ့မှစ၍ အမွေစားအမွေခံသမီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝတာဝန်မယူ ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

စောမိုးဇက်-နော်တလားစေး
အမှတ် ၂၄၊ KBC လမ်းတို၊
တောင်သူကုန်း၊အင်းစိန်မြို့နယ်။

ပြင်ဆင်ဖတ်ရှုပါရန်

၁၂-၁-၂၀၀၆ရက်ထုတ် မြန်မာ့အလင်းသတင်းစာ (စာ-၁၄)ပါ မောင်ထက်ကိုလင်း-မဟေမာအောင်တို့၏ မင်္ဂလာကျေးဇူးတင် ကြော်ငြာတွင် တရားရုံးချုပ် တရားသူကြီး ဒေါ်အမာညို အစား ဒေါ်အမာညို ဦးစီးအရာရှိ တရားရုံးချုပ်(ရန်ကုန်)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ၏အမိန့်ကြော်ငြာစာ အမှတ် (၁/၂၀၀၆)ဖြင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် "သီဟသုဓမ္မသီရိ" ဘွဲ့တံဆိပ် အပ်နှင်းခြင်းခံရသော **"ဒေါ်သန်းသန်းစိန်"** အတွက်ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် ရှေ့ဆက်လက်၍လည်း နိုင်ငံအကျိုးဘာသာသာသနာတော်အကျိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးသန်းညွန့်
Managing Director
မင်းစရာ ကုမ္ပဏီလီမိတက်

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့နေ
ဦးဝင်းရှိန်-ဒေါ်တင်စိုးတို့၏သားလတ်၊
အမေရိကန်နိုင်ငံ Kentucky State, Louis Ville မြို့နေ
ဦးကျော်အောင်-ဒေါ်ကျင်မြတို့၏တူသား
မောင်ရှိန်တေဇာစိုး
(Public Affair-Junior) [University of Louis Ville U.S.A] နှင့်
ရန်ကုန်မြို့နေ
ဦးအောင်မြတ်ကျော် (ဆရာတော် မဟိဒ္ဓိတိုင်းရင်းဆေးထုတ်လုပ်ရေး)-
ဒေါ်ခင်ဌေးကြည်(ချောရူပါဖက်ရှင်)တို့၏သမီးလတ်
မခင်သူဇာကျော်
B.Sc (Maths), Diploma in Global English [ခေတ္တ-U.S.A]
တို့သည် ၂၅-၁၂-၂၀၀၅ရက် Sedona Hotel တွင် နှစ်ဖက်သောမိဘများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

သမီးအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်မ၏သမီးကြီးဖြစ်သူ မသန်းသန်းဆွေ S/OKA-၀၈၃၃၀၃သည် မိခင်ဖြစ်သူအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် အမွေစားအမွေခံ သမီးကြီးအဖြစ်မှ စွန့်လွှတ်လိုက်သည်။

မိခင်-ဒေါ်ခင်ထွေး
၁၂/ဥကတ(နိုင်)၁၀၀၉၈၇
အမှတ် ၅၉၊ မိုးစွေလမ်း၊
(၁၄/၂)ရပ်ကွက်၊မြင်သာ၊
တောင်ဥက္ကလာပမြို့နယ်၊ရန်ကုန်တိုင်း။

ဆရာငွေ အင်္ဂလိပ်စာသင်တန်း

စိုင်းစိုင်းခမ်းလှိုင် စတားဂျက်

KMD Multimedia Creation
Duration (70) Hours
Multimedia Presentation
Video Camera File Computer Editing
Sound File Image File
Project
Multimedia Project Presentation VCD
20 Jan 2006 7:15 - 9:00 PM (Mon-Fri)

ခြစည်းရိုးကြက်ဆူဆီဖြင့် စက်မောင်းနှင်သရုပ်ပြပွဲ ကျောက်တလုံးကြီး၌ကျင်းပ စိုက်ပျိုးနည်းနှင့် ကြက်ဆူဆီထုတ်လုပ်အသုံးပြုနည်း လက်ကမ်းစာစောင်များဝေငှ ကျောက်တလုံးမြို့နယ်၌ မြေလွတ်မြေရိုင်းများ ဖော်ထုတ်စိုက်ပျိုးကြမည်

တောင်ကြီး ဇန်နဝါရီ ၈

တောင်ကြီးခရိုင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် စက်မှုလယ်ယာဦးစီးဌာနတို့ ပူးပေါင်းပြီး ခြစည်းရိုး ကြက်ဆူပင်စိုက်ပျိုးနည်း၊ ကြက်ဆူစေ့မှကြက်ဆူဆီ ထုတ်လုပ်ပြီး စက်မောင်းနှင်သရုပ်ပြပွဲကို ဇန်နဝါရီ ၄ ရက် နံနက်၁၁ နာရီက ကျောက်တလုံးကြီးမြို့နယ် နောင်ကားစံပြကျေးရွာ အားကစားကွင်းအတွင်း ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးကျော်မြင့်က ခြစည်းရိုး ကြက်ဆူပင် စိုက်ပျိုးနည်းကိုလည်းကောင်း၊ မြို့နယ်စက်မှုလယ်ယာဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းထွန်းအောင်က ခြစည်းရိုးကြက်ဆူဆီထုတ်လုပ်မှုကို လည်းကောင်း မြန်မာဘာသာ၊ ပအိုဝ်းဘာသာများဖြင့် ရှင်းလင်းပြသပြီး ထုတ်လုပ်ရရှိသော ခြစည်းရိုးကြက်ဆူဆီဖြင့် လယ်ယာ–၁၆ လက်တွန်းထွန်စက်များ၊ ထော်လာဂျီ များသို့ တိုက်ရိုက်ထည့်၍ မောင်းနှင်အသုံးပြုပြသသည်။ **(ယာပုံ)**

လက်ကမ်းစာစောင်ဝေငှ

အခမ်းအနားသို့ ကျောက်တလုံးကြီးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများမှ ပြည်သူများ တက်ရောက်လေ့လာကြရာ ခြစည်းရိုး ကြက်ဆူပင်စိုက်ပျိုးနည်းနှင့် ခြစည်းရိုး ကြက်ဆူဆီထုတ်လုပ်အသုံးပြုနည်း လက်ကမ်း စာစောင်များ ဝေငှကြသည်။

အသုံးပြု

ခြစည်းရိုးကြက်ဆူပင်များကို တောင်ကြီးမြို့နယ်မှ ၇၃၃ဧက၊ ကျောက်တလုံးကြီးမြို့နယ်မှ ၈၈ဧက စိုက်ပျိုးထားပြီး ယခင်က အလေ့ကျပေါက်သော ကြက်ဆူပင်များကို ခြစည်းရိုးကာရံ၍ အသုံးပြုကြသည်။ ယခုအခါ ခြစည်းရိုးကြက်ဆူဆီမှ စက်သုံးဆီအဖြစ် အသုံးပြု၍ရသဖြင့် တောင်သူများ၏ ယာမြေ၊ မြေလွတ်မြေရိုင်းများ ဖော်ထုတ်၍ စိုက်ပျိုးကြမည်ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ကတ္တရာထပ်ပိုးလွှာခင်း

မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်လွင်နှင့်အဖွဲ့ ၂၀၀၅–၂၀၀၆ခု ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ချောင်းဆုံမြို့ တိုးချဲ့လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းကို ဒီဇင်ဘာ ၂၈ရက်က စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန်းဝေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမောင်မောင်ကြည်တို့က ရှင်းလင်းပြသစဉ်။ (မြို့နယ်စည်ပင်)

(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဝေါမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သောအရှည် ပေ၆၅၀၊ အကျယ်၁၀ပေရှိ အောင်သိဒ္ဓိကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၁ ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးခင်ဇော်မြင့်၊ အမှုဆောင်အရာရှိ ဦးစောရွှေနှင့် ရပ်မိရပ်ဖဦးလှသိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ရခိုင်သဟာယနှင့် ရခိုင်အမျိုးသမီးအသင်း ပညာရည်ထူးချွန်ဆုချီးမြှင့်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၂

ရခိုင်သဟာယအသင်းနှင့် ရခိုင်အမျိုးသမီးအသင်းတို့မှ ပညာရည်ထူးချွန်ဆု ချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၁၂ရက် (ပြည်ထောင်စုနေ့) မွန်းလွဲ ၁နာရီတွင် ရခိုင်ပြည်နယ် ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

ဆုပေးပွဲတွင် ၂၀၀၄–၀၅ခု ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ရခိုင်ပြည်နယ်မှ ဂုဏ်ထူးငါးဘာသာနှင့် ခြောက်ဘာသာရရှိသူများ၊ အသင်းဝင်များ၏ သား၊ သမီး၊ မြေးများတွင် ဂုဏ်ထူးနှစ်ဘာသာနှင့် အထက်ရရှိသူများ၊ ရခိုင်ပြည်နယ်မှ သိပ္ပံ၊ ဝိဇ္ဇာဘာသာတွဲများ၌ ပထမရရှိသူများနှင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဗဟိုအဆင့်တွင် ရခိုင်ပြည်နယ် ကိုယ်စားပြုပြီး ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများ နိုင်ငံတကာ အားကစား၊ ပန်းချီပြိုင်ပွဲတို့တွင် ဆုရရှိကြသူများသည် ကျောင်းအုပ်ဆရာကြီး သို့မဟုတ် သက်ဆိုင်ရာမှ ထောက်ခံ ချက်များနှင့်အတူ ဇန်နဝါရီ၁၅ရက် နောက်ဆုံးထား၍ ဦးကျော်ဇံလှ ဖုန်း–၅၅၆၂၂၁ နှင့် ဒေါ်မြဝင်း ဖုန်း– ၅၇၃၁၄၃တို့သို့ ဆက်သွယ် စာရင်းပေးပို့ကြရန် ဖိတ်ကြား နိုးဆော်ထားသည်။ **(က–ပ)**

ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၅–၂၀၀၆ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် ပေါင်းတလည်–တောင်တီးလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၁၁ ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်ချို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အင်ဂျင်နီယာမှူး ဦးမြတ်ဟန်ဝင်းက ရှင်းလင်းပြသစဉ်။ (မြို့နယ်စည်ပင်)

လားရှိုးနှင့်မူဆယ်လမ်းတစ်လျှောက် ကျေးရွာတိုင်းရင်းသားများကျန်းမာရေး ဆေးဝါးကုသရေးအကျိုးဆောင်အဖွဲ့ အခမဲ့ကုသပေးမည်

ရန်ကုန် ဇန်နဝါရီ ၁၂

မြန်မာနိုင်ငံ နယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်းသည် ဇန်နဝါရီ ၁၅ရက်မှ ၂၂ရက်အထိ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့နှင့် မူဆယ်လမ်းတစ်လျှောက် ကျေးရွာပေါင်း ၃၀မှ တိုင်းရင်းသားပြည်သူများကို ဆေးဝါးများ အခမဲ့ ကုသပေးရန် စီစဉ်လျက်ရှိသည်။

အဆိုပါ ဆေးဝါးကုသရေး အကျိုးဆောင်အဖွဲ့သည် လားရှိုးမြို့နယ် မယ်ဟန်ရွာ၊ နန်းဖတ်တာရွာ၊ မူဆယ်နှင့် နန်းတောင်းရွာအနီး ပတ်ဝန်းကျင် ပြည်သူများကို မျက်စိရောဂါကုသပေးခြင်း၊ မျက်ကပ်ကြည့်ထည့်ပေးခြင်း၊ မျက်မှန်များ အခမဲ့ပေးခြင်း၊ သွားရောဂါကုသပေးခြင်း၊ အထွေထွေရောဂါ၊ ကလေးရောဂါ၊ သားဖွားမီးယပ်ရောဂါများကို စိစစ်ကုသပေးခြင်းနှင့် ဆေးများ အခမဲ့ ပေးခြင်းများ ဆောင်ရွက်မည်ဖြစ်သည်။

ဝေငှပေးမည်

၎င်းပြင် စာသင်ကျောင်းများနှင့် ကျေးရွာ စာကြည့်တိုက်များအတွက် အကျိုးပြုစာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်းများအပြင် နွမ်းပါးချို့တဲ့သူများအတွက် အဝတ်အထည်များကို အလှူရှင်များကိုယ်စား ဝေငှပေးမည်ဖြစ်သည်။

ဆေးဝါးကုသရေး အကျိုးဆောင်အဖွဲ့တွင် လားရှိုးမြို့နှင့်မူဆယ်မြို့များရှိ ပြည်သူ့ဆေးရုံကြီးများမှ အထူးကု ဆရာဝန်များနှင့် သူနာပြုဆရာ၊ ဆရာမများ ပါဝင်ကြသည်။

အခမဲ့ကုသပေး

အလားတူ ဆေးဝါးကုသမှုခရီးအစဉ်ကို ဒီဇင်ဘာ ၂၁ ရက် မှ ၂၆ ရက်အထိ ကရင်ပြည်နယ် မြိုင်ကြီးငူဒေသသို့သွားရောက်ပြီး တိုင်းရင်းသားပြည်သူ နှစ်ထောင်ကျော်တို့ကို အခမဲ့ဆေးဝါးကုသပေးနိုင်ခဲ့ ကြောင်းသိရသည်။

(နယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်း)

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ရွှေရတနာလမ်း ခြံအမှတ်၁၈ (ဒီ/၄) နေ ဖခင်ကြီး ဦးလှမောင်အား ရည်စူးပြီး မိခင်ကြီး ဒေါ်တင်တင်စု အမှူးထား၍ ဦးသန်းတင်အောင်၊ ဒေါ်ယုယုဝေမိသားစုတို့က သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီးအတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးသိန်းအောင်ထံ ပေးအပ် လှူဒါန်းစဉ်။ (က–ပ)

ဆေးတက္ကသိုလ်(၂)ကျောင်းသားဟောင်းများ အာစရိယပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၁၂

ဆေးတက္ကသိုလ်(၂) ရန်ကုန် (၁၉၈၁–၁၉၈၆) ပညာသင်နှစ် ကျောင်းသား ကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၁၅ ရက်(တနင်္ဂနွေနေ့) နံနက်၉နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံ ဆရာဝန်များအသင်း ခန်းမ(အေ)တွင် ကျင်းပမည်ဖြစ်ရာ အပူဇော်ခံ ဆရာ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန် နိုးဆော်ထားသည်။

အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ဒေါက်တာဇော်ဝင်း ဖုန်း–၀၉–၅၁၁၄၅၄၊ ဒေါက်တာဇော်ဝေစိုး ဖုန်း–၀၉–၅၁၁၅၇၃နှင့် ဒေါက်တာညွှန့်ညွှန့်စိန် (နှင်းဆီကုန်းအထူးကုဆေးခန်း) ဖုန်း–၅၅၈၄၀၁တို့သို့ ဆက်သွယ်လှူဒါန်းကြရန် နိုးဆော်ထားကြောင်း သိရသည်။ **(က–ပ)**

မီးကြွင်းမီးကျန် မရှိရန် ကျင့်ကြံသတိ အမြဲရှိ

(၅၈)ကြိမ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် အင်းစိန်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော သားကောင်း မိခင်နှင့်ကလေးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂ ရက်က တောင်သူကုန်းရပ်ကွက် မင်းကြီးလမ်းရှိ အသင်းပိုင်အဆောက်အအုံရှေ့ မြေကွက်လပ်၌ ကျင်းပရာ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ဥမ္မာထွန်းနွယ်က တစ်နှစ်ခွဲမှ နှစ်နှစ်ကလေး ပြိုင်ပွဲ ပထမဆုရ နော်ဂေးရူးသူအား ဆုချီးမြှင့်စဉ်။ (၀၄၆)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း အာရပ်စော်ဘွားများပြည်ထောင်စု ဒုတိယသမ္မတနှင့် ဝန်ကြီးချုပ်အသစ်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

ရန်ကုန် ဇန်နဝါရီ ၁၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် အာရပ်စော်ဘွားများပြည်ထောင်စု ဒုတိယသမ္မတနှင့် ဝန်ကြီးချုပ်အသစ် ရှိတ် မိုဟာမက် ဘင် ရာဆစ် အယ်လ်-မာတွန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော အမျိုးသားညီလာခံ ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးတွင် သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များအား တွေ့ရစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကြီးသည် တစ်မျိုးသားလုံးနှင့် တစ်နိုင်ငံလုံးကို ကိုယ်စားပြုသည့် တိုင်းပြုပြည်ပြုညီလာခံကြီးဖြစ် တိုင်းရင်းသားပေါင်းစုံ၊ လူထုလူတန်းစား အလွှာပေါင်းစုံနှင့် ပါတီပေါင်းစုံတို့ မျက်နှာစုံညီ တွေ့ဆုံဆွေးနွေး ညှိနှိုင်းဆုံးဖြတ်ပြီး အနာဂတ်နိုင်ငံတော်သစ်ကို ပန္နက်ရိုက်အုတ်မြစ်ချနေခြင်းဖြစ် နိုင်ငံသားအားလုံး အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေး ပြည်သူလူထုတစ်ရပ်လုံး ပြည်ထောင်စုစိတ်ဓာတ်အရင်းခံလျက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

အနာဂတ်ကောင်းကျိုးကိုဖော်ဆောင်မည့် အမျိုးသားညီလာခံအား ရှမ်းပြည်နယ်(အရှေ့ပိုင်း)လူထု ကြိုဆိုထောက်ခံ

ရန်ကုန် ဇန်နဝါရီ ၁၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသည့် အမျိုးသားညီလာခံကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးကို ဇန်နဝါရီ ၁၀ ရက် နံနက် ၉ နာရီတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ မြို့မအားကစားကွင်း၌ ကျင်းပသည်။

လူထုအစည်းအဝေးသို့ ကျိုင်းတုံ၊ မိုင်းဖြတ်၊ မိုင်းဆတ်၊ တာချီလိတ်၊ မိုင်းခတ်၊ မိုင်းယန်း၊ မိုင်းယောင်း၊ မိုင်းပျင်း၊ မိုင်းတုံနှင့် မက်မန်းမြို့နယ်တို့မှ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ သူနာပြုများ၊ ဆရာ ဆရာမများ၊ *စာမျက်နှာ ၅ ကော်လံ ၁* ✡



ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော အမျိုးသားညီလာခံ ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးတွင် သဘာပတိ ဦးစိုင်းရီတစ်ပဝုန်း အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး၊
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
* အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
* မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

အချပ်ပိုလေးမျက်နှာဖော်ပြပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် အမျိုးသားညီလာခံကိုယ်စားလှယ်များ၏ ဆွေးနွေးအကြံပြုချက် အချပ်ပိုလေးမျက်နှာ ပူးတွဲဖော်ပြပါရှိပါသည်။

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ ကိုယ်စားလှယ်အစုအဖွဲ့များမှ ကိုယ်စားလှယ်များ၏ ဆွေးနွေးအကြံပြုချက်စာတမ်း

ရန်ကုန် ဇန်နဝါရီ ၁၂

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ၂၀၀၆ခုနှစ် ဇန်နဝါရီ ၆ရက်တွင် ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ပြည်ထောင်စု လွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် ချမှတ်သင့်သည့်အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ် (မြောက်ပိုင်း)မှ ဦးငြိမ်းမောင် ဖတ်ကြားတင်ပြသည့် အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက် စာတမ်းမှာ အောက်ပါအတိုင်းဖြစ်သည်–

အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက် စာတမ်းကို ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ဦးငြိမ်းမောင် ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ဥပဒေပြုရေးအခန်း၌ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်းပြီး မိမိတို့ အမျိုးသားညီလာခံအလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ အကြံပြုချက်စာတမ်းကို အမျိုးသားညီလာခံ အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ကိုယ်စား အပိုင်း(၃)ပိုင်းခွဲပြီး မိမိနှင့်အတူ အမျိုးသားညီလာခံ အလုပ်သမားကိုယ်စားလှယ်များဖြစ်ကြသည့် မွန်ပြည်နယ် ချောင်းဆုံမြို့နယ်မှ ဦးမင်းမြင့်မောင်လေး၊ ကယားပြည်နယ် လွိုင်ကော်မြို့နယ်မှ ဦးပိုးရယ်အောင်သိန်းနှင့် ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ်မှ ဦးသာအေးတို့က တင်ပြသွားမှာဖြစ်ပါကြောင်း။

၂၀၀၅ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်နေ့က ကျင်းပခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက ပြည်ထောင်စုလွှတ်တော်၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်းပြီး ရှင်းလင်းပြောကြားခဲ့ကြောင်း။

အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များသည် ကမ္ဘာ့နိုင်ငံအသီးသီးမှ အခြေခံဥပဒေများမှာပါဝင်သည့် ပြည်ထောင်စုလွှတ်တော်နှင့် စပ်လျဉ်းသည့် ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများ၊ မိမိတို့နိုင်ငံမှာရှိခဲ့သည့် ၁၉၄၇ ခုနှစ်က ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၌ ပြဋ္ဌာန်းထားသည့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေမှာ ပြဋ္ဌာန်းထားသည့် အချက်များကို လေ့လာစိစစ်ပြီး ယနေ့မိမိတို့နိုင်ငံ၏ ပကတိအခြေအနေ၊ နိုင်ငံတကာ၏ ဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေတို့နှင့် ထင်ဟပ်ပြီး စိစစ်လေ့လာရှင်းလင်းပြောကြားထားခြင်းဖြစ်၍ အလွန်တန်ဖိုးကြီးလှပါကြောင်း။

မိမိတို့ အမျိုးသားညီလာခံ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့အနေနှင့် ပြည်ထောင်စုလွှတ်တော်၏ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့်စပ်လျဉ်းပြီး အကြံပြုတင်ပြရာတွင် လွန်စွာမှ အထောက်အကူပြုပါသဖြင့် အမျိုးသားညီလာခံ အလုပ်သမားကိုယ်စားလှယ်များက အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါကြောင်း။

အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက ပြည်ထောင်စုလွှတ်တော်၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအနက် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးများ ကျင်းပရေးနှင့် စပ်လျဉ်းပြီး အသေးစိတ်အခြေခံရမည့် မူများချမှတ်ရေးကိစ္စနှင့် ပြည်ထောင်စုလွှတ်တော် ပထမအကြိမ် ပုံမှန်အစည်းအဝေး ခေါ်ယူကျင်းပရမည့်တာဝန်ကို ပြည်ထောင်စုလွှတ်တော် နာယကကို အပ်နှင်းခြင်းနှင့် စပ်လျဉ်းသည့် ကိစ္စ၊ ပြည်ထောင်စုလွှတ်တော်၏ ပုံမှန်အစည်းအဝေးကို တစ်နှစ်အတွင်းအနည်းဆုံး ကျင်းပရမည့်အရေအတွက် သတ်မှတ်ခြင်းကိစ္စ၊ ပုံမှန်အစည်းအဝေး ခေါ်ယူရမည့် ပုဂ္ဂိုလ်သို့မဟုတ် အဖွဲ့အစည်းနှင့် ပတ်သက်သည့်ကိစ္စ၊ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးများ၌ နိုင်ငံတော်သမ္မတက အခါအားလျော်စွာ တက်ရောက်မိန့်ခွန်းပြောကြားခြင်း၊ ယင်းပြောကြားသည့် မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း၊ နိုင်ငံတော်သမ္မတက သဝဏ်လွှာပေးပို့ခြင်း၊ မှတ်တမ်းတင်ခြင်း၊ အခြားသဝဏ်လွှာများနှင့် စပ်လျဉ်းသည့်ကိစ္စ၊ ပြည်ထောင်စု လွှတ်တော် နာယကက စိစစ်ခွင့်ပြုခြင်း၊ ဖတ်ကြားခြင်း၊ မှတ်တမ်းတင်ခြင်းနှင့် စပ်လျဉ်းသည့်ကိစ္စ၊ ဖွဲ့စည်းပုံအခြေခံဥပဒေက သတ်မှတ်ထားသည့် ဥပဒေကြမ်းများ တင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းကိစ္စ၊ ပြည်ထောင်စုလွှတ်တော် အစည်းအဝေး၌ လွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းများမေးခြင်း၊ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၏ အဖွဲ့အစည်းဝင်များက ဖြေကြားခြင်းကိစ္စ၊ အခြားနိုင်ငံမှ အကြီးအကဲများ မိမိတို့နိုင်ငံသို့ ရောက်ရှိစဉ် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးကျင်းပချိန်နှင့် တိုက်ဆိုင်နေပါက တက်ရောက်မိန့်ခွန်းပြောကြားခြင်းကိစ္စ၊ ပြည်ထောင်စု လွှတ်တော် အထူးအစည်းအဝေး သို့မဟုတ် အရေးပေါ်အစည်းအဝေးများနှင့် စပ်လျဉ်းသည့် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ခြင်းကိစ္စ၊ အုပ်ချုပ်ရေး အကြီးအကဲဖြစ်သည့် နိုင်ငံတော်သမ္မတက နိုင်ငံတော်၏ နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေးများနှင့် စပ်လျဉ်းပြီး ထူးခြားသည့် အခြေအနေများပေါ်ပေါက်ပါက အရေးတကြီးဆောင်ရွက်ရမည့် အချိန်အခါမျိုး၊ အခြေအနေမျိုးကြုံလာလျှင် ပြည်ထောင်စုလွှတ်တော်အစည်းအဝေး သို့မဟုတ် အရေးပေါ် အစည်းအဝေး ခေါ်ယူပေးရန် အခြေအနေဖြစ်ပေါ်လာလျှင် ပြည်ထောင်စု လွှတ်တော်နာယကက အစည်းအဝေးခေါ်ယူပေးရခြင်းများ၊ ပြည်ထောင်စုလွှတ်တော် အစည်းအဝေး အထမြောက်ရန် အနည်းဆုံးလိုအပ်မည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေ သတ်မှတ်ရေး ကိစ္စရပ်များနှင့်ပတ်သက်ပြီး အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းပြောကြားခဲ့ပါကြောင်း။

ထို့အပြင် ပြည်ထောင်စုလွှတ်တော်က အဆုံးအဖြတ်ပြုရမည့်ကိစ္စရပ်များအတွက် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၏ ဆန္ဒမဲဖြင့် အဆုံးအဖြတ်ပြုခွင့်၊ ပြည်ထောင်စုလွှတ်တော်နာယက၏ ဆန္ဒမဲပေးခွင့်တို့နှင့် စပ်လျဉ်းသည့်ကိစ္စ၊ ပြည်ထောင်စုလွှတ်တော်၏ ခွင့်ပြုချက်မရှိဘဲ အစည်းအဝေးတက်ရောက်ရန် ရက်ပေါင်းများစွာ တစ်ဆက်တည်းပျက်ကွက်သည့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များနှင့်စပ်လျဉ်းပြီး အသေးစိတ်အခြေခံရမည့်မူများချမှတ်ရန်ကိစ္စ၊ အကြောင်းအမျိုးမျိုးကြောင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်နေရာအချို့ လစ်လပ်နိုင်သည့်အခါ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တရားဝင် တက်ရောက်ခွင့်မရှိသူတစ်ဦးဦးက ပြည်ထောင်စုလွှတ်တော်အစည်းအဝေး တက်ရောက် ဆောင်ရွက်ခဲ့သည့်အခါ ပြည်ထောင်စုလွှတ်တော်၏ ဆုံးဖြတ်ဆောင်ရွက်ချက်များ ပျက်ပြားခြင်းမရှိစေရေးနှင့် စပ်လျဉ်းသည့်ကိစ္စ၊ ပြည်ထောင်စုလွှတ်တော်၏ ဆောင်ရွက်ချက်များကို အများပြည်သူသိရှိခွင့် ရှိရေးကိစ္စ၊ ပြည်ထောင်စုလွှတ်တော်က ဥပဒေပြုခွင့်ရှိသည့် ကိစ္စရပ်များနှင့် စပ်လျဉ်းပြီး ဥပဒေကြမ်းတစ်ခုကို ပြည်သူ့လွှတ်တော်ကရော အမျိုးသားလွှတ်တော်ကပါ အတည်ပြုခဲ့လျှင် ယင်းဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုရမည်ဆိုသည့်ကိစ္စ၊ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေများမှာလည်း နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို မည်သည့်အဖွဲ့အစည်း သို့မဟုတ် မည်သည့်အာဏာပိုင်က ထုတ်ပြန်နိုင်သည်ဆိုသည့်ကိစ္စနှင့် ယင်းတို့အနက် ဖွဲ့စည်းပုံအခြေခံဥပဒေ သို့မဟုတ်မူရင်းဥပဒေနှင့် မညီညွတ်မှုမျိုးများတွေ့လျှင် ပယ်ဖျက်ခြင်း၊ ပြင်ဆင်စေခြင်း ပြုလုပ်နိုင်သည်ဆိုသည့် ပြည်ထောင်စုလွှတ်တော်၏ လုပ်ပိုင်ခွင့် အသေးစိတ်အခြေခံအချက်များကို အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းပြောကြားခဲ့ပါကြောင်း၊ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များသည် အသေးစိတ်အခြေခံရမည့် မူများအဖြစ် ချမှတ်သင့်ပါကြောင်း အမျိုးသားညီလာခံ အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့က အကြံပြုတင်ပြအပ်ပါကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံအနေနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်ခြင်း၊ အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာနှင့် နိုင်ငံအချင်းချင်း စာချုပ်များချုပ်ဆိုခြင်း၊ သဘောတူညီချက်များ အတည်ပြုခြင်းနှင့် စပ်လျဉ်းသည့်ကိစ္စ၊ နိုင်ငံတော်၏ လုံခြုံရေးအခြေအနေကဲ့သို့သော ချက်ချင်းအရေးယူဆောင်ရွက်ရန် လိုအပ်သည့်ကိစ္စများကို နိုင်ငံတော်သမ္မတက ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်ထုတ်ပြန်ဆောင်ရွက်သည့်ကိစ္စ၊ ယင်းအမိန့်ကို အတည်ပြုပေးရန် ပြည်ထောင်စုလွှတ်တော်ကို တင်ပြလာသည့်အခါ အတည်ပြုမပြု၊ ပြည်ထောင်စုလွှတ်တော်က အဆုံးအဖြတ်ပြုရမည့်ကိစ္စ၊ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တို့ အပါအဝင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများအနေနှင့် မိမိတို့စီမံခန့်ခွဲသည့် ကိစ္စရပ်များနှင့်စပ်လျဉ်းပြီး သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ဥပဒေကြမ်းများ တင်သွင်းခွင့်ကိစ္စ၊ နှစ်စဉ်အရအသုံး ခန့်မှန်းခြေငွေစာရင်းကိစ္စ၊ အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းနှင့် တစ်မျိုးသားလုံးနှင့်ဆိုင်သည့် စီမံကိန်းများ ချမှတ်ရေးကိစ္စ၊ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းလာသည့် ဥပဒေကြမ်းများကို ပြည်သူ့လွှတ်တော်မှဖြစ်စေ၊ အမျိုးသားလွှတ်တော်မှဖြစ်စေ စတင်ဆွေးနွေးခွင့်ကိစ္စ၊ ပြည်ထောင်စုလွှတ်တော်မှာသာ ဆွေးနွေးဆုံးဖြတ်မည့် ဥပဒေကြမ်းများအပေါ် အသေးစိတ်လေ့လာစိစစ်ပြီး လိုအပ်ပါက ဆောင်ရွက်ရမည့်နည်းလမ်းများ၊ ဥပဒေကြမ်းတစ်ရပ်အပေါ် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောထားကွဲလွဲခဲ့လျှင် ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ရယူရေး၊ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည့်ဥပဒေကြမ်းများနှင့် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည့် ဥပဒေကြမ်းများကို နိုင်ငံတော်သမ္မတထံပေးပို့ခြင်း၊ နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးပြီး ဥပဒေအဖြစ် ထုတ်ပြန်ကြေညာခြင်းတို့နှင့် စပ်လျဉ်းသည့် ကိစ္စရပ်များ၊ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည့်ဥပဒေကြမ်းများနှင့် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည့်ဥပဒေကြမ်းများကို နိုင်ငံတော်သမ္မတထံ ပေးပို့ခြင်း၊ နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးပြီး ဥပဒေအဖြစ် ထုတ်ပြန်ကြေညာခြင်းနှင့် စပ်လျဉ်းသည့်ကိစ္စတို့အပြင် နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးပြီးသော ဥပဒေများနှင့် နိုင်ငံတော်သမ္မတ၏ လက်မှတ်ရေးထိုးရရှိပြီးသကဲ့သို့ မှတ်ယူရမည့်ဥပဒေများကို နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာခြင်းနှင့် အာဏာတည်ရမည့်နေ့ သတ်မှတ်ခြင်းများအပါအဝင် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များသည် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း အမျိုးသားညီလာခံ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့က အကြံပြုတင်ပြအပ်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်ကို တင်သွင်းသည့်ဥပဒေကြမ်းများ၊ ပြည်ထောင်စုလွှတ်တော်၏ ဆုံးဖြတ်ချက်သဘောတူညီချက်ရရှိရန် တင်ပြသည့်ကိစ္စရပ်များနှင့် စပ်လျဉ်းပြီး ပြည်ထောင်စုအဆင့် အဖွဲ့အစည်းအသီးသီးကို ကိုယ်စားပြု သည့် အဖွဲ့အစည်းဝင်များအနေနှင့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေး သို့ တက်ရောက်ပြီးတင်ပြခြင်း၊ ရှင်းလင်းဆွေးနွေးခြင်းများ ပြုလုပ်ခွင့်ရှိရေး၊ ပြည်ထောင်စုလွှတ်တော် နာယကအနေနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရဖြစ်စေ၊ ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ သတ်မှတ်ထားသည့် တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရမည့်ကိစ္စ၊ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသင့်သည့် မိမိအဖွဲ့အစည်းနှင့် သက်ဆိုင်သော အခြေအနေအရပ်ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားသည့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းက ပြည်ထောင်စုလွှတ်တော်သို့ တင်ပြနိုင်ရေးနှင့် စပ်လျဉ်းသည့်ကိစ္စ၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များအနေနှင့် အဆိုတင်သွင်းခြင်း၊ အဆိုကိုဆွေးနွေးခြင်း၊ မေးခွန်းများ မေးမြန်းခြင်းစသည့် အခွင့်အရေးများရရှိရေး၊ ယင်းအခွင့်အရေးများကို ကျင့်သုံးသည့်အခါ ကိုယ်ထိလက်ရောက် ကျူးလွန်ကြသည်မျိုးကိုတားမြစ်ရေး၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များနှင့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ ဖိတ်ကြားခံရသည့် ပုဂ္ဂိုလ်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်လျှင် ပြည်ထောင်စုလွှတ်တော်၌ လွတ်လပ်စွာပြောဆိုခွင့်ရှိရေး၊ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကို လွှတ်တော်အစည်းအဝေး တက်ရောက်နေခိုက်တွင် ဖမ်းဆီးရန် လိုအပ်လာလျှင် မည်သို့ဆောင်ရွက်သင့်သည် ဆိုသည့်ကိစ္စ၊ ပြည်ထောင်စုလွှတ်တော်နာယက၏ ခွင့်ပြုချက် သို့မဟုတ် ဖိတ်ကြားချက်အရ တက်ရောက်လာသည့်ပုဂ္ဂိုလ်တစ်ဦးကို ဖမ်းဆီးရန်လိုအပ်ပါက မည်သို့ဆောင်ရွက်ရမည့် ဆိုသည့်ကိစ္စများနှင့် ပြည်ထောင်စုလွှတ်တော်က ဖြန့်ချိထုတ်ဝေသည့် သို့မဟုတ် ပြည်ထောင်စုလွှတ်တော်၏ အခွင့်အာဏာနှင့် ဖြန့်ချိထုတ်ဝေသည့်မှတ်တမ်းမှတ်ရာများနှင့်စပ်လျဉ်းပြီး တရားစွဲဆိုခံရခြင်းမှ ကင်းလွတ်ခွင့်ကိစ္စတို့နှင့် စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များသည် အသေးစိတ်အခြေခံရမည့် မူများအဖြစ် ချမှတ်ရန် လျော်ကန်သင့်မြတ်ပါကြောင်း အမျိုးသားညီလာခံ အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့က အကြံပြုတင်ပြအပ်ပါကြောင်း။

ထို့ကြောင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ဥပဒေပြုရေးအခန်း၌ ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၏ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ အကြံပြုချက်များကို အောက်ပါအတိုင်း စုစည်းတင်ပြအပ်ပါကြောင်း။

၁။ ပြည်ထောင်စုလွှတ်တော်၏ ပထမအကြိမ် ပုံမှန်အစည်းအဝေးကို ပြည်သူ့လွှတ်တော်၏ ပထမအစည်းအဝေးစတင်သည့်နေ့မှ ၁၅ရက်အတွင်း ကျင်းပရမည်။ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးများကို ပြည်ထောင်စုလွှတ်တော်နာယက က ခေါ်ယူကျင်းပရမည်။

အချပ်ပို (ခ) သို့

နိုင်ငံတော်သမ္မတသည် ဥပဒေကြမ်းတစ်ရပ်ကို လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာရန် သတ်မှတ်ထားသည့် ကာလအတွင်း မိမိ၏သဘောထားမှတ်ချက်နှင့်အတူ ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့နိုင်သည်

အချပ်ပို (က) မှ

၂။ ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးကို ပြည်ထောင်စုလွှတ်တော်နာယကက တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် ခေါ်ယူကျင်းပရမည်။ ပုံမှန်အစည်းအဝေးတစ်ကြိမ်နှင့် တစ်ကြိမ်အကြား အရှည်အကြာဆုံး ကာလသည် ၁၂လထက် မပိုစေရ။

၃။ ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၌ အောက်ပါကိစ္စရပ်များကို ဆောင်ရွက်သည်။

(က) နိုင်ငံတော်သမ္မတပြောကြားသည့် မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း၊

(ခ) နိုင်ငံတော်သမ္မတကပေးပို့သော သဝဏ်လွှာနှင့် နာယကက ခွင့်ပြုသော အခြားသဝဏ်လွှာများကို ဖတ်ကြားခြင်း၊ မှတ်တမ်းတင်ခြင်း၊

(ဂ) ဥပဒေကြမ်းတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(ဃ) ပြည်ထောင်စုလွှတ်တော်က အတည်ပြုထားသည့် ဥပဒေကြမ်းတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတ၏ သဘောထား မှတ်ချက်များကို ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(င) ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ ပြည်ထောင်စုလွှတ်တော်က ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(စ) ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းသည့် အစီရင်ခံစာများကို ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊ မှတ်တမ်းတင်ခြင်း၊

(ဆ) အဆိုတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(ဇ) မေးခွန်းမေးမြန်းခြင်း၊ ဖြေကြားခြင်း၊

(ဈ) ပြည်ထောင်စုလွှတ်တော် နာယကက ခွင့်ပြုသည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ခြင်း။

၄။ ပြည်ထောင်စုလွှတ်တော် အထူးအစည်းအဝေးကိုဖြစ်စေ၊ အရေးပေါ်အစည်းအဝေးကိုဖြစ်စေ ကျင်းပရန်လိုအပ်လျှင် ပြည်ထောင်စုလွှတ်တော်နာယက က ခေါ်ယူကျင်းပနိုင်သည်။

၅။ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကို ခေါ်ယူကျင်းပပေးရန် နိုင်ငံတော်သမ္မတက အကြောင်းကြားလျှင် ပြည်ထောင်စုလွှတ်တော်နာယကသည် ပြည်ထောင်စုလွှတ်တော် အထူးအစည်းအဝေးကို ဖြစ်စေ၊ အရေးပေါ်အစည်းအဝေးကိုဖြစ်စေ အမြန်ဆုံးခေါ်ယူကျင်းပရမည်။

၆။ ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ခေါ်ယူကျင်းပပေးရန် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ် စုစုပေါင်းဦးရေအနက် အနည်းဆုံး လေးပုံတစ်ပုံက တောင်းဆိုလျှင် ပြည်ထောင်စုလွှတ်တော်နာယကက အထူးအစည်းအဝေးကို အမြန်ဆုံးခေါ်ယူကျင်းပရမည်။

၇။ (က) ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတစ်ရပ်၏ ပထမနေ့တွင် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေ၏ ထက်ဝက်ကျော်ဦးရေ တက်ရောက်လျှင် ယင်းအစည်းအဝေး အထမြောက်သည်။ အကယ်၍ အထမမြောက်ပါက အစည်းအဝေးကို ရွှေ့ဆိုင်းရမည်။

(ခ) အပိုဒ်ခွဲ(က)အရ အစည်းအဝေး အထမမြောက်သည့်အတွက် ရွှေ့ဆိုင်းကျင်းပရသော အစည်းအဝေးများနှင့် အစည်းအဝေး အထမြောက်ပြီးနောက် ဆက်လက် ကျင်းပသော အစည်းအဝေးများတွင် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်းဦးရေအနက် အနည်းဆုံး သုံးပုံတစ်ပုံတက်ရောက်လျှင် အစည်းအဝေးများ အထမြောက်သည်။

၈။ (က) ပြည်ထောင်စုလွှတ်တော်တွင် အဆုံးအဖြတ်ပြုရမည့် အကြောင်းအရာတစ်ရပ်နှင့် စပ်လျဉ်း၍ မဲခွဲဆုံးဖြတ်ရာ၌ ဤဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခြားနည်း ပြဋ္ဌာန်းထားခြင်းမရှိလျှင် အစည်းအဝေးသို့ တက်ရောက်၍ ဆန္ဒမဲပေးသည့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များ၏ များရာ ဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်။

(ခ) ပြည်ထောင်စုလွှတ်တော် အစည်းအဝေးများတွင် မဲခွဲဆုံးဖြတ်သည့် ကိစ္စများ၌ ပြည်ထောင်စုလွှတ်တော်နာယက သို့မဟုတ် နာယကတာဝန်ထမ်းဆောင်နေသည့် ဒုတိယနာယကသည် ဆန္ဒမဲမပေးရ။ ထောက်ခံဆန္ဒမဲနှင့် ကန့်ကွက်ဆန္ဒမဲ အရေအတွက်ချင်းတူညီနေသည့် ကိစ္စရပ်တွင်သာ အနိုင်မဲပေးရမည်။

၉။ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်တစ်ဦးသည် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတစ်ရပ်တွင် ပြည်ထောင်စုလွှတ်တော် နာယက၏ ခွင့်ပြုချက်မရဘဲ အစည်းအဝေးတက်ရောက်ရန် အနည်းဆုံး ရက်ပေါင်း ၁၅ ရက် တစ်ဆက်တည်း ပျက်ကွက်လျှင် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ အရေးယူရန် ပြည်ထောင်စုလွှတ်တော်နာယကက သက်ဆိုင်ရာလွှတ်တော်သို့ အကြောင်းကြားရမည်။ ပြည်ထောင်စုလွှတ်တော် အစည်းအဝေး တက်ရောက်ရန် ခွင့်မဲ့ပျက်ကွက်သည့် ရက်ပေါင်း ၁၅ရက်ကို ရေတွက်ရာ၌ အစည်းအဝေးရွှေ့ဆိုင်းထားသည့် ကာလကို ထည့်သွင်းရေတွက် ခြင်းမပြုရ။

၁၀။ ပြည်ထောင်စုလွှတ်တော်သည် လွှတ်တော်ကိုယ်စားလှယ်နေရာအချို့ လစ်လပ်နေစေကာမူ ပြည်ထောင်စုလွှတ်တော် လုပ်ငန်းများကို ဆောင်ရွက်ခွင့်ရှိသည်။ ထို့အပြင် အခွင့်အရေးမရှိသူတစ်ဦးက ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တက်ရောက်ခြင်း၊ ဆန္ဒမဲပေးခြင်း သို့မဟုတ် လွှတ်တော် လုပ်ငန်းတစ်ရပ်ရပ်တွင် ပါဝင်ဆောင်ရွက်ခဲ့ခြင်းကို နောင်အခါတွင်မှ စစ်ဆေးတွေ့ရှိစေကာမူ ပြည်ထောင်စုလွှတ်တော်၏ ဆုံးဖြတ်ဆောင်ရွက်ချက်များသည် ပျက်ပြယ်ခြင်း မရှိစေရ။

၁၁။ ပြည်ထောင်စုလွှတ်တော်၏ ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို အများပြည်သူသိရှိနိုင်ရန်ထုတ်ပြန်ရမည်။ သို့ရာတွင် ဥပဒေတစ်ရပ်ရပ်အရ ဖြစ်စေ၊ ပြည်ထောင်စုလွှတ်တော်၏ ဆုံးဖြတ်ချက်အရဖြစ်စေ တားမြစ်ထားသည့် ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို ထုတ်ပြန်ခြင်း မပြုရ။

၁၂။ (က) ပြည်ထောင်စုလွှတ်တော်သည် "ပြည်ထောင်စုဥပဒေပြုစာရင်း"တွင် ဖော်ပြသော ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုတစ်ဝန်းလုံးအတွက်သော် လည်းကောင်း၊ ပြည်ထောင်စု၏ တစ်စိတ်တစ်ဒေသအတွက်သော်လည်းကောင်း အာဏာသက်ရောက်စေရန် ဥပဒေပြုခွင့် ရှိသည်။

(ခ) ပြည်သူ့လွှတ်တော်တွင်ဖြစ်စေ၊ အမျိုးသားလွှတ်တော်တွင်ဖြစ်စေ စတင်တင်သွင်းသည့် ဥပဒေကြမ်းကို လွှတ်တော်နှစ်ရပ်စလုံးက အတည်ပြုလျှင် ယင်းဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည်။

၁၃။ (က) ပြည်ထောင်စုလွှတ်တော်သည် ဥပဒေတစ်ရပ်ပြဋ္ဌာန်းသည့်အခါ–

(၁) ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စု အဆင့်အဖွဲ့အစည်းတစ်ရပ်ရပ်အား ယင်းဥပဒေနှင့်သက်ဆိုင်သည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေနှင့် စည်းကမ်းဥပဒေများ ထုတ်ပြန်ခွင့်ကို အပ်နှင်းနိုင်သည်။

(၂) သက်ဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် အာဏာပိုင်အား ယင်းဥပဒေနှင့် သက်ဆိုင်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ခွင့်ကို အပ်နှင်းနိုင်သည်။

(ခ) ဥပဒေတစ်ရပ်က အပ်နှင်းသည့် လုပ်ပိုင်ခွင့်အရ ပြုလုပ်သော နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ သက်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း ညီညွတ်မှုရှိရမည်။

(ဂ) ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်နှစ်ရပ်စလုံးက နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေ တစ်ရပ်ရပ်ကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် ဆုံးဖြတ်ပါက ယင်းနည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေကို ပြည်ထောင်စု လွှတ်တော်က ပယ်ဖျက်သည် သို့မဟုတ် ပြင်ဆင်စေသည်ဟု မှတ်ယူရမည်။

(ဃ) နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေ တစ်ရပ်ရပ်ကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောကွဲလွဲပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရမည်။

(င) နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေ တစ်ရပ်ရပ်ကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် အပိုဒ်ခွဲ(ဂ) သို့မဟုတ်(ဃ)အရ ဆုံးဖြတ်ပါက ထိုသို့ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်စေခြင်း မပြုမီ ယင်းနည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေအရ ဆောင်ရွက်ခဲ့ပြီးသော အမှုကိစ္စများကို ထိခိုက်ခြင်းမရှိစေရ။

၁၄။ ပြည်ထောင်စုလွှတ်တော်သည်–

(က) နိုင်ငံတော်သမ္မတက တင်ပြသည့် အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံအချင်းချင်းဆိုင်ရာ စာချုပ်များ၊ သဘောတူညီချက်များကို အတည်ပြုဆောင်ရွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ နုတ်ထွက်ခြင်းတို့နှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ပေးရမည်။

(ခ) အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံအချင်းချင်းဆိုင်ရာ စာချုပ်များ၊ သဘောတူညီချက်များအနက် မည်ကဲ့သို့သော စာချုပ် သို့မဟုတ် သဘောတူညီချက်အမျိုးအစားကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူရန်မလိုဘဲ ချုပ်ဆိုခြင်း၊ ပယ်ဖျက်ခြင်း၊ နုတ်ထွက်ခြင်းတို့ကို ဆောင်ရွက်ရန် နိုင်ငံတော်သမ္မတအား လုပ်ပိုင်ခွင့် လွှဲအပ်နိုင်သည်။

၁၅။ (က) ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ရယူမည့် ကိစ္စရပ်များ၊ သဘောတူညီချက် ရယူမည့်ကိစ္စရပ်များ၊ အတည်ပြုချက်ရယူမည့် ကိစ္စရပ်များကို အောက်ပါအတိုင်းဆောင်ရွက်ရမည်–

(၁) ပြည်ထောင်စုလွှတ်တော် အစည်းအဝေးကျင်းပဆဲကာလဖြစ်လျှင် ယင်းအစည်းအဝေး၌ ဆွေးနွေးဆုံးဖြတ်ရမည်။

(၂) ပြည်ထောင်စုလွှတ်တော် အစည်းအဝေးကျင်းပဆဲကာလမဟုတ်လျှင် အနီးကပ်ဆုံး ပြည်ထောင်စုလွှတ်တော် အစည်းအဝေး၌ ဆွေးနွေးဆုံးဖြတ်ရမည်။

(၃) အများပြည်သူအကျိုးငှာ အလျင်အမြန် ဆောင်ရွက်ရမည့် ကိစ္စရပ်များကို အထူးအစည်းအဝေး သို့မဟုတ် အရေးပေါ်အစည်းအဝေး ခေါ်ယူကျင်းပ၍ ဆွေးနွေးဆုံးဖြတ်ရမည်။

(ခ) ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံတော်သမ္မတက ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်တစ်ရပ်ကို ထုတ်ပြန်ပြီး ယင်းအမိန့်ကို အတည်ပြုပေးရန် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသည့်အခါ–

(၁) ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်ကို အတည်ပြုမပြု ဆုံးဖြတ်ရမည်။

(၂) အတည်ပြုရန်ဆုံးဖြတ်ပါက ယင်းအမိန့်ဆက်လက် အာဏာတည်ရမည့်အချိန်ကာလကို သတ်မှတ်ပေးရမည်။

(၃) အတည်ပြုချက်မရရှိလျှင် ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်သည် အတည်မပြုသည့်နေ့မှစ၍ အာဏာတည်ခြင်းမှ ရပ်စဲရမည်။

၁၆။ (က) ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများသည် "ပြည်ထောင်စုဥပဒေပြုစာရင်း"တွင် ပါရှိသော ကိစ္စရပ်များအနက် မိမိတို့စီမံခန့်ခွဲသည့် ကိစ္စရပ်များနှင့် စပ်လျဉ်းသော ဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းခွင့်ရှိသည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိသော နိုင်ငံတော်၏ အမျိုးသားစီမံကိန်း၊ နှစ်စဉ်အရအသုံး ခန့်မှန်းခြေငွေစာရင်းနှင့် အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေးဆုံးဖြတ်ရမည်။

၁၇။ ပြည်ထောင်စုလွှတ်တော်၌သာ ဆွေးနွေးဆုံးဖြတ်ရမည်ဟု ဤဖွဲ့စည်းပုံအခြေခံဥပဒေ၌ သတ်မှတ်သော ဥပဒေကြမ်းများမှအပ ဤဖွဲ့စည်းပုံအခြေခံ ဥပဒေအရဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများက ပြည်ထောင်စုလွှတ်တော်သို့တင်သွင်းသော ဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ပြည်သူ့လွှတ်တော်တွင်ဖြစ်စေ၊ အမျိုးသားလွှတ်တော်တွင်ဖြစ်စေ စတင်ဆွေးနွေးဆောင်ရွက်ခွင့်ရှိသည်။

၁၈။ ပြည်ထောင်စုလွှတ်တော်၌သာ ဆွေးနွေးဆုံးဖြတ်ရမည့် ဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၌ ဆွေးနွေးခြင်းမပြုမီ အသေးစိတ်လေ့လာစိစစ်ရန် လိုအပ်ပါက ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီနှင့် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီတို့အား ပူးပေါင်းလေ့လာစိစစ်စေခြင်း၊ ယင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ဥပဒေကြမ်းနှင့်အတူ ပြည်ထောင်စုလွှတ်တော် အစည်းအဝေး သို့ တင်ပြဆောင်ရွက်စေခြင်းတို့ကို ပြုနိုင်သည်။

၁၉။ ဥပဒေကြမ်းတစ်ရပ်နှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောကွဲလွဲပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရမည်။

၂၀။ (က) နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော်မှ ပေးပို့လာသည့် ပြည်ထောင်စုလွှတ်တော်ကအတည်ပြုသော သို့မဟုတ် ပြည်ထောင်စုလွှတ်တော်ကအတည်ပြုသည်ဟု မှတ်ယူရမည်ဖြစ်သော ဥပဒေကြမ်းများကို လက်ခံရရှိသည့်နေ့၏ နောက်တစ်နေ့မှ ၁၄ ရက်အတွင်း လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာရမည်။

(ခ) နိုင်ငံတော်သမ္မတသည် ဥပဒေကြမ်းတစ်ရပ်ကို လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာရန် သတ်မှတ်ထားသည့်ကာလအတွင်း မိမိ၏သဘောထား မှတ်ချက်နှင့်အတူ ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့နိုင်သည်။

(ဂ) နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ်ထုတ်ပြန်ကြေညာရန် သတ်မှတ်ထားသည့်ကာလအတွင်း ဥပဒေကြမ်းကို နိုင်ငံတော်သမ္မတက မိမိ၏သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ခြင်းမပြုလျှင်သော်လည်းကောင်း၊ ဥပဒေကြမ်းကို လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ်ထုတ်ပြန်ကြေညာခြင်းမပြုလျှင်သော်လည်းကောင်း၊ သတ်မှတ်ကာလ ပြည့်မြောက်သည့်နေ့ရက်တွင် ဥပဒေကြမ်းသည် နိုင်ငံတော်သမ္မတ၏လက်မှတ်ရေးထိုးချက်ကို ရရှိပြီးသကဲ့သို့ ဥပဒေဖြစ်လာရမည်။

၂၁။ (က) နိုင်ငံတော်သမ္မတထံပေးပို့ထားသော ဥပဒေကြမ်းကို နိုင်ငံတော်သမ္မတက မိမိ၏သဘောထားမှတ်ချက်များနှင့်အတူ သတ်မှတ်ကာလအတွင်း ပြည်ထောင်စုလွှတ်တော်သို့ပြန်လည်ပေးပို့လျှင် ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်များကို ဆွေးနွေးသုံးသပ်ပြီးနောက် နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်ကို လက်ခံ၍ ဥပဒေကြမ်းကိုပြင်ဆင်ရန် ဆုံးဖြတ်နိုင်သည်။ သို့မဟုတ် နိုင်ငံတော်သမ္မတ၏သဘောထား မှတ်ချက်ကို လက်မခံဘဲ ဥပဒေကြမ်းကို မူလအတိုင်းအတည်ပြုရန် ဆုံးဖြတ်နိုင်သည်။

(ခ) နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်နှင့်အညီ ပြင်ဆင်ထားသောဥပဒေကြမ်း သို့မဟုတ် နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်ကို လက်မခံဘဲ မူလအတိုင်းအတည်ပြုသော ဥပဒေကြမ်းအား ပြည်ထောင်စုလွှတ်တော်၏ဆုံးဖြတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့်အခါ နိုင်ငံတော်သမ္မတသည် ဥပဒေကြမ်းပြန်လည်ရရှိသည့်နေ့၏ နောက်တစ်နေ့မှ ခုနစ်ရက်အတွင်း လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာရမည်။

(ဂ) ပြည်ထောင်စုလွှတ်တော်က ပြန်လည်ပေးပို့သောဥပဒေကြမ်းကို သတ်မှတ်ကာလအတွင်း နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးခြင်း

အချပ်ပို (ဂ) သို့

ပြည်သူ့လွှတ်တော်အစည်းအဝေးတစ်ရပ်၏ ပထမနေ့တွင် ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ ထက်ဝက်ကျော်ဦးရေ တက်ရောက်လျှင် အစည်းအဝေးအထမြောက်သည်၊ အကယ်၍ အထမမြောက်ပါက အစည်းအဝေးကို ရွှေ့ဆိုင်းကျင်းပရမည်

ရန်ကုန် ဇန်နဝါရီ ၁၂

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ၂၀၀၆ ခုနှစ် ဇန်နဝါရီ ၆ရက်တွင်ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့်စပ်လျဉ်း၍ မွန်ပြည်နယ်မှ ဦးမင်းမြင့်မောင်လေး ဖတ်ကြားတင်ပြသည့် အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက် စာတမ်းမှာ အောက်ပါအတိုင်းဖြစ်သည်–

အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက် စာတမ်းကို မွန်ပြည်နယ်မှ ဦးမင်းမြင့်မောင်လေး ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

မိမိအနေနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ဥပဒေပြုရေးအခန်း၌ ပါဝင်မည့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့် မူများအား ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း။

အမျိုးသားညီလာခံက ဥပဒေပြုရေးနှင့်စပ်လျဉ်းသည့် အခြေခံရမည့်မူများ ချမှတ်ရာတွင် "နိုင်ငံတော်၏ ဥပဒေပြုရေးအာဏာကို ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်များအား ခွဲဝေအပ်နှင်းသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများအား နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေက သတ်မှတ်သော ဥပဒေပြုရေးအာဏာကို ခွဲဝေအပ်နှင်းသည်"ဆိုသည့် အခြေခံမူကို ချမှတ်ခဲ့ပြီး ဥပဒေပြုရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်စဉ်က "ပြည်ထောင်စုလွှတ်တော်မှာ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ပါဝင်ကြောင်း" အသေးစိတ်အခြေခံရမည့်မူ ချမှတ်ခဲ့ပါကြောင်း။

ယင်းသို့ချမှတ်ပြီးသည့်မူများအရ ပြည်ထောင်စုလွှတ်တော်၌ ပါဝင်သည့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ကို သီးခြားစီ ဖွဲ့စည်းထားရှိသော်လည်း လွှတ်တော်များ၏ အဓိကလုပ်ငန်းတာဝန်ဖြစ်သည့် ဥပဒေပြုခြင်းလုပ်ငန်းကို ဆောင်ရွက်ကြသည့်အခါတွင် လွှတ်တော်နှစ်ရပ်သည် အပြန်အလှန် ချိတ်ဆက်ဆောင်ရွက်ကြရမှာဖြစ်ပြီး ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်ပုံများသည် အတတ်နိုင်ဆုံး တူညီရန် လိုအပ်သည့်အတွက် ယင်းလွှတ်တော်နှစ်ရပ်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းအပိုင်းကို တစ်ပေါင်းတည်း ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါကြောင်း။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ဥပဒေပြုရေးအခန်း၌ ပါဝင်မည့် ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော်တို့၏ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက ၂၀၀၅ခုနှစ် ဒီဇင်ဘာ ၁၃ရက်မှ ၁၅ရက်နေ့အထိ ကျင်းပခဲ့သည့် အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ ပြည့်ပြည့်စုံစုံ တိတိကျကျ ရှင်းလင်းပြောကြားသွားသည်ကို နားဝယ်စွဲမှတ်ထားရှိခဲ့ပါကြောင်း၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များကို မိမိတို့ အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ သဘာပတိအဖွဲ့ဝင်တွေက ထပ်မံရှင်းလင်းပြောကြားခဲ့သည့်အတွက် ပိုမိုသဘောပေါက် နားလည်ခဲ့ပြီး နိုင်ငံတော်နှင့် နိုင်ငံသားများ၏ ရေရှည်အကျိုးအတွက် စိတ်ကောင်း၊ စေတနာကောင်းများစွာဖြင့် စုစည်းရှင်းလင်းတင်ပြပေးခဲ့သော အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌကြီးနှင့် အထောက်အကူပြု ဥပဒေပညာရှင်များအား အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါကြောင်း။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအတွက် ဥပဒေပြုရေးအခန်း၌ ပါဝင်မည့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများကို အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီး၏ ရှင်းလင်းပြောကြားချက်များအပေါ် အခြေခံ၍ လေ့လာသုံးသပ်ခဲ့ကြရာ အောက်ဖော်ပြပါ လုပ်ငန်းကိစ္စများအတိုင်း အသေးစိတ်အခြေခံရမည့်မူများ ချမှတ်သွားကြရမှာဖြစ်ကြောင်း တွေ့ရှိခဲ့ကြပါကြောင်း။

ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော်တို့၏ သက်တမ်းတစ်ရပ်စတင်သည့် ပထမအကြိမ် ပုံမှန်အစည်းအဝေးကျင်းပရမည့် နေ့ရက်သတ်မှတ်ရေးကိစ္စ၊ ဖွဲ့စည်းပုံအခြေခံဥပဒေအာဏာတည်ပြီးနောက် ကျင်းပသည့် ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော်တို့၏ ပထမအကြိမ် ပုံမှန်အစည်းအဝေးများနှင့် နောက်သက်တမ်းများတွင် ကျင်းပမည့် ပထမအကြိမ် ပုံမှန်အစည်းအဝေးများ ခေါ်ယူကျင်းပရေးကိစ္စ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာ လွှတ်တော်၏ ပထမအကြိမ်ပုံမှန်အစည်းအဝေးတွင် ကတိသစ္စာပြုရေးကိစ္စ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ ပုံမှန်အစည်းအဝေးများကျင်းပရေးကိစ္စ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်အစည်းအဝေးများတွင် အစည်းအဝေးအထမြောက်စေရန် တက်ရောက်ရမည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေသတ်မှတ်ရေးကိစ္စ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က အဆုံးအဖြတ်ပေးရမည့် ကိစ္စများတွင် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များ၏ သဘောထားဆန္ဒ ရယူဆုံးဖြတ်ခြင်းကိစ္စ၊ လွှတ်တော်အစည်းအဝေးများတွင် တက်ရောက်ရန် ပျက်ကွက်သော လွှတ်တော်ကိုယ်စားလှယ်များအား အရေးယူရန်ကိစ္စ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့တွင် လွှတ်တော်ကိုယ်စားလှယ်နေရာအချို့ လစ်လပ်မှုရှိနေသော်လည်း သက်ဆိုင်ရာလွှတ်တော်လုပ်ငန်းများကို ဆောင်ရွက်နိုင်ရေးနှင့် လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ရန် အခွင့်အရေးမရှိသူ တစ်ဦးဦးက အစည်းအဝေးတက်ရောက်ပြီး လွှတ်တော်လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့မှုကြောင့် လွှတ်တော်များ၏ ဆုံးဖြတ်ဆောင်ရွက်ချက်များ ပျက်ပြယ်ခြင်း မရှိစေရေးကိစ္စများ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ ဆောင်ရွက်ချက်များနှင့် မှတ်တမ်းမှတ်ရာများကို အများပြည်သူ သိရှိခွင့်ရရှိရေးကိစ္စများ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့တွင် ဥပဒေကြမ်းစတင်တင်သွင်းရေးကိစ္စများ၊ ဥပဒေတစ်ရပ်က အပ်နှင်းသောလုပ်ပိုင်ခွင့်အရ ပြုလုပ်သော နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေများကို ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်စေခြင်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့အား လုပ်ပိုင်ခွင့် အပ်နှင်းရန်ကိစ္စများ၊ ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော်တို့တွင် ဥပဒေကြမ်းများတင်သွင်းခြင်း၊ အတည်ပြုခြင်းကိစ္စများ၊ ပြည်သူ့လွှတ်တော်က အတည်ပြုသော ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ပေးပို့သည့်အခါနှင့် အမျိုးသားလွှတ်တော်က အတည်ပြုသော ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်သို့ ပေးပို့သည့်အခါများတွင် ဥပဒေကြမ်း လက်ခံရရှိသော လွှတ်တော်၌ ရှိသင့်သော လုပ်ပိုင်ခွင့်ကိစ္စများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသော ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့ဝင်များအနေနှင့် ပြည်သူ့လွှတ်တော်အစည်းအဝေး သို့မဟုတ် အမျိုးသားလွှတ်တော် အစည်းအဝေးများ လွှတ်တော်ကော်မတီ၊ ကော်မရှင်အဖွဲ့နှင့် လွှတ်တော်နှစ်ရပ်တို့၏ ပူးပေါင်းကော်မတီတို့၏ အစည်းအဝေးများတွင် ရှင်းလင်းပြောဆို ဆွေးနွေးခွင့်ကိစ္စများ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကိစ္စ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၏ အခွင့်အရေးများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသော အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြု၍ လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ရန်ခွင့်ပြုခြင်း သို့မဟုတ် ဖိတ်ကြားခြင်းခံရသော အဖွဲ့အစည်းဝင် သို့မဟုတ် ပုဂ္ဂိုလ်၏ အခွင့်အရေးများ၊ လွှတ်တော်က ဖွဲ့စည်းသောကော်မရှင် သို့မဟုတ် အဖွဲ့၏ အဖွဲ့ဝင်များ၏ အခွင့်အရေးကိစ္စများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦး သို့မဟုတ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် တစ်ဦးဦး သို့မဟုတ် လွှတ်တော်တစ်ရပ်ရပ်က ဖွဲ့စည်းသော ကော်မရှင်နှင့် အဖွဲ့များ၏ အဖွဲ့ဝင်တစ်ဦးဦးကို ဥပဒေအရဖမ်းဆီးရန် အကြောင်းပေါ်ပေါက်ပါက ဆောင်ရွက်ရမည့်နည်းလမ်းကိစ္စများ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က သော်လည်းကောင်း၊ ယင်းလွှတ်တော်အသီးသီး၏ အခွင့်အာဏာအရသော် လည်းကောင်း ဖြန့်ချိထုတ်ဝေသော အစီရင်ခံစာများ၊ စာရွက်စာတမ်းများ၊ လွှတ်တော်မှတ်တမ်းများနှင့် စပ်လျဉ်းသော ကိစ္စများ အပါအဝင် အချက်(၁၉)ချက်အပေါ် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများကို မိမိတို့နိုင်ငံတွင် ကျင့်သုံးခဲ့သည့် ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပါ သက်ဆိုင်ရာ ပြဋ္ဌာန်းချက်ဥပဒေပုဒ်မများနှင့် အကြောင်းအချက်အလက်များ၊ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါ သက်ဆိုင်ရာ ပြဋ္ဌာန်းချက်ဥပဒေပုဒ်မများနှင့် အကြောင်းအချက်အလက်များကို ပြည့်စုံစွာ ရည်ညွှန်းဖော်ပြ၍လည်းကောင်း၊ ကမ္ဘာ့နိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေပါ လုပ်ငန်းလုပ်ဆောင်ချက်များကို စေ့စေ့စပ်စပ် သေသေချာချာ လေ့လာ၍လည်းကောင်း၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီးက ပြည့်စုံစွာ ရှင်းလင်းတင်ပြသွားပြီး ဖြစ်ပါကြောင်း။

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌကြီး၏ အကြံပြုရှင်းလင်းတင်ပြသွားသော နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ဥပဒေပြုရေးအခန်း၌ ပါဝင်မည့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းစဉ် (၁၉)ရပ်အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများသည် ဥပဒေအရ ရှေ့နောက်ညီညွတ် ဆက်စပ်မှုရှိခြင်း၊ အကျိုးအကြောင်း ဆီလျော်မှုရှိခြင်း၊ ပြီးပြည့်စုံမှုရှိခြင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ ရေရှည်အကျိုးစီးပွားကို ရှေးရှု၍ အမျိုးသားညီလာခံကြီး၏ ဦးတည်ချက်တစ်ရပ်ဖြစ်သော နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားသုံးပါးနှင့်အညီ အကြံပြုတင်ပြထားခြင်းတို့ကြောင့် မိမိတို့ အမျိုးသားညီလာခံ အလုပ်သမားကိုယ်စားလှယ်

အချပ်ပို (ဃ) သို့

အချပ်ပို (ခ) မှ

မပြုလျှင် သတ်မှတ်ကာလပြည့်မြောက်သည့်နေ့ရက်တွင် ဥပဒေ ကြမ်းသည် နိုင်ငံတော်သမ္မတ၏ လက်မှတ်ရေးထိုးချက်ကို ရရှိပြီးသကဲ့သို့ ဥပဒေဖြစ်လာရမည်။

၂၂။ နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးပြီးသောဥပဒေများ သို့မဟုတ် နိုင်ငံတော်သမ္မတ၏ လက်မှတ်ရေးထိုးချက်ရရှိပြီးသကဲ့သို့ မှတ်ယူရမည်ဖြစ်သော ဥပဒေများကို နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာရမည်။ ထိုဥပဒေတွင် သီးခြားဖော်ပြချက်မပါလျှင် ထုတ်ပြန်ကြေညာသည့်နေ့မှစ၍ အာဏာတည်ရမည်။

၂၃။ ဤဖွဲ့စည်းပုံအခြေခံဥပဒေအရဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသောအဖွဲ့အစည်းဝင်များသည် နာယက၏ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တက်ရောက်သည့် အခါ မိမိအဖွဲ့အစည်းနှင့်သက်ဆိုင်သောဥပဒေကြမ်းများ သို့မဟုတ် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောဆို ဆွေးနွေးခွင့်ရှိသည်။

၂၄။ ပြည်ထောင်စုလွှတ်တော်နာယကသည်–

(က) ပြည်ထောင်စုလွှတ်တော် အစည်းအဝေးများကို ကြီးကြပ်ကွပ်ကဲရမည်။

(ခ) ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားလိုကြောင်း နိုင်ငံတော်သမ္မတက အကြောင်းကြားလျှင် နိုင်ငံတော်သမ္မတအား ဖိတ်ကြားရမည်။

(ဂ) ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၌ ဆွေးနွေးဆောင်ရွက်ဆဲ အကြောင်းအရာတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ လိုအပ်လျှင် ဤဖွဲ့စည်းပုံအခြေခံဥပဒေအရဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်း တစ်ရပ်ရပ်ကို ကိုယ်စားပြုသောအဖွဲ့အစည်းများ သို့မဟုတ် ပုဂ္ဂိုလ်များကို ပြည်ထောင်စုလွှတ်တော်သို့ တက်ရောက်ရှင်းလင်းတင်ပြ စေရန် ဖိတ်ကြားခွင့်ရှိသည်။

(ဃ) ဤဖွဲ့စည်းပုံအခြေခံဥပဒေအရသော်လည်းကောင်း၊ ဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း၊ သတ်မှတ်ထားသည့် အခြားတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရမည်။

၂၅။ ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများသည် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တင်ပြသင့်သော မိမိအဖွဲ့အစည်းနှင့် သက်ဆိုင်သည့် အခြေအနေအရပ်ရပ်ကို နာယက၏ ခွင့်ပြုချက်ဖြင့် တင်ပြနိုင်သည်။

၂၆။ (က) ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း မဆန့်ကျင်လျှင် ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော် ပူးပေါင်းကော်မတီတို့တွင် လွတ်လပ်စွာ ပြောဆိုခွင့်နှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။ ထိုသို့ ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော် ပူးပေါင်းကော်မတီတို့တွင် တင်ပြဆွေးနွေးခြင်း၊ ဆောင်ရွက်ခြင်းတို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်းမပြုရ။

(ခ) ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်ကြားခြင်းခံရသော ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်း တစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များသည် ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် သော်လည်းကောင်း ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များနှင့် သော်လည်းကောင်း မဆန့်ကျင်လျှင် ပြည်ထောင်စုလွှတ်တော်တွင် လွတ်လပ်စွာ ပြောဆိုခွင့်ရှိသည်။ ပြည်ထောင်စုလွှတ်တော်တွင် တင်ပြပြောဆိုမှုများနှင့် စပ်လျဉ်း၍ ယင်းအဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များအား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်း မပြုရ။

(ဂ) အထက်ပိုဒ်ခွဲ(က)နှင့်(ခ)တွင်ပါရှိသော ပုဂ္ဂိုလ်များသည် အထက်ပါ အခွင့်အရေးများကို ကျင့်သုံးကြရာတွင် ကိုယ်ထိလက်ရောက် ကျူးလွန်မှုများရှိခဲ့ပါက ယင်းတို့သည် တည်ဆဲဥပဒေများနှင့်အညီ အရေးယူခြင်းခံရမည်။

၂၇။ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတက်ရောက်နေသော ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကို ဖြစ်စေ၊ ပြည်ထောင်စုလွှတ်တော်နာယက၏ ခွင့်ပြုချက် သို့မဟုတ် ဖိတ်ကြားချက်အရ ယင်းအစည်းအဝေးသို့ တက်ရောက်နေသော ပုဂ္ဂိုလ်တစ်ဦးကို ဖြစ်စေ ဖမ်းဆီးရန် လိုအပ်ပါက ခိုင်လုံသော အထောက်အထားကို ပြည်ထောင်စုလွှတ်တော်နာယကထံ တင်ပြရမည်။ ပြည်ထောင်စုလွှတ်တော်နာယက၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ဖမ်းဆီးခြင်းမပြုရ။

၂၈။ ပြည်ထောင်စုလွှတ်တော်ကသော်လည်းကောင်း၊ ယင်းလွှတ်တော်၏ အခွင့်အာဏာအရသော်လည်းကောင်း ဖြန့်ချိထုတ်ဝေသည့် အစီရင်ခံစာများ၊ စာရွက်စာတမ်းများ၊ လွှတ်တော်မှတ်တမ်းများနှင့် စပ်လျဉ်း၍ တရားစွဲဆိုပိုင်ခွင့် မရှိစေရ။

ဟု အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်ရန် လျော်ကန်သင့်မြတ်ပါကြောင်း အမျိုးသားညီလာခံ အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့က တင်ပြလိုက်ပါကြောင်းဖြင့် ဖတ်ကြားတင်ပြသည်။ **(သတင်းစဉ်)**

အစည်းအဝေးအထမမြောက်သည့်အတွက် ရွှေ့ဆိုင်းကျင်းပသော အစည်းအဝေးနှင့် အစည်းအဝေးအထမြောက်ပြီးနောက် ဆက်လက်ကျင်းပသော အစည်းအဝေးများတွင် ပြည်သူ့လွှတ်တော်အစည်းအဝေးတက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေအနက် အနည်းဆုံး သုံးပုံတစ်ပုံတက်လျှင် အစည်းအဝေးများ အထမြောက်သည်

အချပ်ပို (ဂ) မှ

အစုအဖွဲ့ဝင် အားလုံးတို့က တညီတညွတ်တည်း သဘောတူလက်ခံကြပါသဖြင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီး ရှင်းလင်းတင်ပြခဲ့သော အောက်ဖော်ပြပါ အသေးစိတ်အခြေခံရမည့်မူများကို ချမှတ်ရန်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

၁။ (က) **ပြည်သူ့လွှတ်တော်၏ သက်တမ်းတစ်ရပ် စတင်သော ပထမအကြိမ် ပုံမှန်အစည်းအဝေးကို အထွေထွေရွေးကောက်ပွဲ စတင်ကျင်းပသည့် နေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း ကျင်းပရမည်။**

(ခ) (၁) အမျိုးသားလွှတ်တော် သက်တမ်းစတင်သည့် နေ့ရက်သည် ပြည်သူ့ လွှတ်တော်သက်တမ်း စတင်သည့် နေ့ရက်ဖြစ်သည်။

(၂) **အမျိုးသားလွှတ်တော်၏ ပထမအကြိမ် ပုံမှန် အစည်းအဝေးကို** ယင်းလွှတ်တော်၏ သက်တမ်းစတင်သည့်နေ့မှ ခုနစ်ရက် အတွင်း ကျင်းပရမည်။

၂။ (က) (၁) ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်ပြီးနောက် ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်း အဝေးကို နိုင်ငံတော် **အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ခေါ်ယူကျင်းပရမည်။**

(၂) ပြည်သူ့လွှတ်တော်၏ နောင်သက်တမ်းများအတွက် ပထမအကြိမ် ပုံမှန်အစည်းအဝေးများကို ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ တာဝန်ဆက်လက် ထမ်းဆောင်လျက် **ရှိသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူကျင်းပရမည်။**

(ခ) (၁) ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်ပြီးနောက် ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးကို နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ခေါ်ယူကျင်းပရမည်။

(၂) **အမျိုးသားလွှတ်တော်၏ နောင်သက်တမ်းများအတွက် ပထမ** အကြိမ် ပုံမှန်အစည်းအဝေးများကို ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ တာဝန် ဆက်လက်ထမ်းဆောင်လျက်ရှိသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူကျင်းပရမည်”

၃။ (က) (၁) **ပထမအကြိမ်ကျင်းပသော ပြည်သူ့လွှတ်တော် ပုံမှန်အစည်း** အဝေးတွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များသည် ပြည်သူ့လွှတ်တော် သဘာပတိရှေ့မှောက်၌ ကတိသစ္စာပြုရမည်။

(၂) ကတိသစ္စာမပြုရသေးသော ပြည်သူ့လွှတ်တော် ကိုယ်စား **လှယ်များသည် စတင်တက်ရောက်သော ပြည်သူ့လွှတ်တော်** အစည်းအဝေးတွင် လွှတ်တော် ဥက္ကဋ္ဌရှေ့မှောက်၌ ကတိသစ္စာပြုရမည်။

(ခ) (၁) ပထမအကြိမ်ကျင်းပသော အမျိုးသားလွှတ်တော် ပုံမှန်အစည်း အဝေးတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များသည် **အမျိုးသားလွှတ်တော် သဘာပတိရှေ့မှောက်၌ ကတိသစ္စာပြုရမည်။**

(၂) ကတိသစ္စာမပြုရသေးသော အမျိုးသားလွှတ်တော် ကိုယ်စား လှယ်များသည် စတင်တက်ရောက်သော အမျိုးသားလွှတ်တော် အစည်းအဝေးတွင် လွှတ်တော်ဥက္ကဋ္ဌရှေ့မှောက်၌ ကတိသစ္စာပြုရမည်”

၄။ (က) **ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးကို ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် ခေါ်ယူကျင်းပရမည်။ ပုံမှန်အစည်းအဝေး တစ်ကြိမ်နှင့် တစ်ကြိမ်အကြား အရှည်ကြာဆုံး** ကာလသည် ၁၂လထက် မပိုစေရ။

(ခ) အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးကို အမျိုးသား **လွှတ်တော်ဥက္ကဋ္ဌက တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် ခေါ်ယူ** ကျင်းပရမည်။ ပုံမှန်အစည်းအဝေး တစ်ကြိမ်နှင့် တစ်ကြိမ်အကြား အရှည်ကြာဆုံး ကာလသည်၁၂လထက် မပိုစေရ”

၅။ (က) ပြည်သူ့လွှတ်တော်အစည်းအဝေး၌ အောက်ပါကိစ္စရပ်များကို ဆောင်ရွက်သည်–

(၁) နိုင်ငံတော်သမ္မတ ပြောကြားသည့်မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း၊

(၂) နိုင်ငံတော်သမ္မတက ပေးပို့သောသဝဏ်လွှာနှင့် ဥက္ကဋ္ဌက ခွင့်ပြုသော အခြားသဝဏ်လွှာများကို ဖတ်ကြားခြင်း၊ မှတ်တမ်းတင်ခြင်း၊

(၃) ဥပဒေကြမ်းတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(၄) ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ ပြည်သူ့ လွှတ်တော်က ဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(၅) ပြည်သူ့လွှတ်တော်သို့ တင်သွင်းသည့် အစီရင်ခံစာများကို ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊ မှတ်တမ်းတင်ခြင်း၊

(၆) အဆိုတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(၇) မေးခွန်းမေးမြန်းခြင်း၊ ဖြေကြားခြင်း၊

(၈) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ခွင့်ပြုသည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ခြင်း။

(ခ) အမျိုးသားလွှတ်တော်အစည်းအဝေး၌ အောက်ပါကိစ္စရပ်များ ဆောင်ရွက်သည်–

(၁) နိုင်ငံတော်သမ္မတ ပြောကြားသည့် မိန့်ခွန်းကို မှတ်တမ်း တင်ခြင်း၊

(၂) နိုင်ငံတော်သမ္မတက ပေးပို့သောသဝဏ်လွှာနှင့် ဥက္ကဋ္ဌက ခွင့်ပြုသော အခြားသဝဏ်လွှာများကို ဖတ်ကြားခြင်း၊ မှတ်တမ်းတင်ခြင်း၊

(၃) ဥပဒေကြမ်းတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(၄) ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ **အမျိုးသားလွှတ်တော်က ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်** စပ်လျဉ်း၍ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(၅) အမျိုးသားလွှတ်တော်သို့ တင်သွင်းသည့် အစီရင်ခံစာများကို ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊ မှတ်တမ်းတင်ခြင်း၊

(၆) အဆိုတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(၇) မေးခွန်းမေးမြန်းခြင်း၊ ဖြေကြားခြင်း၊

(၈) အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ခွင့်ပြုသည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ခြင်း”

၆။ (က) (၁) ပြည်သူ့လွှတ်တော် အစည်းအဝေးတစ်ရပ်၏ ပထမနေ့တွင် ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့် ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေ၏ **ထက်ဝက်ကျော်ဦးရေ တက်ရောက်လျှင် ယင်းအစည်းအဝေး** အထမြောက်သည်။ အကယ်၍ အထမမြောက်ပါက အစည်း အဝေးကို ရွှေ့ဆိုင်းကျင်းပရမည်။

(၂) အပိုဒ်ခွဲငယ်(၁)အရ အစည်းအဝေး အထမမြောက်သည့် အတွက် ရွှေ့ဆိုင်းကျင်းပသော အစည်းအဝေးများနှင့် အစည်းအဝေး အထမြောက်ပြီးနောက် ဆက်လက်ကျင်းပ သော အစည်းအဝေးများတွင် ပြည်သူ့လွှတ်တော် အစည်း အဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ဦးရေအနက် အနည်းဆုံး သုံးပုံတစ်ပုံ တက်ရောက် လျှင် ယင်းအစည်းအဝေးများ အထမြောက်သည်။

(ခ) (၁) **အမျိုးသားလွှတ်တော် အစည်းအဝေးတစ်ရပ်၏ ပထမနေ့ တွင် အမျိုးသားလွှတ်တော် အစည်းအဝေးသို့ တက်ရောက်** ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေ၏ ထက်ဝက်ကျော်ဦးရေ တက်ရောက်လျှင် ယင်းအစည်းအဝေး

ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်ပြီးနောက် ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ခေါ်ယူကျင်းပရမည်

အထမြောက်သည်။ အကယ်၍ အထမမြောက်ပါက အစည်း အဝေးကို ရွှေ့ဆိုင်းကျင်းပရမည်။

(၂) အပိုဒ်ခွဲငယ်(၁)အရ အစည်းအဝေး အထမမြောက်သည့် အတွက် ရွှေ့ဆိုင်းကျင်းပသော အစည်းအဝေးများနှင့် အစည်းအဝေး အထမြောက်ပြီးနောက် ဆက်လက်ကျင်းပ သော အစည်းအဝေးများတွင် အမျိုးသားလွှတ်တော် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော် ကိုယ်စားလှယ် စုစုပေါင်းဦးရေအနက် အနည်းဆုံး သုံးပုံ တစ်ပုံ တက်ရောက်လျှင် ယင်းအစည်းအဝေးများ အထ မြောက်သည်။

၇။ (က) (၁) ပြည်သူ့လွှတ်တော်တွင် **အဆုံးအဖြတ်ပြုရမည့် အကြောင်း အရာတစ်ရပ်နှင့်စပ်လျဉ်း၍ မဲခွဲဆုံးဖြတ်ရာ၌ ဤဖွဲ့စည်းပုံ** အခြေခံဥပဒေတွင် အခြားနည်း ပြဋ္ဌာန်းထားခြင်းမရှိလျှင် အစည်းအဝေးသို့ တက်ရောက်၍ ဆန္ဒမဲပေးသည့် ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ် ရမည်။

(၂) ပြည်သူ့လွှတ်တော်အစည်းအဝေးများတွင် မဲခွဲဆုံးဖြတ်သည့် **ကိစ္စများ၌ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌ** တာဝန်ထမ်းဆောင်နေသည့် ဒုတိယဥက္ကဋ္ဌသည် ဆန္ဒမဲ မပေးရ။ ထောက်ခံဆန္ဒမဲနှင့် ကန့်ကွက်ဆန္ဒမဲ အရေအတွက် ချင်းတူညီနေသည့် ကိစ္စရပ်တွင်သာ အနိုင်မဲပေးရမည်။

(ခ) (၁) အမျိုးသားလွှတ်တော်တွင် အဆုံးအဖြတ်ပြုရမည့် အကြောင်း **အရာ တစ်ရပ်နှင့်စပ်လျဉ်း၍ မဲခွဲဆုံးဖြတ်ရာ၌ ဤဖွဲ့စည်းပုံ** အခြေခံဥပဒေတွင် အခြားနည်းပြဋ္ဌာန်းထားခြင်းမရှိလျှင် အစည်းအဝေးသို့ တက်ရောက်၍ ဆန္ဒမဲပေးသည့် အမျိုးသား လွှတ်တာ် ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ် ရမည်။

(၂) အမျိုးသားလွှတ်တော် အစည်းအဝေးများတွင် မဲခွဲဆုံးဖြတ် **သည့် ကိစ္စများ၌ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌတာဝန် ထမ်းဆောင်နေသည့် ဒုတိယဥက္ကဋ္ဌသည်** ဆန္ဒမဲမပေးရ။ ထောက်ခံဆန္ဒမဲနှင့် ကန့်ကွက်ဆန္ဒမဲ အရေအတွက်ချင်းတူညီနေသည့် ကိစ္စရပ်တွင်သာ အနိုင်မဲ ပေးရမည်။

၈။ (က) (၁) ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ဦးသည် ပြည်သူ့ လွှတ်တော် အစည်းအဝေးတစ်ရပ်တွင် ပြည်သူ့ လွှတ်တော်၏ ခွင့်ပြုချက်မရဘဲ အစည်းအဝေးတက်ရောက်ရန် အနည်း **ဆုံး ရက်ပေါင်း ၁၅ရက် တစ်ဆက်တည်း ပျက်ကွက်လျှင်** သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ထိုပြည်သူ့ လွှတ်တော် ကိုယ်စားလှယ်၏ နေရာလစ်လပ်သည်ဟု ပြည်သူ့လွှတ်တော်က ကြေညာနိုင်သည်။ ပြည်သူ့ လွှတ်တော် အစည်းအဝေးတက်ရောက်ရန် ခွင့်မဲ့ပျက်ကွက် သည့် ရက်ပေါင်း ၁၅ရက်ကို ရေတွက်ရာ၌ အစည်းအဝေး **ရွှေ့ဆိုင်းထားသည့်ကာလကို ထည့်သွင်းရေတွက်ခြင်းမပြုရ။**

(၂) **ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တက်ရောက်** ရမည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ဦးသည် ပြည်ထောင်စု လွှတ်တော် အစည်းအဝေးတစ်ရပ်တွင် လွှတ်တော်၏ ခွင့်ပြုချက်မရဘဲ အစည်းအဝေး တက်ရောက် ရန် ရက်ပေါင်း ၁၅ရက် တစ်ဆက်တည်း ပျက်ကွက်ကြောင်း ပြည်ထောင်စု လွှတ်တော်နာယကထံမှ အကြောင်းကြား ချက်ရရှိလျှင် ပြည်သူ့လွှတ်တော်က ယင်းလွှတ်တော် ကိုယ်စားလှယ်အား သတ်မှတ်ထားသည့် နည်းလမ်းများနှင့် အညီ အရေးယူရမည်။

(ခ) (၁) အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးသည် **အမျိုးသားလွှတ်တော် အစည်းအဝေးတစ်ရပ်တွင် အမျိုးသား လွှတ်တော်၏ ခွင့်ပြုချက်မရဘဲ အစည်းအဝေးတက်ရောက်** ရန် အနည်းဆုံး ရက်ပေါင်း၁၅ရက် တစ်ဆက်တည်း ပျက်ကွက်လျှင် သတ်မှတ်ထားသည့်နည်းလမ်းများနှင့်အညီ ထို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၏ နေရာလစ်လပ် သည်ဟု အမျိုးသားလွှတ်တော်က ကြေညာနိုင်သည်။ အမျိုးသားလွှတ်တော် အစည်းအဝေးတက်ရောက်ရန် ခွင့်မဲ့ ပျက်ကွက်သည့် ရက်ပေါင်း ၁၅ ရက်ကို ရေတွက်ရာ၌ အစည်းအဝေး ရွှေ့ဆိုင်းထားသည့်ကာလကို ထည့်သွင်း ရေတွက်ခြင်း မပြုရ။

(၂) ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တက်ရောက် **ရမည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးသည်** ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတစ်ရပ်တွင် လွှတ်တော်၏ ခွင့်ပြုချက်မရဘဲ အစည်းအဝေးတက်ရောက် ရန် ရက်ပေါင်း၁၅ရက် တစ်ဆက်တည်းပျက်ကွက်ကြောင်း ပြည်ထောင်စုလွှတ်တော် နာယကထံမှ အကြောင်းကြား ချက်ရရှိလျှင် အမျိုးသားလွှတ်တော်က ယင်းလွှတ်တော် **ကိုယ်စားလှယ်အား သတ်မှတ်ထားသည့် နည်းလမ်းများနှင့်** အညီ အရေးယူရမည်။

၉။ (က) ပြည်သူ့လွှတ်တော်သည် လွှတ်တော်ကိုယ်စားလှယ်နေရာ **အချို့ လစ်လပ်နေစေကာမူ ပြည်သူ့လွှတ်တော်လုပ်ငန်းများကို** ဆောင်ရွက်ခွင့်ရှိသည်။ ထို့အပြင် အခွင့်အရေးမရှိသူ တစ်ဦးက ပြည်သူ့လွှတ်တော် အစည်းအဝေးသို့ တက်ရောက်ခြင်း၊ ဆန္ဒမဲ **ပေးခြင်း သို့မဟုတ် လွှတ်တော်လုပ်ငန်းတစ်ရပ်ရပ်တွင် ပါဝင် ဆောင်ရွက်ခဲ့ခြင်းကို နောင်အခါတွင်မှ စစ်ဆေးတွေ့ရှိစေကာမူ** ပြည်သူ့လွှတ်တော်၏ ဆုံးဖြတ်ဆောင်ရွက်ချက်များသည် ပျက်ပြယ်ခြင်း မရှိစေရ။

(ခ) အမျိုးသားလွှတ်တော်သည် လွှတ်တော်ကိုယ်စားလှယ် နေရာအချို့ လစ်လပ်နေစေကာမူ အမျိုးသားလွှတ်တော် လုပ်ငန်းများကို **ဆောင်ရွက်ခွင့်ရှိသည်။ ထို့အပြင် အခွင့်အရေးမရှိသူ တစ်ဦးက** အမျိုးသားလွှတ်တော် အစည်းအဝေးသို့ တက်ရောက်ခြင်း၊ ဆန္ဒမဲပေးခြင်း သို့မဟုတ် လွှတ်တော်လုပ်ငန်း တစ်ရပ်ရပ်တွင် **ပါဝင်ဆောင်ရွက်ခဲ့ခြင်းကို နောင်အခါတွင်မှ စစ်ဆေးတွေ့ရှိ** စေကာမူ အမျိုးသားလွှတ်တော်၏ ဆုံးဖြတ်ဆောင်ရွက်ချက်များ သည် ပျက်ပြယ်ခြင်းမရှိစေရ။

၁၀။ (က) **ပြည်သူ့လွှတ်တော်၏ ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ရမည်။ သို့ရာတွင် ဥပဒေ** တစ်ရပ်ရပ်အရဖြစ်စေ၊ ပြည်သူ့လွှတ်တော်၏ ဆုံးဖြတ်ချက်အရ ဖြစ်စေ တားမြစ်ထားသည့် ဆောင်ရွက်ချက်များနှင့် မှတ်တမ်း များကို ထုတ်ပြန်ခြင်းမပြုရ။

(ခ) အမျိုးသားလွှတ်တော်၏ ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို **အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ရမည်။ သို့ရာတွင် ဥပဒေ** တစ်ရပ်ရပ်အရဖြစ်စေ၊ အမျိုးသားလွှတ်တော်၏ ဆုံးဖြတ်ချက်အရ **ဖြစ်စေ တားမြစ်ထားသည့် ဆောင်ရွက်ချက်များနှင့် မှတ်တမ်း** များကို ထုတ်ပြန်ခြင်းမပြုရ။

စသည်ဖြင့် ဖတ်ကြားတင်ပြသည်။

(သတင်းစဉ်)